ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

# ဓမ္မဝီရဂျာနယ်

Dhamma Vira Journal

ဓမ္မဝီရ
ရသအမှန် တရားမှန်သာ
အာရုံခံပြည့်ဝ နှလုံးလှ၍
ဘဝအနေ၊ အလုဝေလျက်
အနေလည်းတတ်
အသေမြတ်အောင်
မချွတ်ဆောက်ပုံ၊ ကူညီအုံး
ခော်နောင်

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ( ၃ )ရက် | အတွဲ ( ၁၅ )၊ အမှတ် ( ၁၀ ) | ၂၀၀၉ ခုနှစ်၊ မေလ ( ၂၆ ) ရက်

## တကယ်တမ်း သစ္စာထိုက်ရန် လိုအပ်ချက်

ဦးရွှေအောင်



### ဘဝအမြင်သစ်မှ

### တကယ်တမ်း သစ္စာထိုက်ရန် လိုအပ်ချက်

**မုသာဝါဒါ ဝေရမဏီ-** မုသားပြောခြင်းမှ ရှောင်ကြဉ်ပါ၏ဟူရာ၌ မုသားဟူသည်မှာ မဟုတ်မမှန်သော အရာဝတ္ထုကို ပြောဆိုသော စကားဖြစ်၏။ အရာဝတ္ထုက ဟုတ်မှန်ပါလျက် မဟုတ်ဟု ပြောဆိုသောစကားသည်လည်းကောင်း၊ အရာဝတ္ထုက မဟုတ်မမှန်ပါလျက် ဟုတ်မှန်သည်ဟု ပြောဆိုသော စကားသည်လည်းကောင်း မုသားဖြစ်၏။ စာပေကျမ်းဂန်အရ မုသားသည် ကိုယ်နှင့်နှုတ်ဖြင့် မဟုတ်မမှန် သိစေခြင်းဖြစ်၏။ သို့ရာတွင် သစ္စာထိုက်အောင် ပြောဆိုရာ၌ကား စေတနာသည် အရေးကြီး၏။ ထို့ကြောင့် တကယ်တမ်း မုသားမှ လွတ်ကင်းပြီး သစ္စာထိုက်အောင်ဆိုသော စကားသည်ကား မနောကံ၌ အခြေတည်မှုဖြစ်မည် ဖြစ်၏။ ကာယကံနှင့် ဝစီကံတို့မျှလောက်ဖြင့် မလုံလောက်။

တကယ်တမ်း သစ္စာထိုက်အောင်ဆိုလျှင် ကာယကံ၊ ဝစီကံနှင့် မနောကံတို့ တစ်ဖြောင့်တည်း ကျဖို့လို၏။ တစ်ဖြောင့်တည်း ကျခြင်းမှာလည်း နှစ်မျိုးရှိ၏။ တစ်မျိုးသော တစ်ဖြောင့်တည်းကျခြင်းမှာ **"သာဝယဝ"** ဖြစ်၍ အခြားတစ်မျိုးသော တစ်ဖြောင့်တည်းကျခြင်းမှာ **"နိရဝယဝ"** ဖြစ်၏။ "သာဝယဝ"သဘောအရ တစ်ဖြောင့်တည်းကျခြင်း မှာ ကာယကံ၊ ဝစီကံနှင့် မနောကံတို့သည် အချင်းချင်း ရောနှောရုံသဘောမျှ ရှိခြင်းဖြစ်၏။ ကာယကံကလည်း ကာယကံ သတ်သတ်၊ ဝစီကံကလည်း ဝစီကံ သတ်သတ်၊ မနောကံကလည်း မနောကံသတ်သတ်။ သူတို့ချင်း ရောနှောတော့ ရောနှော၏။ သို့ရာတွင် တစ်သားတည်း ဖြစ်အောင်တော့ မပေါင်း။ "သာဝယဝ" ၏ အနက်မှာလည်း အစိတ်စိတ်အနေဖြင့် ရှိခြင်းပင်ဖြစ်၏။ "နိရဝယဝ"၏အနက်မှာကား အစိတ်အစိတ်အနေဖြင့် မရှိခြင်းဟူ၍ဖြစ်ရာ၊ "နိရဝယဝ" သဘောအရ တစ်ဖြောင့်တည်းကျပါက ကာယကံ၊ ဝစီကံနှင့် မနောကံတို့သည် အချင်းချင်း ရောနှောရုံအဆင့်ကို ကျော်လွန်ကာ တစ်သားတည်း ကျခြင်းအဆင့်သို့ရောက်လေ၏။

စာမျက်နှာ ၁၄ သို့

### ပန်းတရားတော်

၁။ သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်ကို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်။ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု၊ ပြုမပြုကို မကြည့်မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု၊ ပြုမပြုကိုသာလျှင် ကြည့်ဆင်ခြင်ရာ၏။

၂။ စနကြူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက် လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ ကြိုင်လှိုင်၏။

### ရဟန္တာ

တရားကို ကောင်းစွာသိသဖြင့် ကိလေသာမှ ကင်းလွတ်၊ ရာဂစသည့် အပူငြိမ်း လောကဓံ တရားရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း မတုန်လှုပ်သောပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်၏။ အပြောအဆိုလည်း ငြိမ်းသက်၏၊ အပြုအမူလည်း ငြိမ်သက်၏။

### ပညာရှိ

ပညာရှိမည်သည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မကောင်းမှုကိုမပြု။ ယုတ်မာသောအကျင့်ဖြင့် သားသမီး၊ ပစ္စည်း ဥစ္စာ၊ တိုင်းပြည်စည်းစိမ်ကို အလိုမရှိရာ။ မတရားသဖြင့် မိမိ၏ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကို အလိုမရှိရာ။ သီလရှိသောသူ၊ ပညာရှိသောသူ၊ တရားရှိသောသူဖြစ်ရာ၏။

### တစ်ထောင်ခန်း

(ကိလေသာ စိတ်တို့ဖြင့်သာ အချိန်ကုန် ) ပေါ့တန်ပြင်းရိ လုံ့လမရှိသောသူ၏ အနှစ်တစ်ရာ ပတ်လုံးအသက်ရှင်ခြင်းထက် ကိလေသာကင်းကြောင်း ကောင်းစွာအားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှင်ခြင်းသည် သာ မြတ်၏။

အဂ္ဂမဟာပဏ္ဍိတ-ပထမကျော်
အသျှင်သေဋ္ဌိလ၏
ဓမ္မပဒပါဠိတော်(မြန်မာပြန်)မှ

DISPLAY & MAKE-UP BY KHIN MAUNG MOE, TAUNGGYI

အင်္ဂါနေ့တိုင်း ထုတ်ဝေသည်

ဓမ္မဝီရဂျာနယ်
Dhammavira Journal

## ဗုဒ္ဓေါဗောဓေယျ

သစ္စာတရားကိုငါသိသလို၊ ဝေနေယျတို့သိစေရမည်

## မုတ္တောမောစေယျ

ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို ဝေနေယျတို့ လွတ်စေရမည်

## တိဏ္ဏောတာရေယျ

သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို ဝေနေယျတို့ ကူးမြောက်စေနိုင်ရမည်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း၊ ပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

**Address**

***Hlaing Kyi Phyu Dhamma Vira Publishing House***
***Head Office: Blk (1), Rm(R6), Myanmar Info-Tech,***
***Hlaing Ts, Yangon.***
***Branch Office: No. 50, 2nd Fl. Bank St, Kyauktada Ts, Yangon.***
***Ph: 0980 23992 , 0950 01401***
***e-Mail - dhammavira@gmail.com***

## ဓမ္မဝီရဂျာနယ်

**ဩဝါဒါစရိယဆရာတော်များ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ
ဒုတိယပါမောက္ခချုပ်ဆရာတော်(စီမံ)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက(M.A)
ဒုတိယပါမောက္ခချုပ်ဆရာတော်(ပညာ)
အဘိဓမ္မာပိဋကမဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထေရိန္ဒ(M.A)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(M.A)
သုတ္တန္တပိဋကတ်မဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန(M.A)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

**စာတည်းချုပ်**

မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

**စာတည်းအဖွဲ့ !** ပြည်စိုး၊ ဓမ္မထက်ကို

**စီမံရေးရာ၊** ဖြိုးမာမာ

**ထုတ် ဝေ သူ**

တင်စိုး(မြဲ -၀၄၂၆၆) လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်

**အပြင်အဆင် ကွန်ပျူတာ**

မိုးကြီး၊ ဖြိုးဖြိုးဇာခြည်၊ မြတ်နိုးပိုင်

**ဖြန့်ချိရေး**

လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်
ဖုန်း- ၀၉၈၀ ၂၃၉၉၂၊ ၀၉၅၀ ၀၁၄၀၁၊ ၀၁-၅၀၇၂၀၈
မိုးကောင်းကင်စာပေ၊
အမှတ်(၁၃၄)၊ အခန်း(၆)၊ ၃၆-လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၃၂၅၅
ထွန်းဦးစာပေ(မန္တလေး) ဖုန်း ၀၂-၃၉၈၀၁

**ပုံနှိပ်**

တင်အောင်ဝင်း၊ ဘိုးရာဇာပုံနှိပ်တိုက်
အမှတ်(၁၆၂)၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်။

**ဖလင်**

Empire Colour Repro

**ယခုအပတ် ဖတ်စရာ**
**ကဏ္ဍ**

| ကလောင်ရှင်များ | စာမျက်နှာ |
|---|---|
| - လယ်တီဆရာတော်ဘုရား - - - | ၂၀ |
| - အရှင်ဇနကာဘိဝံသ - - - - - | ၃၃ |
| - ပခုက္ကူဆရာတော် - - - - - - | ၁၇ |
| - အယ်ဒီတာအာဘော် - - - - | ၃ |
| - ဦးသီလာစာရ - - - - - - - | ၅ |
| - မုံရွာနေဇာ - - - - - - | ၄ |
| - ရှင်ဉာဏ(ဖျာပုံ) - - - - - - - | ၆ |
| - အရှင်ကောဝိဒဓဇ - - - - - - | ၁၉ |
| - အရှင်သီလာစာရ(ပဲခူး) - - - - | ၂၆ |
| - ဦးစန္ဒာသီရိ - - - - - - - - | ၅ |
| - သတင်း - - - - - - - - - - - | ၈ |
| - ဦးရွှေအောင် - - - - - - - - | ၁ |
| - တက္ကသိုလ်သျှင်သီရိ - - - - - - | ၇ |
| - ဟံသာဝတီ ဦးအုန်းကြိုင် - - - - | ၁၀ |
| - ငြိမ်းချမ်းဦး - - - - - - - - - | ၁၁ |
| - မြတ်ဝေ(ရွှေပြည်သာ)- - - - - | ၁၃ |
| - ဓမ္မဝီရ-သန္တာ - - - - - - - - | ၄၀ |
| - ကြည်လွင် - - - - - - - - - | ၃၇ |
| - သီတာဦး(မြန်မာစာ) - - - - - | ၁၂ |
| - မင်းဖေမြင့်(မုဒုံ) - - - - - - - | ၃၁ |
| - ထွန်းတင့်အောင် - - - - - - - | ၂၉ |
| - ဇော်နောင် - - - - - - - - - | ၃၉ |
| - မြင့်သိန်း(မော်ကျွန်း) - - - - - | ၂၆ |
| - တက္ကသိုလ်လှမောင် - - - - - - | ၃၄ |
| - ခင်သူဇာမြင့် - - - - - - - - | ၃၆ |
| - ဗိုလ်သောင်း-ဒေဝ - - - - - - | ၃၆ |
| - ဒေဝ- ဝင်းလွင် - - - - - - - | ၃၂ |
| - နိုင်ခင်ရွှေ(ဒေဝ) - - - - - - - | ၉ |

တို့၏အထူးဆောင်းပါး၊ သတင်းနှင့် ကဗျာများ။

ရာစုသစ်၏ စိန်ခေါ်မှုမျိုးစုံကို
ငြိမ်းချမ်းသောစိတ်
ရဲရင့်တည်ကြည်သော
လောကအမြင်ဖြင့်
ဘဝကို ရင်ဆိုင်လျက်
အောင်မြင်စွာဖြတ်သန်းနိုင်ကြဖို့
ဓမ္မဝီရဂျာနယ်
ဖတ်ကြစို့

# အယ်ဒီတာအာဘော်

## သန္ဓေကန်း၊ ဉာဏ်ကန်း၊ ဘဝမှလွတ်မြောက်အောင် ပါရမီဖြည့်ဆည်းကြပါ

ဗုဒ္ဓသည် ပုထုဇဉ်လူသားများနှင့် ပတ်သက်၍ နှစ်ဖက်ကန်းပုထုဇဉ်၊ ကလျာဏ ပုထုဇဉ်၊ သူတော်ကောင်းသဘောဆောင်သော နှစ်ဖက်မြင်ပုထုဇဉ်ဟူ၍ ဟောကြားခဲ့သည်။

ဤသတ္တလောကကြီးထဲတွင် အချို့သတ္တဝါတို့မှာ ကိလေသာမြူမှုန်တို့ဖြင့် ပိတ်ဆို့ခံရ သော မျက်စိရှိကြသည်။ အချို့သတ္တဝါတို့မှာ ကိလေသာမြူမှုန်တို့ဖြင့် ပါးပါးလွှာလွှာပိတ်ဆို့ခံရ သော မျက်စိရှိကြသည်။

ဗုဒ္ဓကိုယ်တော်တိုင်က **အန္ဓီဘူတော အယံလောကော- ဤလောကကြီးသည် အကန်းအတိပြီးနေသည်**ဟု ဟောကြားခဲ့ရုံမက ပကတိရုပ်မျက်စိ၊ ဉာဏ်မျက်စိ၊ (စိတ်မျက်စိ)တို့၌ ကိလေသာထူပိန်း, နေသော သတ္တဝါနှင့် ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ မျက်စိတို့၌ ကိလေသာ ပါးပါးလွှာလွှာ ဖုံးလွှမ်းလျက်ရှိနေသော သတ္တဝါ ဟူ၍ နှစ်မျိုးရှိကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓစာပေတွင် မျက်စိ (ရုပ်ပိုင်းဆိုင်ရာ ပကတိမျက်စိနှင့် ပတ်သက်၍ ကန်းပုံ (၂)မျိုး ဖော်ပြထားသည်ကို တွေ့ရပါသည်။

တစ်မျိုးမှာ ကာဏ=တစ်ဖက်ကန်းနှင့် -အန္ဓ- နှစ်ဖက်ကန်းဟူ၍ ဖြစ်ပါသည်။

ဗုဒ္ဓ၏ နှစ်ဖက်ကန်းဆိုလိုချက်မှာ ပကတိမျက်စိရော ဉာဏ်မျက်စိပါ ကန်းနေခြင်းကို ဆိုလိုပါသည်။ ဉာဏ်မျက်စိကန်းခြင်းမှာ ပဋိသန္ဓေ ကန်းခြင်းနှင့် သက်ဆိုင်နေပါသည်။ ဉာဏ် မျက်စိ၊ ပဋိသန္ဓေကန်းခြင်းမှာ ရုပ်ပိုင်းပကတိမျက်စိကန်းခြင်းထက် ပိုမိုဆိုးဝါးကြောင်း သံသရာပေတံနှင့် တိုင်းလိုက်ပါက ပို၍ ပေါ်လွင်နေတတ်ပါသည်။

သန္ဓေကန်း ဉာဏ်ကန်းတို့၏ ဘဝ တည်ဆောက်ပုံမှာ အမိုက်အတိပြီးကြောင်း၊ ဘဝ တစ်ခုကို တည်ဆောက်နေခြင်းမဟုတ်ဘဲ ဖျက်ဆီးနေခြင်းမျှသာဖြစ်ကြောင်း ဗုဒ္ဓဒေသနာတော်အရ သိသာလှပါသည်။

သန္ဓေကန်း ဉာဏ်ကန်းတို့၏ ဆန္ဒလိုအင်မှာ ဘဝကို ကန်းစေ ကွယ်စေအောင် ဖျက်ဆီးစေတတ်သော လောဘ၊ ဒေါသ၊ မောဟ၊ ဣဿ၊ မစ္ဆရိယ စသော တရားတို့၏ အယူအဆ ပိုင်းဆိုင်ရာများ ခြင်းအရာများနှင့် ပြည့်နှက်လျက်ရှိသည်ကို ဆိုလိုသည်။

ထိုအကန်းစိတ်များ လွှမ်းမိုးခံရသူများအဖို့ မိုးမှောင်၊ ညဥ့်နက်သန်းကောင်လကွယ် တောအုပ်လယ်ထက် ပိုကဲတက်လျက် အဆိုးအမိုက်အကန်းကမ္ဘာမှ တက်နိုင်ဖွယ်ရာ အခွင့်အလမ်းရှိကြမည်မဟုတ်ပေ။

ထိုသန္ဓေကန်း ဉာဏ်ကန်းတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အားလုံးတို့မှာ အကန်းဘဝ ဖန်တီးခြင်းသာဖြစ်နေပါသည်။

ဗုဒ္ဓအဘိဓမ္မာအရ သန္ဓေကန်းမှာ ဉာဏ် တည်းဟူသော အမောဟ ဟိတ်မပါသော ဒွိဟိတ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေသူဖြစ်ပါသည်။ တိဟိတ်ပဋိသန္ဓေဖြစ်နေစေကာမူ ဉာဏ်အဆင့်အတန်း အနိမ့်ဆုံးဖြစ်နေသော တိဟိတ်ဩမက ပဋိသန္ဓေနေခဲ့ရသူဖြစ်ပါသည်။

သန္ဓေကန်းတို့သည် ဗုဒ္ဓသာသနာနှင့် ကြုံတွေ့နေရသော်လည်း အကျွတ်တရားမရနိုင်ပါ။

ထို့ကြောင့် ရခဲသော လူ့ဘဝကို ရခဲ့ကြပြီး သန္ဓေကန်းဉာဏ်ကန်းမဖြစ်ရလေအောင် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်နေခိုက် သံသရာထဲ၌ မျက်စိသူငယ် နားသူငယ်ဘဝနှင့် မဖြစ်ကြရလေအောင် ထိုသန္ဓေကန်း၊ ဉာဏ်ကန်း ဘဝကလွတ်မြောက်ရလေအောင် အခွင့်ကြုံမှုကို ရအောင်ယူပြီး ဓမ္မအနှစ်ကို ရအောင်ကြိုးစားကြပါဟု တိုက်တွန်းလိုက်ပါရစေ။

**အယ်ဒီတာ**

## အဟောသိကံ မဖြစ်သင့်

မည့်သို့ရှိစေ၊ သူတို့အားလုံး သမိုင်းကြောင်း ကောင်းအောင် ကြိုးစားချင်ကြသူများ၊ နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ရှိသူများ ဖြစ်ကြသည်ဆိုသည်ကတော့ မငြင်းနိုင်။ အားလုံးကတော့ ဘဝသင်ခန်းစာများစွာ ရခဲ့ကြပြီဖြစ်သည်။ သူတို့အားလုံး လုပ်သင့်သော ထမ်းဆောင်သင့်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့လုပ်ခဲ့ကြပြီး ဖြစ်သည်။ မလုပ်သင့်သော မလုပ်အပ်သော အလုပ်များကိုလည်း ရှောင်နိုင်ကွင်းနိုင်သော သတိ၊ စိတ်သဘောထား၊ လောကအမြင်များ ရခဲ့ကြပြီဖြစ်သည်။

**ယခုတော့ တည်ငြိမ်ရင့်ကျက်စွာ၊ ရဲရင့်ပြတ်သားစွာ၊ ငြိမ်းချမ်းစွာဖြင့် ရှောင်ရန်တို့ကို ရှောင်နိုင်သော၊ ဆောင်ရန်တို့ကို ဆောင်နိုင်သော စွမ်းအားတို့ သူတို့၏ စိတ်နှလုံးတွင် ဖြတ်သန်းချိန် အတွေ့အကြုံများက သန္ဓေတည်ပေးခဲ့လေပြီ။**

သူတို့မျိုးဆက်သည် မြန်မာ၏အစဦးသမိုင်းကြောင်းကို ကောင်းစွာခံစား နားလည်ကြသည်။ မြန်မာ့ပဒေသရာဇ်ခေတ်၏ အဆိုးအကောင်းကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာပြီးပြီ။ ကုန်းဘောင်မင်းဆက်၏ အတွင်းသရုပ်ကိုမူ ကြေညက်နေကြပြီ။ ကိုလိုနီခေတ် ဖြစ်စဉ်သမိုင်းကိုတော့ ကမ္ဘာ့သမိုင်းနှင့် ချိတ်ဆက်ကျွမ်းဝင်ပြီးသား။ အနီးဆုံးဖြစ်သည့် အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေး လှုပ်ရှားမှု ဖြစ်စဉ်ကတော့ သူတို့၏ နှလုံးသားတွင် ပူပူနွေးနွေးရှင်သန်နေဆဲဖြစ်သည်။

သူတို့ခေတ် သူတို့ဘဝသမိုင်းကြောင်း ဖြတ်သန်းချိန်၏ ဆိုးမွေကောင်းမွေ၊ သင်ခန်းစာများကဖြင့် သူတို့သယ်ပိုးခဲ့သည့် ဖြတ်သန်းချိန် အမွေများ ဖြစ်နေလေပြီ။ နှယ်နှယ်ရရပေးဆပ်ရမှုများဖြင့် ရရှိခဲ့သော သင်ခန်းစာများတော့ မဟုတ်။ တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံး နှင့် တစ်မျိုးသားလုံးအတွက်၊ လောကအတွက်၊ လူငယ်မျိုးဆက်အတွက် သူတို့ရခဲ့သော ဆိုးမွေကောင်းမွေ သင်ခန်းစာများစွာသည် အဟောသိကံ မဖြစ်စေရန် သူတို့ပေးဆပ်ကြရဦးမည်။ ပေးဆပ်သင့်သည်ကော မဟုတ်ပါလား။

**ငြိမ်းချမ်းဦး၏ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်းမှ ကောက်နုတ်ချက်။**

# နောင်ဘဝဆိုတာရှိပါတယ်(၃)

ဘဒ္ဒန္တဇနိန္ဒသာရ (မုံရွာနေဇာ)



(ယခင်အပတ်မှအဆက်)

မြို့စား။ ။ အို-အရှင်၊ စက်ဆုတ်ရွံရှာဖွယ်ကောင်း အနံ့တလှောင်းလှောင်း၊ ယင်တထောင်းထောင်းဖြစ်နေတဲ့ မစင်တွင်းထဲ ဘယ်မှာပြန်ဆင်းချင်တော့မှာလဲ။

အရှင်။ ။ ဒကာမြို့စား။ အဲဒီလိုပါပဲ။ နတ်တို့အနေနဲ့ကြည့်ရင် မစင်တွင်းကြီးနဲ့တူတဲ့ နတ်တို့အတွက် လူတွေရဲ့အနံ့ဟာ ယူဇနာတစ်ရာအကွာအဝေးကတောင် မခံမရပ်နိုင်အောင် ဖြစ်နေတဲ့လူသားတွေနေထိုင်ရာ လူ့ပြည်သို့ ဘယ်မှာပြန်လာပြီး ပြောပြချင်တော့မှာလဲ။

နောက်တစ်ချက်က-နတ်တွေက လူတွေထက် အသက်ရှာ၊ ထောင်၊ သောင်းရှည်ကြတယ်။ လူ့အသက်တစ်ရာဟာ တာဝတိံသာနတ်ပြည်မှာ တစ်ရက်ပဲရှိတယ်။ နတ်ပြည်သို့ နတ်သားနတ်သမီးအဖြစ်နဲ့ ရောက်ရှိသွားသူဟာ တစ်ကြိမ်တစ်ခါမျှ မကြုံဖူး မခံစားဖူးတဲ့ နတ်စည်းစိမ်တွေကို ခံစားစံစားကြရတယ်။ နတ်စည်းစိမ်ကို တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် ခံစားပြီးမှ ပါယာသိမြို့စားထံ အကြောင်းပြန်ကြလိမ့်မယ်။ ဒီတော့-စဉ်းစားကြည့်ပါ။ မြို့စားမင်း တာဝတိံသာနတ်ပြည် နှစ်ရက်ဟာ လူ့ပြည်မှာ နှစ်ပေါင်းနှစ်ရာဆိုတော့ သင်မြို့စားမင်းပင် ရှိမှာမဟုတ်တော့ဘူး။ သင်ကွယ်လွန်လို့ အရိုးတွေပင်ဆွေးပြီ။

(အရှင်သူမြတ်၏စကားရပ်ကို နားထောင်ပြီး မြို့စားမင်းဟာ 'ပုံပြင်ပြောနေတာပဲလို့ ယူဆလိုက်တယ်။ ဒါ့ကြောင့် အောက်ပါမေးခွန်းကို ဆက်မေးလိုက်တယ်။)

မြို့စား။ ။ အို-အရှင်၊ ဒီတစ်ခါ အရှင့်ကို ပြန်မေးပါရစေ။

အရှင်။ ။ မေးပါ၊ မြို့စားမင်း မရှင်းတာပြန်မေးနိုင်ပါတယ်။

မြို့စား။ ။ အို-အရှင်၊ နတ်ရှိတယ်၊ နတ်တို့ရဲ့ အသက်တစ်ထောင်ရှည်တယ်ဆိုတဲ့စကားဟာ အရှင့်ရဲ့ နှုတ်ထွက်စကားလား၊ ဘယ်သူက ပြောတာလဲ၊ နားထောင်လို့တော့ကောင်းပါတယ်။ ဒါပေမယ့် ပုံပြင်ဆန်လွန်းတာကြောင့် ကျွန်ုပ်မယုံပါ။ လက်တွေ့မျက်မြင်မဟုတ်ရင် ကျွန်ုပ်က လက်ခံချင်သူ မဟုတ်ပါ။ ဒီလိုပြောရတာ ဝမ်းနည်းပါတယ်။ ခွင့်လွှတ်ပါအရှင်. . . ။

အရှင်။ ။ ကောင်းပါပြီ မြို့စားမင်း၊ ငါပြောပြမယ်၊ သေချာနားထောင်ပါ။

လောကမှာ- အဖြူ၊ အနီ၊ အညို၊ အပြာစတဲ့ အရောင်တွေရှိပါတယ်။ မျက်စိအလင်းရှိတဲ့ လူတိုင်းတွေ့မြင်နိုင်ပါတယ်။ မျက်စိကန်းနေတဲ့ လူကတော့ မမြင်နိုင်ပါဘူး။ သူမမြင်တာနဲ့ အဖြူ၊ အနီ၊ အညို၊ အပြာ မရှိဘူးလို့ ပြောရင် မှန်ကန်ပါ့မလား။

မြို့စား။ ။ သူကန်းမမြင်တာနဲ့ အရောင်အဆင်း မရှိဘူးဆိုတာတော့ ဘယ်မှာမှန်ကန်ပါ့မလား အရှင်။

အရှင်။ ။ ကောင်းလေစွ. . ဒကာတော်၊ သင့်စကားနဲ့ပင် သင်ကိုယ်တိုင် သူကန်းဖြစ်နေပါပကောလား။ နတ်ရှိတယ်၊ ပြဟ္မာလောက၊ ငရဲလောကဆိုတာတွေလည်း ပကတိမျက်စိနဲ့ မမြင်ရပေမယ့် မြင်နိုင်စွမ်းမရှိပေမယ့် အမှန်တကယ်ရှိတယ်ဆိုတာကို လက်ခံပြီမဟုတ်လား။

အကျင့်သီလနဲ့ ပြည့်စုံတဲ့ သမဏ၊ ပြဟ္မဏတွေဟာ လူနဲ့ဝေးရာ တောအရပ်သို့ ချဉ်းကပ်ခိုဝင်ကာ နတ်မျက်စိသဖွယ် အရာရာကိုမြင်နိုင်စွမ်းတဲ့ 'ဒိဗ္ဗစက္ခုအဘိညာဉ်" ကို ရရှိအောင် အားထုတ်တော်မူကြတယ်။ အဲဒီဒိဗ္ဗစက္ခုအဘိညာဉ်ရရှိတဲ့အခါ ဟောဒီလောက၊ နတ်လောက၊ ပြဟ္မာလောက၊ ငရဲလောက. . ၊ သေပြီးတဲ့နောက် ဘာဖြစ်နေတယ်ဆိုတာတွေကို အရှိကိုအရှိအတိုင်း အဖြစ်မှန်ကို အဖြစ်မှန်အတိုင်း ကောင်းမွန်စွာ မြင်နိုင်ကြပေတယ် ဒကာ မြို့စားမင်း။

ဒါကြောင့် မမြင်ရလို့ နောက်ဘဝမရှိ၊ နတ်၊ ပြဟ္မာ၊ ငရဲဆိုတာ မရှိဆိုတဲ့ သင့်ရဲ့ မရှိဝါဒ (ဥစ္ဆေဒဒိဋ္ဌိ) အယူအဆကို စွန့်လွှတ်ပါလော့"

မြို့စား။ ။ အို့. . အရှင်။ အရှင်ဟာ စကားအရာ လိမ်မာကျွမ်းကျင်စွာ ဥပမာတွေဆောင်ကာ ဆိုတတ်ပါပေတယ်။ ဒါပေမယ့် ကျွန်ုပ်ရဲ့အယူဝါဒကို ကွာကျ အောင် မစွမ်းဆောင်နိုင်ပေဘူး။ ဒါပေမယ့် ကျွန်ုပ်ရဲ့ အယူဝါဒအတွက် အခိုင်အမာ ငြင်းဆိုနိုင်လောက်အောင် သုတေသနပြုထားချက်တွေ ရှိပါသေးတယ်။

အရှင်။ ။ ဘာ အထောက်အထားတွေလဲ

မြို့စားမင်း. . ။ ငါ့အား ပြောပါလော့။

မြို့စားမင်း။ ။ အို. . အရှင် သီလ၊ သမာဓိ၊ အကျင့်သိက္ခာနဲ့ပြည့်စုံတဲ့ သူတော်စင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေကို ကျွန်ုပ်တွေ့ဖူးမြင်ဖူးပါတယ်။

အဲဒီပုဂ္ဂိုလ်တွေဟာ ဆင်းရဲဒုက္ခကို ကြောက်ကြတယ်။ နာမကျန်းဖြစ်မှာကိုလည်း စိုးရိမ်ကြတယ်။ အိုရမှာ၊ နာရမှာ၊ သေရမှာကိုလဲ ကြောက်ရွံ့ထိတ်လန့်ကြတယ်။ သူတို့ကိုကြည့်ပြီး ကျွန်ုပ် ဒီလိုစဉ်းစားမိတယ်။ သူတို့ဟာ နောက်ဘဝမှာ နတ်ပြည်ရောက်ကာ နတ်စည်းစိမ်တွေကို ခံစားရမှာကို သိနေပါလျက် လူ့ဘဝဒုက္ခက မြန်မြန်ကျွတ်လွတ်အောင် ကိုယ့်ကိုယ်ကို သတ်သေကြပါလား. . ။ ဘာဖြစ်လို့ လက်ရှိဘဝကို တွယ်တာပြီး ကုတ်ကပ်နေကြတာလဲ။

အို့. . အရှင်၊ ဒီလိုလက်ရှိဘဝကို မစွန့်လွှတ်နိုင်ဘဲ တွယ်ကပ်နေကြတာကို ထောက်ရှုခြင်းအား

# ကဆုန်လပြည့်ဘုရားနေ့ (ရှစ်လုံးဖွဲ့ကဗျာ)

**ဆရာတော် ဦးစန္ဒာသီရိ**
**အေလာမြို့၊ ဂိုဏ်းထောက်ကျောင်း**

၁။ သစ္စာလေး၀၊ ဥဒေ ယျငါးထွေ။
လုံးစုံတရား၊ သိပြီးဌာနေ။
နတ်ယုတ်မာရ်မင်း၊ ရန်ခွင်းအောင်မြေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၂။ ရောင်တော်ခြောက်ရပ်၊ ထူးမြတ်ထွေထွေ။
ဗြဟ္မာလူနတ်၊ ဆည်းကပ်ဗုဒ္ဓေ။
မိုက်မှောင်ကင်းပျောက်၊ ထွန်းတောက်တက်နေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၃။ ဖူးချင့်ထူးတင့်၊ မြူးလွင့်ရောင်ထွေ။
မြင့်ဖြူးတင့်ထူး၊ ပွင့်ဖူးဝေဝေ။
ရည်မှန်းကြည်လျှမ်း၊ နီမြန်းရုက္ခေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၄။ တရားမြင့်ဖြူး၊ ပင်မျူးရုက္ခေ။
သုံးဆယ်လုံးပတ်၊ ထူးမြတ်သရေ။
ငါးဆယ်ရှည်လျား၊ ငါးပါးခက်ဝေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၅။ ကုဋ္ဋေကိုးသိန်း၊ မြစိမ်းရွက်ဝေ။
သုံးရာအဝှန်း၊ ညောင်နန်းမဟေ။
ဖူးကြမြူးကြွ၊ ထူးလှသဒ္ဒေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၆။ နှစ်သန်းသုံးသိန်း၊ တွက်ကိန်းသချေ်။
သောင်းငါးထောင်မှ၊ ငါးရာ့ပိုပေ။
ခက်နန်းရွက်ပန်း၊ ရှက်သန်းဝေဝေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၇။ စိတ္တက္ကဠ၊ ပြီသပုဏ္ဏေ။
ရေချမ်းငွေပန်း၊ ဝေလျှမ်းထွေထွေ။
လှူကြဖြူဆွ၊ လူနတ်ပြဟ္မေ။
ပလ္လင်နန်း. . တင့်ဆန်းဗောဓိဗွေ။

၈။ ဤသို့ပြုရ၊ ပုညထွေထွေ။
မြန်မာပြည်ကြီး၊ စည်ထီးဝေဝေ။
သာသနာပြု၊ မင်းတို့တည်စေ
ပြည်ရွာတစ်လွှား၊ ငြိမ်းချမ်းစည်ပင်စေ။

၉။ အိုနာသေဘေး၊ ရစ်ထွေးပတ်ခွေ။
လုံးစုံဒုက္ခ၊ မုက္ခငြိမ်းစေ။
သံသရာဇာတ်၊ ကင်းပြတ်ရာပေ။
နိဗ္ဗာန်မြို့၊ ရောက်ဖို့ဆုပန်ချွေ။

●

ဖြင့် သေပြီးနောက်ဘ၀ တမလွန်လောက မရှိ။ ကုသိုလ်ကံ အကုသိုလ်တို့ရဲ့ ကောင်းကျိုးဆိုးကျိုး ဝိပါက်ဆိုတာလည်း လုံး၀အဓိပ္ပာယ်မရှိကြောင်း ထင်ရှားပါတယ်။ ဒါ့ကြောင့် ကျွန်ုပ်ရဲ့အယူဝါဒသာ မှန်ကန်ပါတယ်။

**ကိုယ်ဝန်ဆောင်ဥပမာ**

သူ့ရဲ့ မရှိဝါဒသာ အမှန်အကန်ပါလို့ စွဲမြဲစွာ ယူထားတဲ့ ပါယာသိမြို့စားမင်းကို အရှင်ကုမာရကဿပက ဥပမာဖြင့် ဆက်လက်ဟောကြားရပြန်ပါတယ်။

အရှင်။ ။ အို. . ဒကာမြို့စား၊ ရှေးအခါက ပုဏ္ဏားတစ်ယောက်မှာ မယားနှစ်ယောက်ရှိပါတယ်။ တစ်ဦးသောမယားမှာ ၁၂-နှစ်ရွယ် သားတစ်ယောက်ရှိပြီး ကျန်မယားတစ်ယောက်ကတော့ ကိုယ်လေးလက်ဝန်အရင့်အမာနဲ့ မီးဖွားခါနီးဖြစ်နေတယ်။

ပုဏ္ဏားကြီး ရုတ်တရက်သေဆုံးသွားတယ်။ ဒီအခါ. . ကျန်ရစ်တဲ့သားက မိထွေးဖြစ်တဲ့ ဗိုက်ကြီးသယ်မအား အမွေတောင်းတယ်။ မိထွေးက-

"အမောင်. . ငါမွေးဖွားပြီးအောင် စောင့်ပါဦး။ သားယောကျ်ားလေးမွေးခဲ့ရင် အမောင်နဲ့ ရှိတဲ့ဥစ္စာပစ္စည်းတစ်ဝက်စီပေါ့။ သမီးမိန်းကလေးမွေးခဲ့ရင်တော့ သားရဲ့အလုပ်အကျွေးဖြစ်ရမှာပေါ့ကွယ်. . ။"

၁၂-နှစ်သားက သုံးကြိမ်တောင်းဆိုတယ်။ မိထွေးကလည်း သုံးခါတိုင်တိုင် တောင်းပန်တယ်။ ထိုမျှမက ထပ်တလဲလဲ တောင်းဆိုနေတဲ့အခါ ပစ္စည်းကို ခွဲမပေးနိုင် ဝမ်းဗိုက်ထဲက သားသန္ဓေကလည်း မမွေးဖွားသေး။ အခက်ကြုံနေတဲ့ မိန်းမ (မိထွေး) ဟာ ဓားတစ်လက်ယူကာ အခန်းထဲဝင်ပြီး "သားဖွားဖွား၊ သမီးမွေးမွေး ငါ့အတွက် အမြတ်ပဲ" ဟု ထင်မှတ်လျက် ဝမ်းဗိုက်ကို ဓားနဲ့ခွဲလိုက်ပါတော့တယ်။

လောဘရမ္မက်ကြီးတဲ့ မိန်းမဟာ မိမိအသက်လည်းဆုံး၊ သား သန္ဓေလည်းဆုံး ပစ္စည်းဥစ္စာလည်း လုံး၀မရတော့ဘဲ သေပွဲဝင်သွားရပါတော့တယ်။

**ဘဒ္ဒန္တဇနိန္ဒသာရ(သဒ္ဓမ္မဇောတိကဓဇ)**

# ဗုဒ္ဓဂီတိကာ

**ဆရာတော် ဦးသီလာစာရ**
**(ရိုးမတိမ် မဟာအောင်မြေကျောင်း)**

**အနိတ္ထိဂန္ဓ ကုမာရ ဝတ္ထု**

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ သာဝတ္ထိမြို့၌ အနိတ္ထိဂန္ဓသတို့သားသည် ဖွားမြင်သောနေ့မှစ၍ မာတုဂါမကို မမြင်လို မနီးလို အရွယ်ရောက်သောအခါ ရွှေရုပ်နှင့်တူသော မာတုဂါမကိုရ၍ အလွန်ချစ်မြတ်နိုး၏။ ထိုမာတုဂါမ သေဆုံးလေ၍ အနိတ္ထိဂန္ဓသတို့သားသည် စိုးရိမ်သောက နှိပ်စက်လှသဖြင့် မစားနိုင် မသောက်နိုင်ဖြစ်လေသည်။ ဘုရားရှင်သည် ထိုသတို့သားကို ဆုံးမတော်မူခြင်းငှာ "ကာမတော ဇာယတီ သောကော" စသော ဂါထာကို ဟောတော်မူ၏။ အနိတ္ထိဂန္ဓ သတို့သားသည် သောတာပန်တည်လေသည်။


ကာမတော ဇာယတီ သောကော၊
ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

**မြန်မာကဗျာ**

ကာမဂုဏ်ကြောင့် စိုးနှောင့်ဖြစ်လာ၊
ကာမဂုဏ်အတွက် ကြောက်မက်ရပါ၊
ကာမဂုဏ်ရင်း လွတ်ကင်းသူမှာ၊
စိုးရိမ်ခြင်း ကြောက်ခြင်းဘယ်ရှိရာ။

From lust springs grief, from lust springs fear; for him who is wholly free from lust there is no grief, much less fear.

စကားပြေ။။ ကာမဂုဏ်ကြောင့် စိုးရိမ်ခြင်းဖြစ်၏။ ကာမဂုဏ်ကြောင့် ကြောက်ခြင်းဖြစ်၏။ ကာမဂုဏ်မှ လုံးဝသန့်ရှင်း လွတ်ကင်းသောသူအား စိုးရိမ်ခြင်းနှင့် ကြောက်မက်ခြင်းသည် အဘယ်မှာရှိပါတော့အံ့နည်း။





# လေဘေးကပ်သင့်လာသော ကမ္ဘာ

ရှင်ဉာဏ(ဖျာပုံ)



ကော့မှူးမြို့နယ်အတွင်းမှလေဘေးသင့်သူအချို့အား တွေ့မြင်ရပုံ

**၂၀၀၄ ဆူနာမီမုန်တိုင်းနှင့် နိုင်ငံ(၁၁)နိုင်ငံ**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ(၂၆)ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားကျွန်းအနောက်ဘက်ကမ်းခြေကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့သည့် ရေအောက်ငလျင်ကြောင့် မီတာသုံးဆယ်(ပေ ၁၀၀) အမြင့်ရှိဆူနာမီရေလှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့သည်။ ငလျင်ပြင်းအားမှာ ရစ်ချ်တာ စကေး၊ ၉ ဒသမ ၁ နှင့် ၉ ဒသမ ၃ ကြားရှိခဲ့ရာ ကမ္ဘာတွင် မှတ်တမ်းတင်ခဲ့သမျှ ငလျင်များထဲတွင် ဒုတိယမြောက်အကြီးဆုံးငလျင်လှုပ်ခတ်မှုဖြစ်၏။ ငလျင်လှုပ်ခတ်မှုကြောင့် မြေလွှာကြောပြတ်ရွေ့လျားချိန်မှာလည်း ၈ ဒသမ ၃ မိနစ်နှင့် ၁၀ မိနစ်ရှိရာ မြေလွှာကြော ပြတ်ရွေ့လျားချိန်အကြာမြင့်ဆုံးဖြစ်ခဲ့သည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် လူသားတို့နေရာ ကမ္ဘာဂြိုဟ်တစ်ခုလုံးကို ၁ စင်တီမီတာ (လက်မဝက်) ခန့်တုန်ခါသွားစေခဲ့သည်ဟု ဆိုပေသည်။

ဆူမတြားကျွန်းငလျင်ကြောင့်ဖြစ်ပေါ်လာသော ဆူနာမီဆိုင်ကလုန်းမုန်တိုင်းဘေးဆိုးကပ်ဆိုးကြီးသည် နိုင်ငံပေါင်း (၁၁)နိုင်ငံကို အကြီးအကျယ်ရိုက်ခတ်ခဲ့ရာ ကမ္ဘာ့သမိုင်းစဉ်တွင် လူအသေအပျောက် အများဆုံးသဘာဝဘေးအန္တရာယ်ဆိုးစာရင်း ဝင်ရောက်သွားခဲ့သည်။ ၂၀၀၄ ခုနှစ်က သဘာဝလေဘေးကပ်ဆိုးဒဏ် ခံခဲ့ကြရသော နိုင်ငံပေါင်း (၁၁)နိုင်ငံမှာ (၁) အင်ဒိုနီးရှား၊ (၂) သီရိလင်္ကာ၊ (၃) အိန္ဒိယ၊ (၄) ထိုင်း၊ (၅) မော်လ်ဒိုက်၊ (၆) ဆိုမာလီယာ၊ (၇) မလေးရှား၊ (၈) ဆေးရှဲလစ်စ် (၉) မြန်မာနှင့် အခြားနှစ်နိုင်ငံတို့ဖြစ်သည်။ ယင်းဆူနာမီမုန်တိုင်းကြောင့် လူနှစ်သိန်းခွဲကျော်ခန့်သေဆုံးခဲ့ကြရသည်။ ဆူနာမီကြောင့် အိုးမဲ့အိမ်မဲ့စီးပွားဥစ္စာမဲ့ဖြစ်ခဲ့ကြသော လူပေါင်း ၁ ဒသမ ၃ သန်းကျော်ကို အမေရိကန်၊ ဩစတြေးလျ၊ ဩစတြီးယား၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကနေဒါ၊ တရုတ်၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ဖင်လန်၊ ဂျာမဏီ၊ ဂရိ၊ ဟန်ဂေရီ၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကူဝိတ်၊ လူဇင်ဘတ်၊ မာလီ၊ ဟော်လန်၊ နယူးဇီလန်၊ ကမ္ဘာ့ဘဏ်၊ နော်ဝေး၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ ဗြိတိန်၊ တောင်ကိုရီးယား၊ စပိန်၊ ဆွီဒင်စသော ကမ္ဘာ့နိုင်ငံပေါင်း (၂၉) နိုင်ငံက လူသားအချင်းချင်း စာနာထောက်ထားမှုဖြင့် အမေရိကန်ဒေါ်လာ ခုနစ်ဘီလျံကျော်ထောက်ပံ့ကူညီခဲ့ကြသည်။

ဆူနာမီမုန်တိုင်းကြောင့်ပြန်လည်ထူထောင်ရေးပြုလုပ်ရမည့် လုပ်ငန်းစဉ်များမှာ လူ့သမိုင်းတစ်လျှောက်တွင် အကုန်အကျအများဆုံးဖြစ်နိုင်ကြောင်းနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ၅ နှစ်မှ ၁၀ နှစ်အထိ အချိန်ယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ထိုစဉ်က ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်သူကိုဖီအာနန်က ပြောကြားခဲ့သည်။

**၂၀၀၈ နာဂစ်မုန်တိုင်းနှင့် မြန်မာနိုင်ငံ**

၂၀၀၈ ခုနှစ် မေလ (၂/၃) ရက်နေ့များတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ကို နိုင်ငံတော်မှ အရေးပေါ် ဒေသများအဖြစ် ထုတ်ပြန်ကြေငြာခဲ့သည်။ နာဂစ်မုန်တိုင်းကြောင့် အဆောက်အအုံ ထောင်ပေါင်းများစွာပျက်စီးခဲ့သည်။ နိုင်ငံတော်အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ လပွတ္တာတစ်မြို့တည်းမှာပင် အဆောက်အအုံ ၇၅ ရာခိုင်နှုန်းပြိုကျပျက်စီးပြီး (၂၀)ရာခိုင်နှုန်းမှာလည်း ခေါင်မိုးများ ပျက်စီးခဲ့ရကြောင်းသိရှိရသည်။ အစီရင်ခံစာ တစ်ခုကမူ ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသရှိ အဆောက်အအုံများ ၉၅ ရာခိုင်နှုန်းပျက်စီးဆုံးရှုံးခဲ့ကြောင်း ပြောဆိုခဲ့သည်။

၂၀၀၈ ခုနှစ် မေလဆန်းပိုင်းတွင် မြန်မာနိုင်ငံ၌ တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် ၁၉၉၁ ခုနှစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း နောက်ပိုင်းကမ္ဘာပေါ်တွင် လူအသေအပျောက်အများဆုံးဘေးဘယမ်းကပ်ဆိုးမုန်တိုင်းဖြစ်၏။ ယင်းနာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း နေထိုင်ကြသော ပြည်သူ၊ ၁ ဒသမ ၅ သန်းကျော်တို့ 'Severely effected' အပြင်းအထန် ထိခိုက်မှုရှိနိုင်ကြောင်း ကုလသမဂ္ဂမှ ခန့်မှန်းပြောဆိုခဲ့သည်။ နိုင်ငံခြားကူညီထောက်ပံ့ကယ်ဆယ်ရေးအဖွဲ့အစည်းများကမူ အိုးမဲ့အိမ်မဲ့ဒုက္ခသည်နှစ်သန်းမှ သုံးသန်းအထိ ရှိနိုင်ကြောင်းခန့်မှန်းခဲ့ကြသည်။

၂၀၀၈ ခုနှစ် မေလတတိယပတ်အထိ နိုင်ငံတော်အစိုးရ၏ တရားဝင်ထုတ်ပြန်သောလူသေပျောက်ဆုံးမှုကိန်းဂဏန်းများအရမူ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးသူ စုစုပေါင်း တစ်သိန်းသုံးသောင်းကျော်ရှိကြောင်းသိရှိရသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှာ ‘War zone' စစ်မြေပြင်တစ်ခုလိုဖြစ်ခဲ့ရကြောင်း ရန်ကုန်အခြေစိုက်သံတမန်တစ်ဦးက သူ့အတွေ့ အမြင်ကိုမှတ်ချက်ပြုပြောဆိုခဲ့သည်။

**မြန်မာ့နာဂစ်နှင့် မိတ်ဆွေသုံးနိုင်ငံ**

မြန်မာနိုင်ငံတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့စဉ် သီရိလင်္ကာနိုင်ငံ၏ ခရိုင်မြို့နယ်ဆယ်ခုတွင် မိုးများသည်းထန်စွာရွာသွန်း၍ ရေလျှံခြင်းနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ရသည်။ ရေလျှံခြင်းနှင့် မြေပြိုမှုကြောင့် အိမ်ထောင်စုသုံးထောင်ကျော်ကို နေရာရွှေ့ပြောင်းပေးခဲ့နိုင်ပြီး အိမ်ထောင်စုပေါင်း လေးထောင့်ငါးရာကျော်ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ကြရသည်။

ထို့အတူ အိန္ဒိယနိုင်ငံ တမီလ်နာဒူလ်ပြည်နယ်နှင့်အင်ဒရာပရာဒေ့(ရှ်) ပြည်နယ်နှစ်ခုတို့သည်လည်း လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည်။ ၁၉၉၁ ခုနှစ်က ဆီဒါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမူ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဘေးမှ ပင်လယ်ကမ်းရိုးတန်းဒေသနေပြည်သူများအား ကြိုတင်သတိပေးခြင်းနှင့် မုန်တိုင်းအန္တရာယ်မှ လွတ်မြောက်အောင် ကာကွယ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရှိရသည်။

**၂၀၀၄ခုနှစ် ဆူနာမီ မုန်တိုင်း၏ မျိုးဆက်သစ်ဘေးဆိုး**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ(၂၆)ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားကျွန်း အနောက်ဘက်

**စာမျက်နှာ ၈ သို့**

# ဗုဒ္ဓဂေါတမ၏ စကြဝဠာ(ကမ္ဘာ)အမြင်

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ B.A)



(ယခင်အပတ်မှအဆက်)

**လေးကျွန်းတစ်မြင်းမိုရ်ယူဆမှုသဘာဝ**

## လနေသွားလာမှုနှင့် လူသားတို့၏ ကံကြမ္မာ

ဤစကြဝဠာရှိ ကြယ်များ (သို့မဟုတ်) နေများသည် အာကာသအတွင်း မိမိတို့လမ်းကြောင်းဖြင့် လှုပ်ရှားလှည့်ပတ် သွားနေကြသည်။ သို့ရာတွင် အာကာသ ကျယ်ပြောသဖြင့် အနီးအနား ရောက်ရှိကြရုံမှ လွဲ၍ အချင်းချင်း ထိခိုက်မှုမရှိကြပါ။ အရံပြိုဟ်ဖြစ်သော လသည်လည်း အလားတူ လှုပ်ရှား လှည့်ပတ်သွားနေခြင်းဖြစ်သည်။

သို့ရာတွင် နေသည် အဖြောင့်သွား အကောက်သွားဟူ၍ (၂)မျိုးရှိနေသဖြင့် အသွားမှန်မှု မမှန်မှုလည်းရှိသည်။

လူသားတို့ခေါ်နေသော ရာသီဥတုဟူသည် နေ, လ (၂) ပါး၏ ပူမှု အေးမှုကို ခေါ်ခြင်းဖြစ်သည်။ ပူမှု အေးမှုသည် တေဇောဓာတ်၏ သတ္တိပင်ဖြစ်သည်။

နေမင်းအဖြောင့်သွား၍ အသွားမှန်က ရာသီဥတုကောင်းပြီး အကောက်သွား၍ အသွားမမှန်က ရာသီဥတုလည်း ဖောက်ပြန်တော့သည်။

(ယနေ့ ဤကမ္ဘာတွင်ဖြစ်ပေါ်နေသော အပူလှိုင်း အအေးလှိုင်းများ ကျရောက်မှု၊ မုန်တိုင်းအမျိုးမျိုး ကျရောက်မှုများသည် ရာသီဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်ရသည်။ အပူဓာတ်သည် တက်ကြွသော သဘောရှိသည်။ တက်ကြွမှုရှိက နိမ့်ကျမှုလည်းရှိလာရသည်။ နိမ့်ကျမှုသဘောကိုပင် အအေးဓာတ်ဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် တေဇောဟုခေါ်သော ရာသီဥတုသည် သီတဥတု ဥဏှဥတုဟူ၍ (၂)မျိုးဖြစ်လာရသည်။

ရာသီဥတုမှန်၍ အပူအအေးမျှတမှုကြောင့် သစ်ပင်၊ ပန်းပင်၊ သစ်သီး၊ သစ်ဥကောက်ပဲ သီးနှံများ ရှင်သန်ဖြစ်ထွန်းကောင်းမွန်၍ လူနှင့်တကွ သက်ရှိများ ဩဇာပြည့်ဝသော အာဟာရကိုမှီဝဲရသဖြင့် ကျန်းမာအသက်ရှည်ကြရသည်။

ရာသီဥတု အပူအအေး မျှတရန် နေလတို့အသွားအလာမှန်မှုအပေါ် မူတည်သည်။ ထိုနေ လ အသွားအလာမှန်မှုသည်လည်း လူသားတို့ ပြုလုပ်နေသော ကုသိုလ်ကံ၊ အကုသိုလ်ကံများအပေါ် အခြေခံမူတည်နေသည်ဟု ဗုဒ္ဓစာပေတို့တွင်ပါရှိပါသည်။

သက်ရှိသတ္တဝါ အထူးသဖြင့် လူသားများသည် နေ့စဉ် ကုသိုလ်ကံ အကုသိုလ်ကံ အလုပ်များကို ပြုလုပ်လျက်ရှိနေကြပါသည်။ ထိုကံများ ပြုလုပ်၍ စိတ်က စေ့ဆော်ပေးလျက်ရှိနေပါသည်။

ထို့ကြောင့် ထိုလူသားတို့၏ စိတ်ဓာတ်သည် ရာသီဥတုကောင်း မကောင်းအတွက် အဓိက ကျနေသည်ဟု ဆိုပါသည်။

လူသား၏ စိတ်ဓာတ်သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿ၊ မစ္ဆရိယစသော အကုသိုလ်တရားဆိုးများ လွှမ်းမိုးခံထားရသော စိတ်ဓာတ်များဖြစ်လျှင် ယုတ်ညံ့သော စိတ်ထား အပူဓာတ်များ ရစ်ပတ်ခံထားရသူ အဖြစ်သို့ ရောက်ရှိသွားပါတော့သည်။

ထိုသို့ အပူဓာတ် အကပ်ခံရသော် တစ်ဘက်အပူဓာတ် ထင်ဟပ်မှုကို ခံရသောသူများ၌လည်း သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ စသော မီးပူများဆင့်ပွားဖြစ်ပေါ်ခံစားကြရပါသည်။

လောကသဘာဝတွင် မီးအပူသည် လူတို့ကို မကူး၊ လူပူကသာ လူကိုကူးသည်ဟု ဆိုသည့်အတိုင်း လူတစ်ဦးတစ်ယောက်၏ အပူသည် အခြားလူတစ်ဦးတစ်ယောက်နှင့် ဆက်စပ်သူများကို ကူးစက်နိုင်ပါသည်။

လောကလူသားများ၌ အပူဓာတ်များ စုပေါင်းဖြစ်ပြီး ပွားများလာသော် ယင်းအပူဓာတ်များသည် ကောင်းကင်သို့ ကူးစက်သွားနိုင်သည်။ ထိုသူအများ၏ အပူမီးသည် လူတို့ တီထွင်မှုအရ ဖြစ်ပေါ်လာသော အပူများနှင့် ထပ်မံပေါင်းမိသွားသောအခါ ကောင်းကင်တွင် ကြီးမားသော အပူစုစည်းမိပြီး လွန်ကဲသော အပူစု အပူခဲကြီး အဖြစ်သို့ ရောက်ရှိသွားသည်။

နေနှင့် လတို့သည် တက်ကြွသော အပူဓာတ်နှင့် ရွှေ့လျားသော လေဓာတ်တို့၏ ရောနှောဖြစ်စဉ်အရ လှည့်ပတ်သွားလာနေရသဖြင့် မျှတသော အပူနှင့် လေတို့ကြောင့် အသွားမှန်နိုင်သော်လည်း လွန်ကဲသော အပူဓာတ်ဖြစ်လာလျှင် ရောနှောဖြစ်သော လေဓာတ်သည်လည်း လွန်ကဲလာမည်။

ထိုအခါ နေနှင့် လ အသွားမမှန်တော့ဘဲ မြန်မှု၊ နှေးမှုများဖြစ်ပေါ်လာရတော့သည်။

ဤကဲ့သို့ နေနှင့်လ အသွားမမှန်သောအခါ ကမ္ဘာပေါ်တွင် အပူ အအေး မမျှတမှု၊ ရာသီဥတုမမှန်မှု စသည်များ ဖြစ်လာနိုင်သည်။ ရာသီဥတုမမှန်ပါက ရာသီဥတုကို အမှီပြုပြီး ရှင်သန်ဖြစ်ထွန်းရသော သစ်ပင်၊ သစ်သီး၊ ပန်း၊ သစ်ဥကောက်ပဲ သီးနှံစသည်များလည်း ရှင်သန်ဖြစ်ထွန်းမှု ပျက်ပြားလာနိုင်ပါသည်။ ဖြစ်ထွန်းလာရသော သီးနှံများ၌လည်း ဩဇာအဆီအနှစ်ပြည့်ဝမှု မရှိသဖြင့် စားရသူတို့၏ အသွေးအသားများသည် အကျိုးမဖြစ်ထွန်းကြတော့ဘဲ ရောဂါ အမျိုးမျိုးသာ တိုးပွားဖြစ်ပေါ်လာကြရတော့သည်။

ယနေ့ ကမ္ဘာလောကတွင် ရာသီဥတုမမှန် ဖောက်ပြန်ပြီး ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေရခြင်းသည် ယနေ့ သိပ္ပံပညာရှင်တို့

ပြောနေကြသော အပူလှိုင်း အအေးလှိုင်းများ လူသားတို့ပြုလုပ် ဖန်တီးမှုကြောင့်ဖြစ်ပေါ်လာသော ဖန်လုံအိမ်ကိစ္စ များကြောင့်ဟု အများကပြောဆိုနေကြပါသည်။

ဤဖန်လုံးအိမ်ကိစ္စသည် တစ်စိတ်တစ်ဒေသသောအားဖြင့် သဘာဝအရ မှန်ကောင်းမှန်မည်ဖြစ်သော်လည်း အဓိကမှာ လူသားများအား လွှမ်းမိုးနေသော လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ ကိလေသာတရားဆိုး အပူဓာတ်များ ထုတ်လွှင့်နေမှုကြောင့်ဖြစ်သည်ကို မည်သည့်သိပ္ပံပညာရှင်ကမျှ သိကြမည် သတိထားကြမည် မဟုတ်ပါ။

ယနေ့ လူသားတို့အား လွှမ်းမိုးနေသော ဝိသမလောဘ၊ ဒေါသ၊ မောဟ၊ မာနစသော တရားဆိုးများကို မဖယ်ရှားနိုင်သမျှ ခေါင်းပါးအောင်မပြုလုပ်နိုင်သမျှ ကာလပတ်လုံး ဖန်လုံအိမ်လျှော့ချရန် ဆော်ဩပြောဆိုနေကြသူများလည်း အပြောသာရှိပြီး အပူဓာတ် လွန်ကဲမှုကို လျှော့ချနိုင်ကြမည်မဟုတ်ကြပါ။

ထို့ကြောင့် လွန်ကဲသော အပူဓာတ်နှင့် လေဓာတ်တို့သည် နေလ အသွားကို ချပ်ကိုင်မြဲချုပ်ကိုင်ထားကြဦးမည်ဖြစ်သလို ယခုကဲ့သို့သော ကပ်ဆိုးအန္တရာယ်ဆိုးများလည်း ကျရောက်မြဲကျရောက်နေမည်ဖြစ်သည်။

ယင်းဘေးဆိုးအန္တရာယ်ဆိုးများကို ဖယ်ရှားနိုင်ရန်မှာ နေ လ အဖြောင့်အားဖြင့် အသွားမှန်ပြီး ရာသီဥတုကောင်းမွန်၍ သစ်ပင်သစ်သီး ပန်းပင်၊ သစ်ဥ၊ ကောက်ပဲသီးနှံများ အာဟာရပြည့်ဝပြီး ဩဇာဓာတ်ပြည့်ဝကာ စားသုံးကြသော လူသားများ ကျန်းမာသက်ရှည်နိုင်ရေးအတွက် ဝိနည်းမဟာဝါ ဗုဒ္ဓဟောကြားခဲ့သော-

၁။ အမျက်ထွက်ခြင်း (ကောဓ)
ရန်ငြိုးဖွဲ့ခြင်း သိုခြင်း(ဥပနာဟ)
၂။ သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း (မက္ခ)
ပြိုင်ဆိုင်ခြင်း (ပဠာသ)
၃။ မနာလို မရှုစိမ့်ခြင်း (ဣဿ)
ဝန်တိုခြင်း (မစ္ဆရိယ)
၄။ ကောက်ကျစ်စဉ်းလဲခြင်း(သာဌေယျ)
ကိုယ့်အပြစ်ကို လှည့်ပတ်ဖုံးလွှမ်းခြင်း(မာယာ)
၅။ အဆင့်နိမ့်သော အလိုဆန္ဒ (ပါပမိစ္ဆာ)
မှားသောအယူ(ဒိဋ္ဌိ)
၆။ မိမိ၏ အယူမှားကို မစွန့်ခြင်း၊
မိမိ၏ အယူမှားကို စွဲမြဲစွာဆုပ်ကိုင်ထားခြင်း (ဒုပ္ပဋိနိဿဂ္ဂ)

ဤစုံတွဲအယုတ်တရား (၆)ပါး၊ တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဣဿ၊ မစ္ဆရိယ ဟူသော တရားဆိုးများကို သိရှိနားလည်ပြီး ဝေးစွာရှောင်ရှား အထူးသဖြင့် ရှောင်ရှားပြီး လျှော့ပါးအောင် ပြုလုပ်နိုင်လာကြပါလျှင် ဖန်လုံအိမ်တည်ဆောက်ဖန်တီးမှုများ အလိုအလျောက် လျှော့ပါးလာပါသည်။

ယင်းတရားဆိုးများ ဖယ်ရှားနိုင်ရန် ကမ္ဘာ့လူသားများသည် အေးမြကြည်လင်မှုကို ပေးစွမ်းနိုင်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများနှင့် သီလ၊ မေတ္တာ၊ ခန္တီ၊ သစ္စာတရားတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ အစဉ်ထာဝရ ပွားများကျင့်သုံးနိုင်ရန် လိုအပ်နေပါသည်။

ဤကမ္ဘာသူ ကမ္ဘာသားများသည် ရုပ်အဆင်း ကြမ်းတမ်းညစ်နွမ်းပြီး ကြည်လင်မှုကင်းမဲ့နေသော လောဘစသော ကိလေသာအပူတရားကင်းစင်ပြီး ရုပ်အဆင်းကြည်လင်အေးမြပြီး ကျက်သရေပြည့်ဝသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာ၊ ခန္တီ၊ သစ္စာစသော တရားများလွှမ်းပတ်ထားသော စိတ်ဓာတ်များ မွေးမြူထားနိုင်လာကြသည်ဆိုသော် ယင်းလူသားများ၏ စိတ်မြတ်အအေးဓာတ်ကြောင့်-

ဤကမ္ဘာ နေ လ အသွားအလာမှန်၍ ရာသီဥတုကောင်းမွန်ပါမည်။ ရာသီဥတုကောင်းမွန်ပါက ထိုရာသီဥတုကို အမှီပြု၍ မြင်ရသော သစ်ပင် သစ်သီး၊ ပန်းပင်၊ သစ်ဥ ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အာဟာရဩဇာဓာတ်ပြည့်ဝလာကြမည်။ ထိုအစာအာဟာရကို စားရသော လူသားတို့သည် အသွေးအသားနှင့် ဓာတ်ကြီးလေးပါး ညီညွတ်ကြသဖြင့် ရောဂါဘေးဆိုးများမှ ကင်းလွတ်ကြပါမည်။

ထို့ကြောင့် အသင်လူသားတို့သည် ရာသီဥတုမှန်၍ ကမ္ဘာကပ်ဆိုးကြီးများ မတွေ့ကြုံကြလိုသော် ဗုဒ္ဓဟောကြား အယုတ်တရား (၆)ပါးမှ ရှောင်နိုင်သမျှ ရှောင်နိုင်အောင် ကြိုးစားပါ။

စိတ်ကောင်း စေတနာကောင်းများသော လူသားကမ္ဘာသည် မုချ ငြိမ်းချမ်းသာယာလာပါလိမ့်မည်။

**တက္ကသိုလ်သျှင်သီရိ**
**(ဓမ္မာစရိယ၊ ဘီအေ)**

---

**စာမျက်နှာ ၆ မှ**

ကမ်းခြေကို ဗဟိုပြု လှုပ်ခတ်ခဲ့သည့် ရေအောက်ငလျင်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်ဆူနာမီမုန်တိုင်း တိုက်ခတ်ခံရမှုကြောင့် ကလေးငယ်အများအပြား လူကုန်ကူးမှုခံရခြင်း ပိုမိုများပြားလာနိုင်ကြောင်း စိုးရိမ်မှုများဖြစ်ခဲ့ရသည်။ အမှန်တကယ်လည်း ဆူနာမီ=ကမ်းကို တက်ရိုက်သော လှိုင်းဒဏ်ကြောင့် ထိုဒေသများတွင် ကလေးငယ်တစ်သန်းခန့်အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြသည်။

ထိုစဉ်ကာလက အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီရေလှိုင်းဒဏ်ကြောင့် ကလေးငယ်ခုနှစ်သောင်းနီးပါးခန့်ထဲမှ မိန်းကလေးငယ်အများစုသည် ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးနေကြသော လူဆိုးဂိုဏ်းများနှင့် ဆက်သွယ်မိပြီး အင်ဒိုနီးရှားမှ လူ့ပွဲစားဟန်ဆောင်ထားသော လူဆိုးဂိုဏ်းများက ဆူနာမီကြောင့် မိဘမဲ့ ဒုက္ခသည်ဘဝရောက်ခဲ့ရသော အမျိုးကောင်းသမီးလေးများအား ဆဲလ်ဖုန်းအသုံးပြု၍အီလက်ထရောနစ်များဖြင့် ဆက်သွယ်ကာ မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံရှိ ပြည့်တန်ဆာ ဂိုဏ်းကြီးများထံ ရောင်းချခဲ့သည်။

ဆူမတြားကျွန်းမြောက်ပိုင်းမှ မိဘမဲ့ မွေးကင်းစကလေးငယ်တစ်ချို့သည် စင်္ကာပူနိုင်ငံသို့ရောင်းချခြင်းခံခဲ့ရသည်။ ဆူနာမီမုန်တိုင်း တိုက်ခတ်ခံရပြီးနောက်ပိုင်း ကလေးငယ်များမှာ မိဘမဲ့ အိုးမဲ့အိမ်မဲ့ အားကိုးရာမဲ့ဖြစ်နေစဉ် လူဖမ်း၍ ရောင်းစားနေသော မနုဿမုဆိုး၊ ဒုစရိုက်ဂိုဏ်းသားများ လက်ဝယ်ကျရောက်ခဲ့ရသည်။ သတင်းအချက်အလက်နှင့် ပတ်သက်ပြီး ဆက်သွယ်ရေးစနစ် ခေတ်စပ်လှပါသည်ဆိုသော 'ဂလိုဘယ်လိုက်ဇေးရှင်း' ခေတ်ဆိုလား သည်ခေတ်ကြီးထဲမှာများ အင်ဒိုနီးရှားဆူနာမီဒဏ်ခံရသည့် မိန်းကလေးများ 'ကျေးပိုင်ကျွန်ပိုင်ခေတ်' ထဲမှ လူသိရှင်ကြားကျရောက်ခဲ့သည်မှာ လူရောင်းစားသော လူဆိုးဂိုဏ်းကြီးများ၏ ဩဇာအာဏာကြီးမားလှသော အစွမ်းဟု ဆိုရပေမည်။

**ပြည့်တန်ဆာ လုပ်ငန်းနှင့် မျိုးဆက်သစ် HIV/ AIDS**

ကမ္ဘာ့နိုင်ငံအတော်များများတွင် ခေတ်မီဟော်တယ်၊ မိုတယ်ကြီးများပေါ်ပေါက်လာနေသလို ကမ္ဘာ့အဆင့်မီ ဖျော်ဖြေရေးလုပ်ငန်းများတွင် အမျိုးသမီးငယ်များသည် ထိုတိုင်းပြည်နိုင်ငံတို့အတွက် 'ပြည့်တန်ဆာ' များ အများအပြားဖြစ်လာခဲ့သည်။ စီးပွားရေးကျပ်တည်းမှု၊ ခေတ်မီလိုမှုကြောင့် တစ်ချို့အမျိုးသမီးများ မိမိကိုယ်မိမိ မနုဿမုဆိုးများထံ အပ်နှံရောင်းချနေကြသည်လည်းရှိသည်။

မိမဲ့ဘမဲ့ မိန်းကလေးများ အဓမ္မဖမ်းဆီးခံကြရပြီး လူပွဲစား လူဆိုး ဂိုဏ်းသားတို့၏ လက်ချက်ဖြင့် ဘဝပျက်ကာ ပြည့်တန်ဆာဘဝရောက်နေကြရသော အမျိုးသမီးလေးများကား ယနေ့ ကမ္ဘာမှာ အမြောက်အမြားရှိပေသည်။ လူကုန်ကူးမှုပြဿနာ အထူးသဖြင့် အမျိုးသမီးကြီးငယ်တို့အား အနုနည်း အကြမ်းနည်းနှစ်နည်းသုံးပြီး ပြည်ပပြည့်တန်ဆာလောကသို့ ရောင်းချနေသော လုပ်ရပ်ကို နိုင်ငံတကာမှ အရေးယူဆောင်ရွက်လျက်ရှိနေသည်။

ယင်းကြောင့်လည်း လူမှောင်ခိုဂိုဏ်းများ၏ လုပ်ငန်းများမှာ စီးပွားရေး ဝင်ငွေကောင်း၍ လူပွဲစား၊ မှောင်ခိုလူဆိုးဂိုဏ်းများဖေါင်းပွလာကာ ကမ္ဘာကို 'ပြည့်တန်ဆာမ'နှင့် ဖျားယောင်းပြီး ကမ္ဘာ့

အမျိုးကောင်းသားသမီးများကို HIV/AIDS, ဟူသောလူသားအားလုံး အညွန့်တုံးစေမည့် ကြောက်မက်ဖွယ်မဟာဗျူဟာမြောက် ရောဂါကပ်ဘေးဆိုး ပိုးလက်နက်ဆန်းဖြင့် လူသားအားလုံးကို တိုက်ခိုက်ချေမှုန်းနေသည်ကို နိုင်ငံတကာမှ အလေးအနက်သတိပြုတိုက်ဖျက်ရန် အထူးလိုအပ်သော အချိန်ကာလဖြစ်လာနေပေသည်။

**နာဂစ်နှင့် မြန်မာ့လေဘေးရေဘေးဒုက္ခသည်များ အခြေအနေ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတွင် မေလ (၂/၃) ရက်နေ့များက တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသည့် ဒေသများသို့ သွားရောက်စစ်ဆေးရန် မေလ(၁၈)ရက်နေ့ မွန်းလွဲ (၁)နာရီ (၁၀)မိနစ်အချိန်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကာကွယ်ရေး ဦးစီးချုပ်(လေ) ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် ရန်ကုန်တိုင်းအတွင်းရှိ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများသို့ မေလ (၁၈) ရက်နေ့တွင် သွားရောက်ပြီး လေဘေးဒဏ်ခံရသူများအား အားပေးစကားပြောကြားခဲ့သည်။

ဧရာဝတီတိုင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းအချို့သို့ ကုလသမဂ္ဂမှ ကိုယ်စားလှယ်နှင့် အဖွဲ့သွားရောက်လေ့လာမှုပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းများ၌ ဖော်ပြခဲ့သည်။ အဆိုပါ သတင်းအရ မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကုလသမဂ္ဂမှ Undersecretary General and Emergency Relief. Coordinator. H.E. Mr.John Holmes နှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းအတွင်းရှိ လပွတ္တာ၊ ဘိုကလေး၊ ဝါးခယ်မမြို့နယ်များရှိ လေဘေးကယ်ဆယ်ရေးစခန်းများသို့ မေလ(၁၉)ရက်နေ့က သွားရောက်လေ့လာခဲ့ကြသည်။

**လေဘေးကယ်ဆယ်ရေးစခန်းများနှင့် စောင့်ရှောက်မှု**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လေဘေးဒုက္ခသည် ကယ်ဆယ်ရေးရှေ့တန်း (၁၂)ခု အလယ်တန်းစခန်း (၁၆)ခု နောက်တန်းစခန်း(၃)ခုဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများကိုလည်း နိုင်နိုင်နင်းနင်းထိန်းသိမ်းထားပါကြောင်းနှင့် မကြာမီမိုးရာသီသို့ ဝင်ရောက်တော့မည်ဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေအိမ်သို့မပြန်မီ၊ ငါးနှစ်အောက်ကလေးများကို ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးပေးမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ Foreign office Minister, Lord Malloch Brown နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တွေ့ဆုံ ရာ၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။ (မေလ ၂၅-၂၀၀၈)

လေဘေးသင့်ဒေသဖြစ်သော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဆေးအကာအကွယ်ပေးရေးအဖွဲ့ ၁၂၂ ဖွဲ့၊ အင်အား ၂၀၂၉ ဦးတို့သည် ဒေသခံကျန်းမာရေးဝန်ထမ်းများဖြင့် ပူးပေါင်း၍ ကုသရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ သတင်းထုတ်ပြန်ချက်အမှတ် (၄)တွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၁၀)ဘီလျံကျော်ရှိနိုင်သည်ဟု မြန်မာနိုင်ငံအစိုးရက ခန့်မှန်းထားကြောင်းဖြင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ယိုးက ပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်တွေ့ဆုံဆွေးနွေးပွဲအပြီး ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် မစ္စတာဂျော့ယိုးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

၂၀၀၈ ခု မေလ တတိယပတ်အထိ မြန်မာနိုင်ငံအစိုးရ၏ တရားဝင်ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ သေဆုံးသူနှင့် ပျောက်ဆုံးသူ တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ရာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံသမိုင်းတစ်လျှောက် အဆိုးဝါးဆုံး သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

ကမ္ဘာတွင် မုန်တိုင်းဖြစ်ပေါ်မှု အကြိမ် (၉၀)ခန့်ရှိကြောင်း လေ့လာသူများ၏ မှတ်တမ်းအရ သိရှိရပေသည်။ ထိုမုန်တိုင်း ဖြစ်ပေါ်မှုတွင် အထင်ရှားဆုံးမုန်တိုင်းများမှာ ၂၀၀၄ ခုနှစ်က ဖြစ်ပေါ်ခဲ့သော ဆူနာမီမုန်တိုင်း၊ ၂၀၀၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သော အမေရိကန် ဟာရီကိန်းမုန်တိုင်း၊ ၁၉၉၁ ခုနှစ်က ဘင်္ဂလားဒေ့ရှ်တွင် တိုက်ခတ်ခဲ့သော ဆီဒါဆိုင်ကလုန်းမုန်တိုင်းနှင့် ယခု ၂၀၀၈ ခုနှစ် မေလ ၂/၃ ရက်နေ့တွင် မြန်မာနိုင်ငံ၌ တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတို့မှာ ကမ္ဘာကို တုန်လှုပ်ခြောက်ခြားစေခဲ့သော မုန်တိုင်းဆိုးကြီးများပင်ဖြစ်ပေသည်။

နာဂစ်မုန်တိုင်း (၁) နှစ်ပြည့်မြောက်နေ့တွင် သေဆုံးပျောက်ဆုံးသူများ ပျက်စီးဆုံးရှုံးမှုများအား စာနာအောက်မေ့ ဝမ်းနည်းတသသော အထိမ်းအမှတ်အဖြစ် ပြန်လည်တင်ပြပါသည်။

**စာကိုး**

မေလ (၂၃)ရက်နေ့ထုတ် ELEVEN ဂျာနယ် ပါသတင်းအချက်အလက်များနှင့် နိုင်ငံပိုင်သတင်းစာပါအကြောင်းအရာများကို စုစည်းရေးသားပါသည်။

ရှင်ဉာဏ(ဖျာပုံ)

---

## သမားလက်

* ချမ်းသာအိပ်မက်
တစ်နပ်စားလက်
ဝေဒနာတက်
အသပြာခက်
သမား. . . လက်
ရွှေ့ဖို့ခက်။ ။

* ချမ်းသာလျှံတက်
ရွှေအဆင်းလက်
ဝေဒနာတက်
အသပြာမခက်
သမား. . လက်
ခပ်သွက်သွက်။ ။

* မေတ္တာဆေးစက်
ငွေကြေးစွက်ဖက်
စေတနာပြိုပျက်
ဥစ္စာစွဲမက်
ဇီဝိတ. . . လက်
ကရုဏာစက်တွေပျက်။

နိုင်ခင်ရွှေ (ဧဒင်)

## THE RULES OF THE SELF CULTIVATION OF BUDDHISM

# ပညာရှိသူတော်ကောင်းတို့၏ မိမိကိုယ်မိမိ အမြဲဝေဖန်သုံးသပ်၍ မှားသော်နောက်ဆုတ် မှန်သော်ဆက်လုပ် ဥပဒေသနည်းလမ်းများ

ဟံသာဝတီ ဦးအုန်းကြိုင်

ပညာရှိသူတော်ကောင်းတို့သည် မိမိကိုယ်ကို မိမိ အဘယ်သို့ ဝေဖန်သုံးသပ်ကြ၍ အဘယ်ကဲ့သို့ ပြုမူကျင့်သုံးကြပါသနည်းဆိုပါသော်-

**ပညာရှိတို့ မိမိကိုယ် မိမိ သုံးသပ်သော မေးခွန်း(၃)ချက်**

**ကီဒိသော ဟံ ကတံ ကိံမေ၊ ကတံ နုယုတ္တကံ သိယာ။**
**ဣစ္စေတံ သမ္မသိတွာန၊ ယုတ္တာယုတ္တံ ကရေဇဟေ။ ။**

(ပဋ္ဌိဘာန်ဂါထာ)

(၁) အဟံ- ငါသည်၊ ကီဒိသော- အဘယ်သို့သဘောရှိသူဖြစ်သနည်း။
(ငါ ဘယ်လို လူစားလဲ)

(၂) မေ-ငါသည်၊ ကိံ - အဘယ်အမှုကို၊ ကတံ- ပြုအပ်သနည်း။
(ငါ ဘာကိုလုပ်မိသလဲ)

(၃) ကတံ- ငါပြုအပ်သောအမှုသည်၊ ယုတ္တကံ-သင့်သည်၊ သိယာနု-ဖြစ်ပါမည်လော။
(ငါလုပ်တာ မှန်ရဲ့လား)

ဣတိ- ဤသို့၊ ဧတံ-ဤမေးခွန်းသုံးချက်ကို၊ သမ္မသိတွာန- သုံးသပ်ဆင်ခြင်ကာ အဖြေရှာ၍၊ ယုတ္တံ-သင့်သည် မှန်သည်ကို၊ ကရေ-ဆက်လုပ်ရာ၏။ အယုတ္တံ-မသင့်သည် မမှန်သည်ကို၊ ဇဟေ-စွန့်ရာ၏။

**ပညာရှိတို့ ကျင့်သုံးရမည့်နည်းလမ်း(၃)သွယ်**

၁။ ပညာရှိသူတော်ကောင်းတို့သည် ငါဘယ်လိုလူဖြစ်သလဲ ငါဘယ်လို လူစားမျိုးလဲဟု မိမိကိုယ်မိမိ အမြဲမေးခွန်းထုတ်ရမည်။ ငါရဟန်းဘဲ၊ ငါ ဗုဒ္ဓဘာသာဝင်ပဲ၊ ငါဘုရား ဒါယကာ ကျောင်းဒါယကာဘဲ၊ ငါဆရာဝန်ကြီးဘဲ၊ ငါစစ်သားကြီးဘဲ၊ ငါကုန်သည်ကြီးဘဲ စသည်ဖြင့် အဖြေထုတ်ရမည်။

လောကဌ် ကိုယ့်ဘဝကို ကိုယ် မမေ့သင့်ပါ။ ကိုယ့်ဘဝကို ကိုယ်မေ့သော သူသည် အမှားကို ပြုတတ်ကြသည်။ ကိုယ်နှင့် မလျော်သော အမှုကိစ္စမျိုး လုပ်မိတတ်ကြသည်။ ဤသို့ ပထမမေးခွန်းဖြင့် ကိုယ့်ဘဝအမှန်ကို အဖြေထုတ်ရမည်ဖြစ်သည်။

၂။ ငါဘာကိုလုပ်မိနေသလဲ။ ဤဒုတိယမေးခွန်းကိုမေး၍ အဖြေရှာရာ၏။ ရဟန်းဖြစ်လျက် ရဟန်းအလုပ်မှတစ်ပါး အခြားသောအလုပ်ကို လုပ်မိတတ်ကြသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်ပါလျက် မလျော်သောအလုပ်ကို လုပ်မိတတ်ကြသည်။ အကြီးအကဲအုပ်ချုပ်သူဖြစ်ပါလျက် အကြီးအကဲ၏ အမူအကျင့်မဟုတ်သည့် အမှားအလုပ်များကို လုပ်မိတတ်ကြသည်။ တရားသူကြီးဖြစ်ပါလျက် မတရားသူကြီးဖြစ်နေတတ်သည်။ ဆရာဝန်ကြီးဖြစ်ပါလျက် ကရုဏာကင်းမဲ့တတ်သည်။ စစ်သားကြီးဖြစ်ပါလျက် ကျင့်ဝတ်ပျက်နေတတ်သည်။ ကုန်သည်ကြီးဖြစ်ပါလျက် ဝိသမလောဘမိစ္ဆာဇီဝဖြစ်နေတတ်သည်။ ဤသို့စသည်ဖြင့် မိမိပြုလုပ်သောအမှုကို မိမိကိုယ်မိမိ မေးခွန်းထုတ်၍ မိမိဘာသာ အဖြေမှန်ထုတ်ရမည်။

လူစစ်လျှင် ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်အသိဆုံးဖြစ်သည်။ ကိုယ့်အမှုကို ဖော်ကြည့်ပါ။ ကိုယ့်လုပ်ရပ်ကို အမှန်ဖြေပါ။ စိတ်ထားမှန် စိတ်ကောင်းရှိ၊ ကျင့်ဝတ်တည့်မတ်သော သူဖြစ်ပါက အဖြေကောင်းထွက်မည်။ သို့မဟုတ်ပါက အဖြေဆိုးထွက်ပေလိမ့်မည်။

၃။ ငါလုပ်တာမှန်ရဲ့လား။ ပထမမေးခွန်းနှစ်ချက်ဖြင့် မိမိ၏ ဘဝမှန်မိမိ၏ လုပ်ချက်မှန်ကို အဖြေထုတ်ပြီးနောက် ဤတတိယမေးခွန်းဖြင့် မိမိလုပ်ရပ်ကို မိမိဘာသာ မှန်မှားဆုံးဖြတ်ကြည့်ရမည်။ ကိုယ့်အမှား ကိုယ့်အမှန်ကို ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်မည်။ တစ်ခြား တစ်ပါးသော သူတို့ကား မိမိ၏ မူရင်း စိတ်သဘောကို မသိနိုင်ကြ၍ အမှန်အမှား ခွဲခြားရန်ပင် တတ်စွမ်းနိုင်ကြမည်မဟုတ်ပါ။

ထွက်ဆိုချက် ပြုမူချက် ဘေးက ပြောဆိုသော အချက်တို့ကို ထောက်ဆ၍ မှားမှန်အဖြေကို ထုတ်ကြရသည်။ စင်စစ်ကား ကိုယ့်လုပ်ရပ်ကို ကိုယ်သာအသိဆုံးဖြစ်၍ အမှားအမှန်ကို ကိုယ်သာ အတိအကျ ဆုံးဖြတ်နိုင်ပါသည်။

ဤသုံးချက်ကို သုံးသပ်ပြီးနောက် ကိုယ်၏ ဆုံးဖြတ်ချက်အတိုင်း မှန်သည် သင့်သည်ဆိုပါက ဆက်လုပ်ပါ၊ များများသာလုပ်ပါ၊ မှားပြီဆိုပါက နောက်ဆုတ်ပါ။ ရှေ့တိုးမလုပ်ပါနှင့်၊ ထိုအမှားကို ချက်ချင်း စွန့်ပစ်လိုက်ပါ။

**အမှန်ဖြစ်က နောက်မဆုတ် ဆက်လုပ်သော သက်သေသာဓက**

အထက်ပါအတိုင်း မေးခွန်း(၃) ချက်၊ အဖြေ(၃)ချက်ထုတ်၍၊ မိမိ၏ လုပ်ဆောင်ချက်အမှန်ဖြစ်က နောက်သို့မဆုတ်၊ ဆက်၍ လုပ်ဆောင်သော သက်သေသာဓကကား ဝေဿန္တရာမင်းပေတည်း။

ဝေဿန္တရာမင်းသည် တိုင်းပြည်က ချစ်သောအားကိုးသော ပစ္စယဆင်ဖြူတော်ကို ကလိင်္ဂတိုင်းမှ အလှူခံပုဏ္ဏားတို့အား ပေးလှူလိုက်ခြင်းကြောင့် သိဝိတိုင်းပြည်သားတို့သည် လွန်စွာစိတ်ဆိုးကြသည်။ ထို့ကြောင့် ဝေဿန္တရာမင်းကို တိုင်းပြည်မှ နှင်ထုတ်ရန်တောင်းဆိုကြသည်။

ခမည်းတော် သိဝိမင်းကြီးသည် တိုင်းပြည်၏ သဘောကို မလွန်ဆန်သာသဖြင့် သားတော်ဝေဿန္တရာကို တိုင်းပြည်မှ ထွက်ရန် အမိန့်တော်ချမှတ်လေသည်။ အမိန့်တော်ပြန်သော အမတ်လည်း ငိုယိုကာ အမိန့်တော်ကို ပြန်သောအခါ အလောင်းတော်ဝေဿန္တရာမင်းသည် အောက်ပါအမေးသုံးချက်အဖြေသုံးချက်ထုတ်လေသည်။

**အမေး(၃)ချက် အဖြေ(၃)ချက် စစ်တမ်း**

(၁) ငါဘယ်လိုလူလဲ?

ငါသည် အလှူရဲတဲ့ မင်းဝေဿန်ဘဲဟု မိမိ၏ ဘဝအမှန်ကို ဖြေဆိုသည်။

(၂) ငါဘာကို လုပ်မိသလဲ?

ငါသည် တိုင်းပြည်က ချစ်သော အလွန်အားကိုးသော ပစ္စယဆင်ဖြူတော်ကို ငါပိုင်ဖြစ်၍ လှူဒါန်းခဲ့သည်ဟု မိမိလုပ်ဆောင်ချက်ကို အမှန်အတိုင်းအဖြေထုတ်၏။

(၃) ငါလုပ်တာမှန်ရဲ့လား?

ယခုငါလှူလိုက်တဲ့ ဒါနလုပ်ငန်းဟာ သဗ္ဗညုတဉာဏ်တော် ဗုဒ္ဓဆုတော်ကြီးအတွက် ပြီးပြည့်စုံစေနိုင်တဲ့ မှန်ကန်လှစွာသော ပါရမီတော်လုပ်ငန်းကြီးဖြစ်ပေတကားဟု အဖြေမှန်ကို တွေ့ရှိလေသည်။

ထို့ကြောင့် ထိုမှန်ကန်၍ မွန်မြတ်သော ဒါနပါရမီလုပ်ငန်းကို ငါသည် အသက်ကိုပင် စွန့်ရသော်လည်း နောက်သို့မဆုတ်၊ ရှေ့ဆက်၍လုပ်အံ့ဟု ဆုံးဖြတ်လိုက်ပြီးနောက် ဤသို့ကြုံးဝါးတော်မူလေသည်။

**ဝေဿန္တရာမင်း၏ ကြုံးဝါးချက်**

ကာမံ မံ သိဝိယောသဗ္ဗေ၊ ပဗ္ဗာဇေန္တုဟနန္တုဝါ။

**စာမျက်နှာ ၁၆ သို့**

# အပါယ်လေးဘုံတို့၌ ဖြစ်ကြရသော ပုဂ္ဂိုလ်တို့၏ အသက်ရှည်လျားစွာ ဖြစ်ရသောကံ

ငြိမ်းချမ်းဦး

* ပါယ်လေးတန်
ဘုံဌာန
ဖြစ်ကြသည့် ပုဂ္ဂလာ။ ။
* အချို့မှာ
သက်အာယု
နှိုင်းမတုသာ။ ။
* ဖြစ်ရရှာ
လွန်စွာပ ရှည်လျား။ ။
* ဖြစ်ကြောင်းငယ်မှန်
ဘယ်လိုကံစီမံ၍
ရှည်လျားဟန်
သည်အသက်ကို
ကျမ်းမြွက်လို့ကြား။ ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်လေးဘုံတို့၌ ဖြစ်ကြရသော ပုဂ္ဂိုလ်တို့၏ ရှည်လျားစွာဖြစ်ရသောကံကို မေးမြန်းစူးစမ်းသော ပုစ္ဆာဖြစ်သည်။

**ငရဲသားတို့၏အသက် ရှည်လျားစွာဖြစ်၏။**

ထိုအပါယ်လေးဘုံတို့တွင် အနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံအကြောင်းသန်ကြသည်ဖြစ်၍၊ ငရဲဘုံ၌ဖြစ်ကြရသောသူတို့၏အသက်သည်၊ အကုသိုလ်စီမံသဖြင့် အသက်ရှည်လျားသည်၏အဖြစ် ထင်ရှား၏။

တိရစ္ဆာန်ဖြစ်၍ ချမ်းချမ်းသာသာအသက်ရှည်သောအရာမှာ အတိတ်၏ကုသိုလ်ကံကြောင့် အသက်ရှည်ကြသည်ဟု အများပင်ပြောဆိုကြ၏။ ဤသို့ပြောဆိုကြသော်လည်း၊ အကုသိုလ်ကံအကြောင်းသန်၍ တိရစ္ဆာန်အဖြစ်၌ ပစ်ချခံရသောအခါ ရှေးဦးစွာအမိဝမ်း၌၊ အကုသလဝိပါက် ဥပေက္ခာသဟဂတ သန္တီရဏစိတ်သည်၊ အကုသိုလ် ကမ္မဇရုပ်သုံးဆယ်နှင့်တကွတပြိုင်နက်ပစ်ချ၍၊ တိရစ္ဆာန်၏အဖြစ်၌ ပစ်ချတတ်သောအကုသိုလ်ဇနကကံသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်က စ၍၊ ဥပါဒ်, ဋ္ဌီ, ဘင် အစဉ်မပြတ် အကုသိုလ်ကမ္မဇရုပ်တို့ကို စွမ်းအားရှိသလောက်ဆက်စပ်၍ မပြတ်ဖြစ်စေလေသည်။

**အကုသိုလ်ကို အကုသိုလ်ကသာ ထောက်ပံ့၏။**

ဤအကုသိုလ် ဇနကကံကို ထက်သန်ရှည်လျားအားကြီးအောင် ထောက်ပံ့ခြင်းသည်လည်း၊ အကုသိုလ်ကံကသာလျှင် အထောက်အပံ့ပြုရန်ရှိ၏။ အကုသိုလ်ဇနကကံကို ကုသိုလ်ကံက ထောက်ပံ့သည်ဖြစ်၍ ဤတိရစ္ဆာန်၏ အဖြစ်၌ အသက်ရှည်သည်ဟူ၍မရှိ။

**ကုသိုလ်ကံက အကုသိုလ်ကံကို အထောက်အပံ့မပေး။**

အကုသိုလ်ဇနကကံကို ကုသိုလ်ကံကထောက်ပံ့၍၊ တိရစ္ဆာန်သန္တာန်၌ အစဉ်မပြတ် တဆက်တစပ်တည်းဖြစ်နေသော အကုသိုလ်ကံ ကမ္မဇရုပ်တို့မဖြစ်မူ၍၊ ကုသိုလ်ကမ္မဇရုပ်တို့ဖြစ်၍၊ တိရစ္ဆာန်အဖြစ်၌ အသက်ရှည်သည်ဟူ၍လည်း၊ ကျမ်းဂန်တို့၌ မလာမရှိ။ ကုသိုလ်သည် အကုသိုလ်ဇနကကံကို ထောက်ပံ့အားပေးသည်ဟူ၍လည်း မရှိပေ။

**ကုသိုလ်ကြောင့် အသက်ရှည်သည်မဟုတ်**

ဤသို့ဖြစ်၍ ကုသိုလ်ကြောင့် တိရစ္ဆာန်၏အဖြစ်၌ အသက်ရှည်သည်ဟု မဆိုအပ်။ တိရစ္ဆာန်တို့ အသက်ရှည်ခြင်းသည် မူလရင်းပဋိသန္ဓေကိုဖြစ်စေတတ်သော အကုသိုလ်ဇနကကံ၏အတွက်ကြောင့်၊ အကုသိုလ်ကမ္မဇရုပ်တို့သာ အစဉ်မပြတ်ရှည်လျားစွာဖြစ်၍ အသက်ရှည်ခြင်းဖြစ်သည်ဟု မှတ်ယူအပ်၏။

**တိရစ္ဆာန်ဘဝ၌ချမ်းသာရန် ကုသိုလ်ကံက ထောက်ပံ့နိုင်၏။**

ပဝတ္တိအခါ၌ ထိုတိရစ္ဆာန်တို့အား သုခဝေဒနာဖြစ်၍ ချမ်းသာသုခနှင့် ပြည့်စုံရန် အကျိုးထူးအာနိသံကိုကား ကုသိုလ်ကံသည် အမှန်ပင် အထောက်အပံ့ပေးနိုင်စွမ်းလေသည်။ ဤသို့ အထောက်အပံ့ပေးနိုင်ကြောင်းကို လက်သန်းအဋ္ဌကထာက ဤသို့မိန့်ဆို၏။

> "ကာမာဝစရ ကုသလံဝိ၊ ကာမသုဂတိယမေဝ
> ပဋိသန္ဓိံ ဇနေတိ၊ တထာ ပဝတ္တိယဉ္စမဟာဝိနိ
> ပါကာနိ။ အဟေတုက ဝိနိပါကာနိ၊ ပနအဋ္ဌပိ
> သပ္ပတ္တာဝိ၊ ကာမလောကေ ရူပလောကေစ၊
> ယထာရဟံ ဝိပစ္စတိ" ဟု မိန့်၏။

**ဋီကာအဆိုအမိန့်ကား**

> သဗ္ဗတ္တာဝိ ကာမလောကေတိ၊ သုဂတိ ဒုဂ္ဂတိဝသေန၊
> သဗ္ဗသ္မိံဝိ ကာမလောကေ၊ ယထာရဟန္တိ၊ ဒွါရာလဗ္ဗဏာ
> နုရူပံ။
> အပါယေသုဝိယံ နာဂသုပဏ္ဏာဒီနံ၊ မဟာသမ္ပတ္တိ ဝိသယံ
> ဝိပါက ဝိညာဏံ။ ယဉ္စ နိရယ ဝါသီနံ၊ မဟာမောဂ္ဂလာနတ္ထေရ
> ဒဿနာ ဒီသု ဥပ္ပဇ္ဇတိ၊ ဝါပါက ဝိညာဏံ။ တံကုသလဿေ
> ဝဖလံ၊ နဟိအကုသလဿ၊ ဣဋ္ဌဝိပါကော သမ္ဘဝတိ။ (ဋီကာ)

**အနက်ကား**

သဗ္ဗတ္တာဝိ ကာမလောကေဟိ ဟူသည်ကား၊ သုဂတိ ဒုဂ္ဂတိဝသေန ဖြင့်၊ သဗ္ဗသ္မိံမ္ပိ- အလုံးစုံလည်းဖြစ်သော၊ ကာမလောကေ- ကာမလောက၌၊ ယထာရဟန္တိ-ဟူသည်ကား၊ ဒွါရာလဗ္ဗဏာနုရူပံ- ဒွါရအာရုံအားလျော်စွာ၊ ဟိယသ္မာ-ထိုသို့သောကြောင့်၊ အပါယေသု-အပါယ်ဘုံတို့၌၊ နာဂသုပဏ္ဏာဒီနံ- နဂါး ဂဠုန်တို့၏၊ မဟာသမ္ပတ္တိဝိသယံ- ကြီးစွာသော စည်းစိမ်လျှင် အာရုံရှိသော၊ ယံဝိပါက ဝိညာဏဉ္စ- အကြင်ဝိပါက်ဖြစ်သော ဝိညာဏ်သည်လည်း၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။ နိရယဝါသီနံ- ငရဲသူငရဲသား သတ္တဝါများ၏ မဟာမောဂ္ဂလာနဒဿနာဒီသု- မဟာမောဂ္ဂလာန်မထေရ်မြတ်ကို မြင်ခြင်း အစရှိသည်တို့၌၊ ယံဝိပါကဝိညာဏဉ္စ- အကြင်ဝိပါက်ဖြစ်သော ဝိညာဏ်သည်လည်း၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။ တံ ဝိပါကဝိညာဏံ- ထိုဝိပါက်ဝိညာဏ်သည်၊ ကုသလကမ္မဿေဝ- ကုသိုလ်ကံ၏သာလျှင်၊ ဖလံ-အကျိုးသည်၊ ဟောတိ-ဖြစ်၏။ တသ္မာ- ထို့ကြောင့်၊ သဗ္ဗတ္တာပိကာမလောကေဝိပ္ပစ္စတီတိ- အလုံးစုံလည်းဖြစ်သော ကာမလောကဟူ၍၊ ဝုတ္တံ-ဆိုအပ်၏။ ဟိ-မှန်၏။ အကုသလဿ-အကုသိုလ်၏ ဣဋ္ဌဝိပါကော-ကောင်းသောအကျိုးသည်၊ နသမ္ဘဝတိ-မဖြစ်။

စာမျက်နှာ ၁၂ သို့

# ဗုဒ္ဓမြတ်စွာ၏ ပဉ္စာသီတိယာ (၈၅)ပါးသော မဟာဂုဏ်တော်ဖွင့် ဗုဒ္ဓပူဇနိယ မဟာဝန္ဒနာ ဘုရားရှိခိုးကြီး

**သီတာဦး(မြန်မာစာ)**

**(ယခင်အပတ်မှအဆက်)**

**သောဘဂဝါ**= ထိုမြတ်စွာဘုရားသည်

၇၁။ သတ္ထာ= လူနတ်ပြဟ္မာသတ္တဝါတို့၏ ဆရာဖြစ်တော်မူသောကြောင့် **သတ္ထာ** ဟု မင်္ဂလာနိမိတ်ဝိသဋ္ဌဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

၇၂။ **သဒ္ဓမ္မစက္ကဝတီ**= တရားဒေသနာစကြရတနာကို လည်စေတတ်သော သဒ္ဓမ္မစကြာမင်းကြီးဖြစ်တော်မူသောကြောင့် သဒ္ဓမ္မစက္ကဝတီ ဟု ဂုဏ်ရည်တင့်ကြွားထင်ရှားသောဘွဲ့အမည်တော်ရှိတော်မူသည်။

၇၃။ **သဗ္ဗညူ**= သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသောအလုံးစုံသော ဉေယျဓမ်တရား (၅)ပါးကို သိလေ့ရှိတော်မူသောကြောင့် **သဗ္ဗညူ** ဟု မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ္တဝိသိဋ္ဌဂုဏ်ရည်ဘွဲ့အမည်တော်ရှိတော်မူသည်။

၇၄။ **သဗ္ဗဒဿာဝီ**= အလုံးစုံသော တရားတို့ကို မြင်တော်မူလေ့ရှိသောကြောင့် **သဗ္ဗဒဿာဝီ**ဟု ဂုဏ်ရည်တင့်ကြွား ထင်ရှားသော ဘွဲ့အမည်ရှိတော်မူလေသည်။

၇၅။ **သဗ္ဗဝိဒူ**= အလုံးစုံသော တရားတို့ကို သိတော်မူလေ့ရှိသောကြောင့် **သဗ္ဗဝိဒူ**ဟု မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ္တဝိသိဋ္ဌဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၇၆။ **သဗ္ဗာဘိဘူ**= ပြဟ္မာမင်းကြီးသည် အလုံးစုံသော သတ္တဝါတို့ကို မိမိတန်ခိုးဖြင့် လွှမ်းမိုးနိုင်သကဲ့သို့ ထို့အတူ အလုံးစုံသော သတ္တဝါတို့ကို အနန္တပုည၊ အနန္တဂုဏ၊ အနန္တဉာဏ၊ အနန္တတေဇ၊ အနန္တကဣဒ္ဓိ၊ အနန္တဇုတိတည်းဟူသော ဘုန်းတန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူတတ်သောကြောင့် **သဗ္ဗာဘိဘူ**= ဟူ၍ မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ္တဝိသိဋ္ဌဂုဏ်ရည် ဘွဲ့အမည်ရှိတော်မူ၏။

၇၇။ **သမ္ဗုဒ္ဓေါ**= သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်သိတော်မူသောကြောင့်လည်းကောင်း၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ ကိုယ်တော်တိုင်နိုးထတော်မူသောကြောင့်လည်းကောင်း၊ ဉာဏ်တော်အဆင့်ဆင့်ကောင်းစွာပွင့်တော်မူသောကြောင့်လည်းကောင်း၊ **သမ္ဗုဒ္ဓ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

၇၈။ **သမဏိန္ဒော**= ပုထုဇဉ်အရိယာများစွာသော ရဟန်းတို့ကို အစိုးရတော်မူသောကြောင့် **သမဏိန္ဒ**ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်တော်ရှိတော်မူသည်။

၇၉။ **သမဏိဿရော**= ရဟန်းတို့ကို သိက္ခာသုံးပါးလိုက်နာကျင့်သုံးစေလျက်စိုးမိုးအုပ်ချုပ်တော်မူသောကြောင့် **သမဏိဿရ**ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၈၀။ **သမန္တစက္ခု**= ထက်ဝန်းကျင်အလုံးစုံသော တရားတို့ကို မြင်ခြင်းငှာစွမ်းနိုင်သော သမန္တစက္ခုဟုဆိုအပ်သော သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသောကြောင့် **သမန္တစက္ခု**ဟု ထုတိမင်္ဂလာမဟာနိမိတ္တဝိသိဋ္ဌဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၈၁။ **သမန္တဘဒ္ဒေါ**= ထက်ဝန်းကျင်အလုံးစုံသောအဖို့အားဖြင့် ကောင်းမြတ်တင့်တယ်တော်မူသောကြောင့် **သမန္တဘဒ္ဒ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၈၂။ **သမ္မာသမ္ဗုဒ္ဓေါ**= သစ္စာလေးပါးမြတ်တရားကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသောကြောင့် **သမ္မာသမ္ဗုဒ္ဓ**ဟု အနုတ္တရဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၈၃။ **သယမ္ဘူ**= မိမိအလိုလို အရဟတ္တမဂ်ဉာဏ်ဖြင့် သဗ္ဗညုဘုရားဖြစ်တော်မူသောကြောင့် **သယမ္ဘူ**ဟု မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ္တဝိသိဋ္ဌဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၈၄။ **သိရီယနော**= (၃၂)ပါးသော မဟာပုရိသလက္ခဏာ (၈၀)သော လက္ခဏာတော်ငယ်၊ (၆)သွယ်သော ရောင်ခြည်တော်တည်းဟူသော ကျက်သရေတော်အပေါင်း ခညောင်းရောက်ရှိရာဖြစ်တော်မူသောကြောင့် **သိရီယန**ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူသည်။

၈၅။ **သုဂတော**= ကောင်းသောစကားကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်းကောင်း၊ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သောအကြောင်းကြောင့်လည်းကောင်း၊ ဘုန်းကျက်သရေတော်ဖြင့် တင့်တယ်စွာဖြစ်တော်မူသောအကြောင်းကြောင့်လည်းကောင်း၊ **သုဂတ**ဟုဝိသေသဂုဏ်ရည်ဘွဲ့အမည်တော်ရှိတော်မူသည်။

ဣတိ= ဤသို့၊ ပဉ္စာသီတိယာ (၈၅)ပါးသော၊ ဂုဏေဟိ=ဂုဏ်တော်တို့နှင့် သမ္ပန္နံ=ပြည့်စုံတော်မူသော၊ တံဘဂဝန္တံ= ထိုမြတ်စွာဘုရားကို၊ အဟံ= အကျွန်ုပ်သည် ဝန္ဒာမိ= ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဗုဒ္ဓမြတ်စွာ၏ ပဉ္စာသီတိယာ(၈၅)ပါးသော မဟာဂုဏ်တော်ဖွင့် ဗုဒ္ဓပူဇနိယမဟာဝန္ဒနာ ဘုရားရှိခိုးကြီး ဤတွင်ပြီးပေပြီ။)

"ဤသို့ ရှိခိုးပူဇော်အပ်သော ကုသိုလ်ကံစေတနာတို့ကြောင့် ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါအားလုံး ကျန်းမာချမ်းသာတော်မူကြပါစေသော်"

**သီတာဦး(မြန်မာစာ)**

---

**စာမျက်နှာ ၁၁ မှ**

**အဓိပ္ပာယ်ဖွင့်ဆိုလျှင်ကား**

ကုသိုလ်တို့သည် ငရဲသူငရဲသား၊ တိရစ္ဆာန်တို့သန္တာန်၌ အစဉ်မပြတ်ဆက်စပ်၍ အမြဲဖြစ်၍နေသော အကုသိုလ်ကမ္မဇရုပ်ကို အပါယ်ဘုံ၌ကြာမြင့်ရှည်လျားစွာ ခံနေရရန် အားမပေးသော်လည်း၊ ပဝတ္တိအကျိုးတို့ကား၊ ထိုဘဝဤဘဝ၌ပြုအပ်သော တိဟိတ်ဒွိဟိတ်ကုသိုလ်တို့ပင် ပေးနိုင်လေသည်။

ဤသို့ဖြစ်၍ တိဟိတ်ကုသိုလ်သည် ပဝတ္တိအခါတစ်ဆယ့်ခြောက်ပါးသော သဟိတ်၊ အဟိတ်၊ ဝိပါက်စိတ်တို့ဖြစ်ကြောင်းကိုလည်းကောင်း၊ ဒွိဟိတ်ကုသိုလ်သည် ပဝတ္တိအခါ တိဟိတ်ဝိပါက်ကိုကြဉ်၍ တစ်ဆယ့်နှစ်ပါးသော ဝိပါက်တို့ကို ဖြစ်စေနိုင်ကြောင်းဖြင့် အဋ္ဌကထာတို့၌ဆိုသည်။

ထို့ကြောင့် နဂါး၊ ဂဠုန်၊ ဆင်ပျံ၊ မြင်းပျံစသော အပါယ်သားတို့၏ ပဝတ္တိအခါ ချမ်းသာသုခတို့နှင့် ပြည့်စုံသောအရာမှာ ကုသိုလ်ကံစီမံ၍ချမ်းသာလေသည်။ ဤသို့ ပဝတ္တိအခါ ချမ်းသာသုခနှင့်ပြည့်စုံခြင်းမှာ ကုသိုလ်ကံကြောင့် ချမ်းသာသုခနှင့်ပြည့်စုံသည်မှန်၏။

အသက်ရှည်သောအရာမှာကား အပါယ်ဘုံ၌ ပဋိသန္ဓေကိုပေးသော အကုသိုလ်ဇနကကံသည် အလွန်အားကြီးစွာ ထက်သန်သည်ဖြစ်၍ အကုသိုလ်ကမ္မဇရုပ်တို့ကို ရှည်လျား စွာဖြစ်စေသည်ဖြစ်၍လည်းကောင်း၊ အကုသိုလ်ဇနကကံကို အကုသိုလ်ချင်း ထောက်ပံ့သည်ဖြစ်၍လည်းကောင်း၊ အပါယ်ဘုံတို့၌ အသက်ရှည်ကြသည်ဟု မှတ်ယူအပ်ပေသည်။

**ငြိမ်းချမ်းဦး**

# ရဲရင့်ပြတ်သား ဦးဗုဓ်တရား

မြတ်ဝေ (ရွှေပြည်သာ)

## နယုန်လ စာတော်ပြန်ပွဲ

မြန်မာဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်ကိုးကွယ်သူများဖြစ်ကြသည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်အမည်ခံရုံသက်သက်မျှသာ မဟုတ်။ ဗုဒ္ဓဘာသာကို ကိုယ်တိုင်လည်း နက်နက်ရှိုင်းရှိုင်းယုံကြည်ကိုးကွယ်သည်။ တိုင်းသူပြည်သားများကိုလည်း ယုံကြည်ကိုးကွယ်စေသည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာတော် သုံးရပ်အစဉ်ထွန်းကားပြန့်ပွားရေးအတွက် တစ်ဘက်မှအားတက်သရော အာဏာစက်ဖြင့်အစွမ်းကုန်ကူညီသာသနာပြုခဲ့ကြသည်။

ကုန်းဘောင်ခေတ်ကဖြစ်သည်။ ထိုအချိန်တွင် ဖလ်နန်းရှင်ဘုရင်မင်းတရားကြီး တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေသည်။ ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ရဟန်းသံဃာတော်များ စာတော်ပြန်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ ထိုအချိန်က ကျင်းပသော နယုန်လစာတော်ပြန်ပွဲမှာ ချိမ့်ချိမ့်သဲ စည်ကားလှသည်။ မင်းမိဖုရားမင်းညီမင်းသားစသည့် ဆွေတော်မျိုးတော်တို့ကလည်း ငါ့ကိုယ်တော် သူ့ကိုယ်တော်၊ ငါ့ကျောင်းသူ့ကျောင်းအစွဲလေးများဖြင့် စာဖြေသံဃာချင်းပါ အပြိုင်အဆိုင်ကြိုးစားနေကြသည်။ ထို့အတူ ဒါယကာ အချင်းချင်းလည်းပြိုင်ကြသည်။

## ပထမကျော်လောင်းခိုးမှု

နှစ်စဉ်နှစ်တိုင်းလိုပင် အိမ်ရှေ့မင်းကျောင်းတိုက်ကချည်း ပထမကျော်စွဲနေ၏။ ထို့အတူ နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီးမောင်အိုတို့ကလည်း ဒီနှစ်တော့ မိမိတို့ကျောင်းတိုက်က ပထမကျော်စွဲရန် ကြံစည်နေကြ၏။ နောက်အကြံတစ်ခုရ၍ အိမ်ရှေ့မင်းကျောင်းတိုက်မှ ကျောင်းထိုင်ဘုန်းကြီးကို ကပ်ခါ ပထမကျော်စွဲရန် အလားအလာရှိသော ကိုရင်တစ်ပါးကို လှည့်ပတ်၍ ပင့်သွားကြ၏။ မကြာမီအချိန်အတွင်း "ဒီနှစ်နန်းမတော်မယ်နုကျောင်းတိုက်က ပထမကျော်စွဲလိမ့်မည်" ဟူသော သတင်းသည် ထွက်ပေါ်လာ၏။

ထိုသတင်းကိုကြားရသော အိမ်ရှေ့မင်းသည် "ပထမကျော်စွဲမည့်ပုဂ္ဂိုလ်သည် မည်သည့်ပုဂ္ဂိုလ်နည်း" ဟု စုံစမ်းသောအခါ မိမိကျောင်းတိုက်က ကိုရင်မှန်း သိလေ၏။ ထိုအခါ အိမ်ရှေ့မင်းသည် နန်းမတော်မယ်နုနှင့် စလင်းမင်းသားကြီးမောင်အိုတို့ကို ရုံးတော်သို့တင်၍ တရားစွဲလေသည်။ ဘုရင်မင်းတရားကြီးသည် ညီတော်နှင့်မိဖုရားကြီးတို့အမှုလည်းဖြစ်၊ သာသနာရေးကိစ္စလည်း ဖြစ်နေသောကြောင့် ဆုံးဖြတ်ရခက်နေလေသည်။ ထို့ကြောင့် ထိုအမှုကို သုဓမ္မာဆရာတော်တို့ထံသို့ လွှဲအပ်လိုက်လေသည်။

## သုဓမ္မာသံဃာ့တရားရုံးတင်ပြီ

ဤသံဃာမှုခင်းသည် ထူးခြားသည်။ အများပြည်သူစိတ်ဝင်စားဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ဘက်ကတရားလိုသည် ဘုရင်မင်းတရားကြီး၏ ညီတော်အိမ်ရှေ့မင်းဖြစ်သည်။ တစ်ဘက်က တရားခံသည် မိဘုရားကြီးနန်းမတော်မယ်နုတို့ဖြစ်နေကြသောကြောင့်တည်း။ တရားလိုရော တရားခံပါ အာဏာထက်မြက်သော ဘုရင့်အမျိုးအနွယ်များ အချင်းချင်းဖြစ်နေကြသည်။ သုဓမ္မာဆရာတော်ကြီးများသည် ဓမ္မအလိုအရအမှန်ကို ရဲဝံ့စွာ ဆုံးဖြတ်ဝံ့မည်လော။ အာဏာထက်သော အိမ်ရှေ့မင်းနှင့် မိဖုရားကြီး နန်းမတော်မယ်နုတို့သည် သုဓမ္မာဆရာတော်ကြီးများအဆုံးအဖြတ်ကို အေးဆေးစွာ ခံယူကြမည်လော။ အာဏာထက်သူ ဘုရင့်သွေးများပီပီ ဓမ္မအလိုကို မလိုက်ပဲ အာဏာစက်ဖြင့် အဓမ္မတရားနည်းများကိုကျင့်သုံးပြီး တစ်ဘက်နှင့်တစ်ဘက် အပြိုင်အဆိုင် အနိုင်ကြကြမည်လော စသည့်မေးခွန်းများဖြင့် ဘုရင့်ဆွေတော်မျိုးတော်များ၊ ရဟန်းသံဃာတော်များ၊ တိုင်းသူပြည်သားများက အထူးစိတ်ဝင်စားစွာဖြင့် စောင့်ကြည့်လျက်ရှိကြလေသည်။

သုဓမ္မာဆရာတော်ကြီးများသည် တရားလိုရောတရားခံပါ အာဏာထက်မြက်သူများဖြစ်နေ၍ ဆုံးဖြတ်ရန်အခက်ကြုံနေကြရသည်။ ထို့ကြောင့် သုဓမ္မာဇရပ်၌ နေ့ဆွမ်းစားပြီးတိုင်း၊ အမှုကို မစစ်ဆေးဝံ့ပဲ "စာကြည့်ကြပါဦးစို့" ဟု ဆိုပြီး ပြန်ပြန်သွားကြသည်ဟုဆိုပါသည်။ ထိုသို့သုံးကြိမ်မြောက်ဆို၍ ပြန်ကြွမည်ပြုသောအခါ သက်တော် ၄၃၊ သိက္ခာတော် ၂၃ ဝါသာရှိသေးသော ဆရာတော်ဦးဗုဓ်က "ဆရာတော်ကြီးတို့ဟာ နေ့တိုင်းစားပြီး အိပ်နေကြသလား။ အရေးကိစ္စရှိမှ စာကြည့်နေလို့ဖြစ်ပ့ါမလား" ဟု ဝင်ရောက်လျှောက်ထားလေသည်။ ထိုအခါ သုဓမ္မာဆရာတော်ကြီးများက "ဆရာတော်လေးကော ဆုံးဖြတ်နိုင်မလား"ဟု ပြန်လည်အမိန့်ရှိကြလေသည်။ ဆရာတော်ဦးဗုဓ်က "အမှုကို အပ်လျှင် ဆုံးဖြတ်နိုင်ပါသည်" ဟု ရဲဝံ့စွာလျှောက်ထားလေသည်။ ထို့နောက် ဆရာတော်ကြီးများ၏ သဘောတူညီချက်ဖြင့်အမှုကို အဆုံးအဖြတ်ပေးရန် တာဝန်ယူ၍ လက်ခံလိုက်လေသည်။

## ဗုဓ်တရားအလေးထား

ဆရာတော်ဦးဗုဓ်သည် သုဓမ္မာဆရာတော်ကြီးများ ဆုံးဖြတ်ရန် မဝံ့ရဲသော "ပထမကျော်လောင်းခိုးမှု"ကို ရဲရင့်ပြတ်သားစွာ ဤသို့ချက်ချင်းဆုံးဖြတ်ပေးတော်မူလေသည်။

၁။ ဤအမှုသည် အိမ်ရှေ့မင်းနှင့်လည်းမဆိုင်၊ နန်းမတော်မယ်နုနှင့်လည်းမဆိုင်၊ မင်းသားကြီးမောင်အိုနှင့်လည်းမဆိုင်၊ ဘုန်းကြီးချင်း တပည့်လက်သားကို ဖြားယောင်းခေါ်ယူမှုဖြစ်သည်။ "နဘိက္ခဝေ အညဿ ပရိသာ ဥပလာပေတဗ္ဗာ ယော ဥပလာဘေယျ အာပတ္တိဒုက္ကဋဿ" ဟု ဝိနည်းပညတ်ရှိသောကြောင့် မောင်အိုကျောင်းတိုက်က ကျောင်းထိုင်ဘုန်းကြီးသည် သူတပါး၏ တပည့်လက်သားကို ဖျားယောင်းခေါ်ယူသဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ ဒေသနာနာကြား၊ အနီးရှိ ဘုန်းကြီးကဒေသနာခံလိုက်။

၂။ ပထမကျော်လောင်း ကိုရင်သည် သူတပါးဖျားယောင်းရာသို့ ဆန္ဒဂတိလိုက်ခြင်းကြောင့် ဤနှစ်ပထမပြန်စာမေးပွဲကို မဖြေဆိုရ။ ရွာသို့ပြန်သွားစေ။

"စိရံ တိဋ္ဌတု သဒ္ဓမ္မော"

မြတ်ဝေ (ရွှေပြည်သာ)

**(ဆရာဦးမြတ်ဝေ ကွယ်လွန်ခါနီး နောက်ဆုံးရေးသားသွားသော ဆောင်းပါးဖြစ်ပါသည်။)**



ရှေ့မျက်နှာဖုံးမှအဆက်

အမှန်အားဖြင့်လည်း အရာဝတ္ထုများကို စုပေါင်းရာတွင် ရောနှောသောအဆင့်လည်း ရှိ၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် **သံယောဂသမ္ဗန္ဓ** ဟု ခေါ်၏။ ဆန်နှင့်စပါးကို ရောနှောထားသည့် သဘောဖြစ်၏။ အောက်ဆီဂျင်နှင့် ဟိုက်ဒြိုဂျင် နှစ်ဆတို့ကို စုပေါင်းလိုက်ပါက ရေဖြစ်သွား၏။ ယင်းကဲ့သို့ စုပေါင်းခြင်းမျိုးကိုမူ **သမဝါယသမ္ဗန္ဓ**ဟု ခေါ်၏။ သံယောဂသမ္ဗန္ဓအရ စုပေါင်းခြင်းကို ရောနှောခြင်းဟု ဆိုရ၏။ ရောနှောခြင်းအရ စုပေါင်းရာတွင် ပါဝင်သော အရာဝတ္ထုတို့မှတစ်ပါး အခြားသော အရာဝတ္ထုသစ် ထွက်ပေါ်မလာပေ။ သမဝါယသမ္ဗန္ဓအရ စုပေါင်းရာတွင် ပါဝင်သော အရာဝတ္ထုများ ပျောက်သွားပြီး အခြားသော အရာဝတ္ထုသစ် တစ်ခု ထွက်ပေါ်လာရ၏။ ဆန်နှင့်စပါး စုပေါင်းရာ တွင် ဆန်နှင့်စပါးသာရှိပြီး အခြားဘာမျှမရှိ။ အောက်ဆီဂျင်နှင့် ဟိုက်ဒြိုဂျင်နှစ်ဆတို့ ပေါင်းရာတွင် အောက်ဆီဂျင်နှင့် ဟိုက်ဒြိုဂျင် ပျောက်သွားပြီး ရေ ဖြစ်ပေါ်လာ၏။ ဤသို့ အရာဝတ္ထုသစ် ဖြစ်ပေါ် လာအောင် စုပေါင်းနိုင်မှသာ အားသစ်ကိုရလေ၏။

သို့ဖြစ်လေရာ ကံများကို သစ္စာထိုက်အောင် စုပေါင်းရာ၌ ကာယကံ၊ ဝစီကံနှင့် မနောကံတို့ကို တစ်သားတည်းကျအောင် စုပေါင်းအပ်၏။ ထိုအခါ ကာယကံသည်လည်း ကာယကံအနေဖြင့် သတ်သတ်မရှိ။ ဝစီကံသည်လည်း ဝစီကံအနေဖြင့် သတ်သတ်မရှိ။ မနောကံသည်လည်း မနောကံအနေ ဖြင့် သတ်သတ်မရှိ။ အားလုံးတစ်ပေါင်းတည်း အနေဖြင့်သာ သစ္စာထိုက်သောကံဟူ၍ ဖြစ်လာမည် ဖြစ်၏။ သစ္စာထိုက်သောကံကား ဓမ္မသစ် ဖြစ်၏။ ဓမ္မသစ်ဖြစ်၍ အားရှိခြင်းဖြစ်၏။ အားရှိ ၍လည်း လောက၌ အံ့ဖွယ်ကောင်းလောက်အောင် အကျိုးတရားများကို ဖြစ်ပေါ် စေနိုင်ခြင်းဖြစ်၏။

**လောက၌ အံ့ဖွယ်ကောင်းလောက်အောင် အကျိုးတရားများကို ဖြစ်ပေါ်စေလိုပါက သစ္စာဆိုခြင်းဖြင့် အားထုတ်အပ်၏။ သစ္စာဆိုခြင်းကား လူတိုင်းလုပ်နိုင်စွမ်းသော အလုပ်ဖြစ်၏။ လူတိုင်း လုပ်နိုင်စွမ်းသော်လည်း ကာယကံ၊ ဝစီကံနှင့် မနောကံတို့ တစ်ဖြောင့်တည်း ကျဖို့တော့ လိုအပ်၏။ တစ်ဖြောင့်တည်းကျရုံနှင့်လည်း မပြီးသေး။ တစ်သားတည်းဖြစ်ဖို့လည်း လိုအပ်၏။ ထို့ကြောင့် သစ္စာဆိုနိုင်ရေး အတွက် ကာယကံ၊ ဝစီကံနှင့် မနောကံတို့ကို တစ်ဖြောင့်တည်း ကျအောင် အားထုတ်အပ်၏။**

သစ္စာနှင့်စပ်၍ဆိုရလျှင်-

သူတစ်ပါးတို့ ယုံကြည်စေရန် ပြောဆိုသောသစ္စာလည်း ရှိ၏။

မိမိအလိုရှိသော အရာဝတ္ထုကို ရနိုင်စေရန် ပြောဆိုသော သစ္စာလည်းရှိ၏။

မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်ပြောဆိုသော သစ္စာလည်း ရှိ၏။ ထိုသစ္စာသုံးမျိုးတို့တွင် မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် ပြောဆိုသောသစ္စာသည် အခြေခံအကျဆုံးဖြစ်၏။ အမှန်အားဖြင့် သစ္စယုဂခေတ်သည် ဤသစ္စာအပေါ်၌ တည်ဆောက်ထားခြင်း ဖြစ်၏။ သစ္စယုဂခေတ်ဟူသည်မှာ လူလေးပုံရှိလျှင် လေးပုံလုံးက မုသားပြောခြင်းမှ ကြဉ်ရှောင်ပြီး မှန်ကန်သော သစ္စာစကားကို ပြောသောခေတ်ဖြစ် ၏။

သူတစ်ပါးတို့ ယုံကြည်စေရန် ပြောသော သစ္စာနှင့်ပတ်သက်၍ ဆိုရလျှင် မဟာသုတသောမမင်းက ပေါရိသာဒအား သစ္စာပြုရာ၌ “အဆွေတော် ပေါရိသာဒ၊ ငါသည် သင့်ထံမှ ခေတ္တထွက်ခွာ၍ နေပြည်တော်၌ ချိန်းဆိုထားသည့်အတိုင်း နန္ဒပုဏ္ဏားနှင့် စကားကြွေးမရှိရလေအောင် တရားတော်ကို နာပြီးနောက် သစ္စာကို စောင့်သောအားဖြင့် သင့်ထံသို့ ပြန်လာပါမည်။ ငါသည် မဟုတ်မမှန်ပြောဆိုခြင်း ဖြစ်ခဲ့သော် ဤသန်လျက်လှံတို့ဖြင့် ကောင်းစွာ စောင့်ရှောက်သောမင်းမျိုး၌ နောက်ထပ်တစ်ဖန် မဖြစ်ပါစေသား” ဟူ၍ ပေါရိသာဒယုံကြည်လာအောင် သစ္စာဆိုခဲ့၏။ ဤသစ္စာမျိုးမှာ သူတစ်ပါး တို့ ယုံကြည်စေရန်ဆိုသော သစ္စာဖြစ်၏။

ဤသစ္စာသည်လည်း အားရှိသော သစ္စာပင်ဖြစ်၏။ အားရှိသည် ဆိုသော်လည်း သစ္စာဆိုသူ ကိုယ်တိုင်က မုသားကိုမဆိုတတ်သူဖြစ်ပါမှ အားရှိ၏။ ထို့ကြောင့် ဤသစ္စာသည်လည်း မုသားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သောသစ္စာ၌ အခြေတည်ပါ၏။

- မိမိအလိုရှိသော အရာဝတ္ထုကို ရနိုင်စေရန် ပြောဆိုသောသစ္စာနှင့် ပတ်သက်၍ဆိုရလျှင် သိဝိမင်းကြီး၏ အတ္တုပ္ပတ္တိသည် မှတ်သားဖွယ် ကောင်း၏။ သိဝိမင်းကြီးကား မျက်စိနှစ်ကွင်း အလင်းမရတော့သဖြင့် မင်းမလုပ်တော့ဘဲ မင်္ဂလာ ဥယျာဉ်တော်ရှိ ရေကန်အနီး၌နေ၏။ ထိုသို့နေသော အခါ မိမိလှူဒါန်းလိုက်သော မျက်စိအလှူဒါနကို အမြဲမပြတ်ဆင်ခြင်၍နေ၏။ တစ်နေ့တွင် သိကြားမင်းလာ၍ “သင်မင်းကြီး အလိုရှိသောဆုကို တောင်းယူတော်မူပါ” ဟုဆို၏။ ထိုအခါ သိဝိမင်းကြီးက “ကျွန်ုပ်တွင် စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေများစွာရှိပါ၏။ ယခုအခါ မျက်စိနှစ်ဖက်စုံလုံးပျက်နေသဖြင့် သေခြင်းကိုသာ အလိုရှိပါသည်” ဟု ပြော လျှင်၊ သိကြားမင်းက “အရှင်မင်းကြီး သေခြင်းကို အလိုရှိပါသည်ဟုဆိုခြင်းမှာ တကယ်ပင်သေခြင်းကို အလိုရှိပါသလော၊ သို့မဟုတ် မျက်စိမမြင်သဖြင့် ပြောခြင်းဖြစ်ပါသလော” ဟူ၍ မေး၏။ သိဝိမင်းကြီးကလည်း မျက်စိမမြင်သဖြင့်ပြောဆိုခြင်းဖြစ်ကြောင်း ပြောလေရာ သိကြားမင်းက “အရှင်မင်း ကြီး မျက်စိမြင်လာစေရန် ကျွန်ုပ်ဖန်ဆင်းနိုင်စွမ်း မရှိပါ။ သို့ရာတွင် သစ္စာ၏စွမ်းအင်ဖြင့်ကား တတ်နိုင်ပါ၏။ ထို့ကြောင့် အရှင်မင်းကြီးအနေဖြင့် သစ္စာပြုတော်မူပါ” ဟု ပြောဆို၏။

ထိုအခါ သိဝိမင်းကြီးက “ကျွန်ုပ်ထံမှောက် တောင်းရမ်းရန် လာရောက်ကြသော အလှူခံပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ ထိုအလှူခံပုဂ္ဂိုလ်တို့အနက် မိမိတို့အလိုရှိရာကို တောင်းရမ်းသော အလှူခံတို့ကို လည်းကောင်း ကျွန်ုပ်သည် နှစ်သက်မြတ်နိုးသည်ချည်းဖြစ်ပါ၏။ ဤသစ္စာကြောင့် ကျွန်ုပ်၏မျက်စိသည် ကောင်းစွာဖြစ်သတည်း” ဟု သစ္စာပြုလိုက် လျှင် ပထမမျက်စိသည် ကောင်းစွာဖြစ်လာ၏။ ထို့နောက် “မျက်မမြင်ပုဏ္ဏားသည် ကျွန်ုပ်ထံ လာရောက်၍ မျက်စိကိုအလှူခံသောအခါ ထိုပုဏ္ဏားအား ကျွန်ုပ်မျက်စိ နှစ်ဖက်လုံးကို လှူဒါန်းလိုက်ပါ၏။ ထိုသို့လှူဒါန်းသောအခါ ကျွန်ုပ်သည် နှစ်ခြိုက်အားရဝမ်းသာလှပါ၏။ ဤသစ္စာစကားသည်လည်း မှန်သော သစ္စာစကားဖြစ်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် ကျန်မျက်စိ တစ်ဖက်သည် ကောင်းစွာဖြစ်ပါစေသတည်း” ဟု သစ္စာပြုလိုက်သည်နှင့် တစ်ပြိုင်နက် ကျန်မျက်စိတစ်ဖက်လည်းကောင်းစွာဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဤသစ္စာသည်လည်း သိကြားမင်းပင် ဖန်ဆင်းနိုင်စွမ်း မရှိသော မျက်စိနှစ်ဖက်လုံးကို ရစေနိုင်လောက်အောင် အားရှိပါ၏။ အားရှိသည်ဆိုသော်လည်း မုသားမဆိုတတ်သူတို့က ပြုမှသာ အားရှိ၏။ ထို့ကြောင့် ဤသစ္စာသည်လည်း မုသားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်သော သစ္စာ၌ပင် အခြေတည်ပါ၏။

ဖော်ပြပါ သစ္စာနှစ်ပါးတွင် ပထမသစ္စာက သူတစ်ပါးတို့ ယုံကြည်စေဖို့အတွက် သစ္စာပြုခြင်း ဖြစ်၏။ ဒုတိယသစ္စာက မိမိဆန္ဒပြည့်ဝစေဖို့ အတွက် သစ္စာပြုခြင်းဖြစ်၏။ သစ္စာနှစ်ပါးစလုံးမှာ မုသားကို ရှောင်ကြဉ်သော သစ္စာ အပေါ်၌ အခြေခံရ၏။ ထို့ကြောင့်လောက၌ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်မှုသည် များစွာအရေးကြီး၏။ ထိုကဲ့သို့ ရှောင်ကြဉ်နိုင်ပြီဆိုလျှင် သစ္စာပြုခြင်းအားဖြင့် မိမိ၏ ဆန္ဒကိုပြည့်ဝအောင် လုပ်၍ရသည်ချည်း ဖြစ်လေ၏။

သီဟိုဠ်ကျွန်း စေရကကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော မဟာမိတ္တမထေရ်၏ မိခင်၏ရင်သား၌ အဆိပ်အိုင်းအနာ ပေါက်လာ၏။ ထိုအခါ မိခင်က သမီး ဘိက္ခုနီမအား မောင်တော် မဟာမိတ္တမထေရ်ထံ ဆေးတောင်းရန် လွှတ်လိုက်၏။ မိခင်၏ စေခိုင်းချက်အတိုင်း နှမဖြစ်သူ ဘိက္ခုနီမက မောင်တော်မဟာမိတ္တထံ ဆေးလာတောင်း၏။ မဟာမိတ္တမထေရ် ထံတွင် အိုင်းအနာ ပျောက်ဆေးဟူ၍မရှိ။ သို့ရာတွင် မိမိ မိခင်၌ စွဲကပ်နေသော

အိုင်းအနာကို ပျောက်ကင်းစေချင်၏။ သီလရှိသူ၏ ဆန္ဒဟူသမျှသည် ပြည့်စုံမြဲဖြစ်၏ဟူ၍ မြတ်စွာဘုရား၏ ဒေသနာတော်ကို အားကိုး၍ မဟာမိတ္တမထေရ်က ဤသို့သစ္စာပြု၏။

"ငါသည် ရဟန်းဖြစ်သည့်အခါမှစ၍ ယနေ့တိုင်အောင် တပ်မက်သော တဏှာရာဂဖြင့် ဣန္ဒြေကိုဖျက်ကာ မိန်းမအာရုံကို မကြည့်ဖူးပေ။ ဤစကားသည် မှန်သောသစ္စာဖြစ်၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ့မိခင်၏ချမ်းသာခြင်းသည် ဖြစ်စေသတည်း" ဟု မြွက်ဆိုပြီးလျှင်၊ နှမဖြစ်သူ ဘိက္ခုနီမအား "သင်ပြန်လျှင် ယခု ငါဆိုသော သစ္စာစကားကို မိခင်ထံ ရောက်လျှင် ရွတ်ဆို၍ မိခင်ကိုယ်ကို သုံးသပ်ပါလေ" ဟု မှာလိုက်၏။

သမီးဘိက္ခုနီမကလည်း မောင်တော် မဟာမိတ္တမထေရ်မှာလိုက်သည့်အတိုင်း မိခင်ထံသွား၍ သစ္စာဆိုပြီး မိခင်၏ ကိုယ်ကိုသုံးသပ်လိုက်ရာ၊ မိခင်၏ရင်သား၌ စွဲကပ်နေသော အဆိပ်အိုင်း အနာသည် ရေမြှုပ်စိုင်သကဲ့သို့ ခဏချက်ချင်း ကျေပျောက်သွား၏။ ထိုအခါ မိခင်ကြီးက "မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိပါလျှင် ငါ့သား မဟာမိတ္တ၏ ဦးခေါင်းတော်ကို ရွှေလက်တော်ဖြင့် အဘယ်မှာလျှင် မသုံးသပ်ဘဲ ရှိပါအံ့နည်း" ဟု ဝမ်းမြောက်စကားဆို၏။

နောက်ဝတ္ထုတစ်ခုရှိသေး၏။ သီဟိုဠ်ကျွန်းတွင်ပင်ဖြစ်၏။ အမျိုးသမီး တစ်ယောက် ရောဂါဖြစ်သောအခါ ဆေးဆရာက ယုန်သားအစိုကို ရလျှင် ပျောက်မည်ပြောသဖြင့် သားကြီးဖြစ်သူက ညီငယ် ဇဂ္ဂနကို လယ်တောသို့သွား၍ ယုန်ရှာရန် လွှတ်လိုက်၏။ ညီငယ်ဇဂ္ဂနလည်း လယ်တောသို့ ယုန်ရှာရန် ထွက်ခဲ့၏။ ယုန်တစ်ကောင်သည် ဇဂ္ဂနကိုမြင်၍ ပြေးလေရာ နွယ်ပင်နှင့်ငြိပြီး မပြေးနိုင်ဘဲ ရှိ၏။ ထိုအခါ ဇဂ္ဂနသည် ယုန်ကို အလွယ်တကူပင် ဖမ်းမိ၏။ သို့ရာတွင် ယုန်သည် ကြောက်လန့်သဖြင့် အော်လေ၏။ ဇဂ္ဂနသည် **"ငါ့မိခင် အသက်ချမ်းသာရေးအတွက် သူတစ်ပါး၏ အသက်ကို သတ်ရမည်ဖြစ်လျှင် တရားမည်မဟုတ်။ မကောင်းမှုဖြင့် ကောင်းကျိုးကိုရအောင် အားထုတ်ခြင်းသည် သူမိုက်တို့၏ ကျင့်စဉ်သာ ဖြစ်၏"** ဟု ဆင်ခြင်ကာ ယုန်ကိုလွှတ်လိုက်၏။ ထို့နောက် ဇဂ္ဂနသည် အိမ်သို့ ပြန်လာ၏။

အိမ်သို့ရောက်သောအခါ "ယုန်ကို မရခဲ့ဘူးလား" ဟူ၍ အစ်ကိုကြီးက ညီငယ် ဇဂ္ဂနအားမေးရာ ဇဂ္ဂနကလည်း ယုန်ကိုရကြောင်း၊ စဉ်းစားကြည့်သောအခါ တရားသည်မထင်၍ လွှတ်လိုက်ကြောင်း အမှန်အတိုင်းပင် ပြန်ပြော၏။ အစ်ကိုကြီးက မကျေမနပ်ပြောဆိုသောအခါ ဇဂ္ဂနသည် မိခင် ထံသို့သွား၍ "ကျွန်ုပ်သည် လူဖြစ်သည်မှစ၍ ယနေ့အထိ သေစေလိုသောစိတ်ဖြင့် သတ္တဝါကို သတ်ဖူးသည်မရှိပါ။ ဤစကားသည် မှန်သောသစ္စာ ဖြစ်ပါ၏။ ဤမှန်သောသစ္စာကြောင့် ကျွန်ုပ်၏ မိခင်သည် ကျန်းမာချမ်းသာပါစေသား" ဟု သစ္စာ ပြုလိုက်၏။ ဤသို့ သစ္စာပြုသည်နှင့် တစ်ပြိုင်နက်ပင် ဇဂ္ဂန၏မိခင်သည် ကျန်းမာသွား၏။

အမှန်အားဖြင့် သစ္စာ၏အားသည် တကယ့်အားဖြစ်၏။ သိကြားမင်းပင် မတတ်နိုင်သည်ကို သစ္စာက တတ်နိုင်၏။ သို့ရာတွင် ထိုအားကား လွယ်လွယ်နှင့် ရနိုင်ကောင်းသောအားမဟုတ်။ မုသာဝါဒ သိက္ခာပုဒ်ကို ရှောင်ကြဉ်မှသာ ရနိုင်သော အား ဖြစ်၏။ မုသာဝါဒသိက္ခာပုဒ်ကို ရှောင်ကြဉ် သူများအနေဖြင့် မှန်ကန်သောအရာဝတ္ထုကို အာရုံ ပြု၍ သစ္စာဆိုပါကဆိုသော သစ္စာအတိုင်း မိမိ၏ အလိုဆန္ဒသည် ပြည့်ဝသည်သာ ဖြစ်၏။ ဓမ္မ၏ ဘက်တော်သားများဖြစ်ကြသော တန်ခိုးရှင်များသည် လောကကို မတိမ်းမစောင်းရလေအောင် အစဉ်စောင့်ရှောက်နိုင်ရန် တာဝန်ယူ လျက်ရှိကြ၏။ တာဝန်မဲ့နေကြသည်မဟုတ်။

ထို့ကြောင့် မုသာဝါဒသိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် ဒါန သဘောလည်းပါအောင် စောင့်ထိန်းရ၏။ သီလသဘောလည်းပါအောင် စောင့်ထိန်းရ၏။ ဘာဝနာသဘောလည်းပါအောင် စောင့်ထိန်းရ၏။ ဒါန၊ သီလ၊ ဘာဝနာတို့ကို သတ်သတ်စီမဟုတ်ဘဲ တစ်ပေါင်းတည်းပါအောင် စောင့်ထိန်းနိုင်မှသာ ဘဝအမြင်သစ်ဖြင့် မုသာဝါဒသိက္ခာပုဒ်ကို စောင့်ထိန်းရာရောက်၏။

မုသာဝါဒ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ဖြစ်ပါက အလောဘလည်း ပါမည်ဖြစ်၏။ အဒေါသလည်း ပါမည်ဖြစ်၏။ အမောဟသာ မသေမချာသဘောရှိ၏။ ပါချင်လည်း ပါနိုင်၏။ မပါချင်လည်းမပါဘဲ ရှိနိုင်၏။ သို့ရာတွင် တကယ်တမ်း အကျိုးကြီးမားလိုပါက အမောဟကို မပါဘဲ မနေရအောင် အားထုတ်ရမည်ဖြစ်၏။ ထိုအခါ မုသာဝါဒ သိက္ခာပုဒ်ကို စောင့်ထိန်းသောကုသိုလ်သည် တိဟိတ်ကုသိုလ် ဖြစ်ရလေတော့၏။

တိဟိတ်ကုသိုလ်တွင် အလောဘဟူသည် တပ်မက်မှုကင်းခြင်း ဖြစ်၏။ တပ်မက်မှုကင်းပါက မုသားကို ပြောခြင်းဖြင့် ရရှိမည့်ကိုယ်ကျိုးကို စွန့်နိုင်၏။ ကိုယ်ကျိုးကို စွန့်နိုင်ခြင်းသည် ဒါနပင်ဖြစ်၏။ အဒေါသဟူသည် မိမိ၏သိက္ခာကို ထိန်းသိမ်းခြင်းနှင့် လောကအပေါ် ချစ်ခြင်းဖြစ်၏။ မိမိ၏ သိက္ခာကို ထိန်းသိမ်းခြင်းသည် သီလပင်ဖြစ်၏။ လောကအပေါ် ချစ်ခြင်းကား မေတ္တာဘာဝနာဖြစ်၏။ အမောဟဟူသည်ကား အနိစ္စသညာကိုရအောင် ယူခြင်းဖြစ်၏။ ကံနှင့်ကံ၏အကျိုးကို သိမြင်မှု သဘောနှင့်တကွ အနိစ္စသညာကိုပါ ရအောင်ယူနိုင်ဖို့ အရေးကြီး၏။ သို့မှသာ ဝိပဿနာဘာဝနာ ဆိုက်နိုင်၏။


**သို့ဖြစ်လေရာ ကုသိုလ်ဖြစ်တိုင်း တိဟိတ်ကုသိုလ်ဖြစ်အောင် အားထုတ်အပ်၏။ တိဟိတ်တွင်လည်း အလောဘအရ ဒါနသဘော သက်ဝင်အောင်၊ အဒေါသအရ သီလနှင့် မေတ္တာ ဘာဝနာသဘော သက်ဝင်အောင်၊ အမောဟအရ ဝိပဿနာသဘောသက်ဝင်အောင် အားထုတ်အပ်၏။** ထိုသို့ အားထုတ်ပါမှလည်း ဘဝအမြင်သစ်ဖြင့် ကုသိုလ်ကို အားထုတ်သည်မည်၏။ အထူးအားဖြင့် သိက္ခာပုဒ်များကို စောင့်ထိန်းရာ၌ ဒါန၊ သီလ၊ ဘာဝနာတို့ တစ်ပေါင်းတည်းပါဝင်လာအောင် စောင့်ထိန်းအပ်၏။ ဒါန၊ သီလ၊ ဘာဝနာတို့ကို သတ်သတ်စီသဘောဖြင့် စောင့်ထိန်းခြင်းမျိုး မဖြစ်သင့်ပေ။

ထို့ကြောင့် မုသာဝါဒသိက္ခာပုဒ်ကို စောင့်ထိန်းရာ၌ ဒါန၊ သီလ၊ ဘာဝနာတို့ကို တစ်ပေါင်းတည်းပါဝင်အောင် စောင့်ထိန်းခြင်းဖြင့် မုသား ပြောခြင်းမှ ရှောင်ကြဉ်မှု သစ္စာကိုအခြေတည်၍၊ သူတစ်ပါး ယုံကြည်စေရန် ပြောဆိုအပ်သော သစ္စာနှင့် မိမိ၏ အလိုဆန္ဒပြည့်ဝလာစေရန် ပြောဆို အပ်သော သစ္စာတို့ကို တည်ဆောက်အပ်ပါ၏။

**ကျမ်းကိုး။** မဟာဗုဒ္ဓဝင်ကြီး၊ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

(ဆက်လက်ဖော်ပြပါမည်။)

**ဦးရွှေအောင်**



စာမျက်နှာ ၁၀ မှ

နေဝ ဒါနာ ဝိရမိဿံ၊ ကာမံ ဆိဇ္ဇန္တု သတ္တဓာ။ ။

သဗ္ဗေ- အလုံးစုံကုန်သော၊ သိဝိယော-သိဝိတိုင်းသူပြည်သား လူအများတို့သည်၊ မံ-ငါ့ကို၊ ကာမံ- စင်စစ်၊ ပဗ္ဗာဇေန္တုဝါ-တိုင်းပြည်က နှင်ထုတ်လျှင်လည်း နှင်ထုတ်ကြပါစေ၊ ဟနန္တုဝါ-အသေသတ်လျှင်လည်း သတ်ကြပါစေ၊ သတ္တဓာ-ခုနစ်ပိုင်း၊ ဆိဇ္ဇန္တုဝါ-ဖြတ်လျှင်လည်း ဖြတ်ကြပါစေ၊ ဧဝံတထာပိ-ဤသို့သတ်ချင်သလိုသတ်၊ ဖြတ်ချင်သလိုဖြတ်၊ နှင်ထုတ်ချင်သလို နှင်ထုတ်ကြပါသော်လည်း၊ အဟံ-ငါသည်၊ ဒါနာ-အလှူပေးခြင်းမှ၊ နဝိရမိဿံ-ရှောင်ကြဉ်လိမ့်မည်မဟုတ်။ ဒါနံဒဿာမိယေဝ-နောက်သို့မဆုတ် ဒါနအလုပ်ကို၊ ဆက်လက်လုပ်မည် လှူဒါန်းမည်သာတည်း။

ဤသည်ကား ဝေဿန္တရာမင်း၏ အမေးသုံးချက် အဖြေသုံးချက် ထုတ်၍ မှန်ကန်သော မိမိ၏ အလုပ်ကို နောက်သို့မဆုတ်အသက်စွန့်၍ပင် ဆက်လုပ်ဆောင်ပုံအကြောင်းတို့ကို ပါဠိပိဋ္ဋက၊ ဇာတကဝတ္ထုဒုတိယအုပ်၌ ဖော်ပြထားလေသည်။

**အမှားတွေ့၍ နောက်ဆုတ်သော သိဝိမင်းကြီး**

ဤကဲ့သို့ မေးခွန်း(၃)ချက်၊ အဖြေ(၃)ချက် ထုတ်၍ အမှားကိုတွေ့သော် နောက်သို့ဆုတ်သော သူတော်ကောင်းကား အလောင်းတော် သိဝိမင်းကြီးပေတည်း။

သိဝိမင်းကြီးသည် ဥမ္မာဒန္တီကိုတွေ့မြင်ပြီးနောက် ဥမ္မာဒန္တီ၏ အလှတွင် ယစ်မူးစွဲလန်းတမ်းတ၍ စားမဝင် အိပ်မပျော် ဖြစ်နေလေသည်။ အဘိပါရကစစ်သူကြီး၏ ဇနီးမယားဖြစ်သည်ဟု သိရသော်လည်း စွဲလမ်းမြဲစွဲလမ်းနေလေသည်။

**အမှားအမှန် မဆုံးဖြတ် မသုံးသပ်နိုင်သောဘဝ**

(၁) ငါသည် ပြည်သူပြည်သားအပေါင်းတို့၏ အားထားရာ ကိုးကွယ်ရာ ရေမြေသနင်းပြည့်ရှင်မင်းဖြစ်သည်ဟူသော ဘဝကိုမေ့လေပြီ။

(၂) ငါသည် သူတစ်ပါး၏ ဇနီးမယားအပေါ် စွဲလန်းမှုကြီးပြုမိလေပြီ။

(၃) ထိုပြုမူချက်ကို အမှားအမှန်မဆုံးဖြတ်၊ မသုံးသပ်နိုင်ပြီ။

အကယ်၍ သိဝိမင်းကြီးသည်၊ ယခုငါ၏ စွဲလန်းချက်သည် ပုထုဇဉ်လူသားအဖို့ အမှားဟုမဆိုနိုင်။ ငါသည် သက်ဦးဆံပိုင်ဘဝရှင်မင်းဖြစ်သည့်အားလျော်စွာ မည်သူ့ကိုမဆို သေစေရှင်စေပြုနိုင်သော ပိုင်ရှင်ဖြစ်၍ ဥမ္မာဒန္တီကို ငါသိမ်းပိုက်မည်ဟု ဆုံးဖြတ်လုပ်ဆောင်လိုက်ပါက အမှားကြီးမှားလေမည်သာတည်း။

**မေးခွန်း(၃) ချက်၊ အဖြေမှန်(၃)ချက် ထုတ်ဖော်နိုင်၍သာ**

အဘိပါရကစစ်သူကြီးသည် အမျိုးမျိုးတင်လျှောက်၍ မင်းကြီးအား မိမိ၏ ဇနီးမယားဖြစ်သော ဥမ္မာဒန္တီကို ဆက်သသည်ရှိသော် သိဝိမင်းကြီး သတိရတော်မူလာသည်။

(၁) ငါသည် အဘိပါရကစစ်သူကြီး၏ တရားဝင်ဆက်သခြင်းကို လက်ခံ၍ ဥမ္မာဒန္တီကို သိမ်းပိုက်လိုက်ပါက ဥမ္မာဒန္တီသည် ငါ၏ တရားဝင်မိဖုရားဟု မည်သူကမျှ ယုံကြည်ကြမည်မဟုတ်။ (မတရားသိမ်းပိုက်ထားသော မိဖုရားဟုသာ ယူဆကြပေမည်။)

(၂) ငါ့အပေါ် တိုင်းသူပြည်သား လူအများတို့က မတရားသော မယားခိုး၊ မယားလုမင်းဟု ကဲ့ရဲ့ပြစ်တင်ကြလိမ့်မည်။

(၃) ငါသည် အနစ်နာခံခေါင်းဆောင်ကောင်း မင်းကောင်း မင်းမြတ်မဖြစ်၊ အခွင့်ထူးခံ ခေါင်းဆောင်ညံ့၊ မင်းဆိုးမင်းယုတ်ဖြစ်ပေတော့မည်။

(၄) သိဝိမင်းကြီးသည် မိမိကျေးကျွန်စစ်သူကြီး၏ မယားကို သိမ်းပိုက်သတဲ့ဟု ရာဇဝင်တွင်ရစ်လေတော့မည်။

(၅) အဘိပါရက စစ်သူကြီးသည် သူ၏ ကာမပိုင်မယားအလှမယ်ဥမ္မာဒန္တီကို မမြင်ရလျှင် ရင်မှာမအေးပူဆွေးတမ်းတ လွမ်းနာကျရှာတော့မည်။

## သံဝေဂတရားဖြင့် ဝမ်းနည်းခြင်း

### (အမှားပြင်ဆင်ချက်)

၁၂. ၅. ၀၉ နေ့ထုတ်၊ အတွဲ(၁၅)၊ အမှတ်(၈) ဓမ္မဝီရဂျာနယ် စာမျက်နှာ ၃၅ တွင် ဖော်ပြခဲ့သော ဓမ္မစာရေးဆရာကြီး မြတ်ဝေ(၇၇နှစ်) သံဝေဂတရားဖြင့် ဝမ်းနည်းရခြင်း ဆောင်းပါး ဒုတိယကော်လံ စာကြောင်းရေ ၃၂ တွင် "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ စန္ဒန" ဟူသော စာကြောင်းအစား၊ "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာဂိတ မဟာထေရ်နှင့်တကွ၊ ဘဒ္ဒန္တစန္ဒန" ဟုလည်းကောင်း၊ တတိယကော်လံ ပထမ ဆုံးစာကြောင်းမှ 'ကျင်းပခဲ့သောပူဇော်ပွဲကြီးသည်ကား' ဟူသော စာကြောင်း အစား "ကျင်းပခဲ့သော ပူဇော်ပွဲကြီးစည်ကား" ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၆) ဤစစ်သူကြီးသည် ငါ၏ အမှုတော်ကို ကျေပွန်စွာထမ်းရွက်သဖြင့် ငါ၏ မိတ်ဆွေကောင်းဖြစ်ပေသည်။ ယင်းသို့ဖြစ်ပါလျက် ငါသည် သူ့ကျေးဇူးကို မမျှော်မထောက်သော ကျေးဇူးကန်းသောသူယုတ်မာ ဖြစ်ရပေတော့မည်ဟု မီးခိုးမဆုံး မိုးမဆုံး ဆက်လက်တွေးတောတော်မူလေသည်။

၁။ ငါဘယ်လို လူစားလဲ?

ငါသည် ပြည်သူပြည်သားတို့အားထားရာ မင်းဖြစ်သည်။

၂။ ငါဘာကိုလုပ်မိနေသလဲ?

ငါသူတစ်ပါးမယားကို တပ်မက်လိုချင်နေတယ်။

၃။ ငါ၏ တပ်မက်လိုချင်မှု မှန်ရဲ့လား?

မမှန်ပါ၊ လုံးဝမမှန် အမှားကြီးမှားနေပါကလား။

ဤသို့မေးခွန်း (၃)ချက်၊ အဖြေမှန်(၃)ချက်ထုတ်ဖော်နိုင်ပြီဖြစ်၍ သိဝိမင်းသည် ဥမ္မာဒန္တီကို မိမိအား ဆက်သခြင်းကို ပယ်မြစ်တော်မူ၍ တည်ကြည်ဖြောင့်မတ်စွာသော မင်းကျင့်တရားကို ကျင့်သုံးတော်မူသည်။

**သူတော်ကောင်း သိဝိမင်း၏ မှတ်သားဖွယ် စကားများ**

(၁) ရှေ့ဆောင်နွားလား အကောက်သွားသော်
နောက်နွားတစ်သိုက် အကောက်လိုက်၏။

(၂) ရှေ့ဆောင်နွားလား အဖြောင့်သွားသော်
နောက်နွားတစ်သိုက် အဖြောင့်လိုက်၏။

(၃) မင်းတို့တရား ပျက်ကွက်ငြားမူ
အများနောက်ဆက် တရားပျက်၏။

(၄) မင်းတို့တရား တည့်မတ်ငြားမူ
အများအသင့် တရားကျင့်၏။


(ဇာ၊ ပါ၊ ဒု ၄၅-၄၆)

ဤသည်တို့ကား ပညာရှိသူတော်ကောင်းတို့၏ မိမိကိုယ် မိမိ မေးခွန်း(၃)ချက်၊ အဖြေ(၃)ချက်ဖြင့် သုံးသပ်ဝေဖန်၍ အမှားကို စွန့်ပယ်ပုံ အကြောင်းများဖြစ်သည်။

ဓမ္မဝီရ ဓမ္မမာမက တရားချစ်ခင် သူတော်ကောင်းအပေါင်းတို့ ဤဥပဒေသနည်းလမ်းအတိုင်း မိမိကိုယ်မိမိ မေးခွန်းထုတ် အဖြေမှန်ရှာ၍ "မှားသော် နောက်ဆုတ်၊ မှန်သော် ဆက်လုပ်' ဟူသော ပညာရှိတို့၏ ထုံးစံများကို ကျင့်သုံးတော်မူနိုင်ကြစေရန် တင်ပြလိုက်ရပါသတည်း။

စာကိုး။ ။ မုံရွာမြို့ အရှေ့လယ်တီကျောင်းတိုက်၊ ပဓာန နာယက ဆရာတော်ဘုရားကြီး အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလစီရင်တော်မူသော မဟာသုတဒီပနီကျမ်း၊ ဒုတိယတွဲကို ကိုးကားတင်ပြပါသည်။

**ဟံသာဝတီ-ဦးအုန်းကြိုင်**



ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုက္ကုဋ္ဌေဘာသမဟာထေရ်

ဟောကြားတော်မူအပ်သော

# ပါဠိပိဋကတ်တော်ဒီဃနိကာယ်မဟာဝဂ္ဂသုတ္တန်

မဟာသတိပဋ္ဌာနသုတ်တော်လာ

အလွန်မွန်မြတ်လှပြီးနားလည်လွယ်၍ နိဗ္ဗာန်ရောက်ကြောင်း

လူတိုင်းလက်တွေ့ကျင့်နိုင်သော

# ဓမ္မာနုပဿနာတရားတော်မြတ်

ဤ"ဓမ္မာနုပဿနာတရားတော်မြတ်သည် သာသနာအတွက်အလွန်အကျိုးရှိပြီး၊ သာသနာပြုရာလည်းရောက်သည်မည်၍၊ မြန်မာဘာသာတစ်မျိုးတည်းဖြင့် အစအဆုံးဖော်ပြလိုက်ရပါသည်။ (ဓမ္မဝီရဂျာနယ်)

(ယခင်အပတ်မှအဆက်)

ဖြစ်တာတွေက အကြောင်းအားလျော်စွာ ဖြစ်ခါမျှကို (ဇာတိ)လို့ခေါ်တယ်၊ အကြောင်းဖြစ်တဲ့ (ဇာတိ)ကိုသိရင် (ဖြစ်ချင်ရင်ဖြစ်တာ) ပဲ၊ (မဖြစ်ချင်ရင် မဖြစ်ဘူး)ပေါ့။ ဖြစ်ချင်တာက (သမုဒယ)နဲ့ အကြောင်းရှာလို့ပေါ့၊ (ဒုက္ခ)နဲ့ ပြန်ခံစားကြရတယ်၊ ပြန်ခံစားတာက အရင်က ခံစားခဲ့ရဘူးတဲ့ ဒေါမနဿ၊ သောမနဿ(ဒုက္ခ)ကိုပဲပေါ့၊ ဒီလိုခံစားရင် (ခန္ဓာငါးပါး) ဒုက္ခရပြီပဲ။

သိချင်တာလည်း (ဖြစ်ခြင်း) ရဲ့အကြောင်းပါတယ်၊ ဘာမဆို (ချင်) တာလေးပါရင် (တဏှာ)ဖြစ်သွားပြီ၊ (ချင်)တာက (အဝိဇ္ဇာ၊ တဏှာ)၊ ဒါကြောင့် (အဝိဇ္ဇာ၊ တဏှာ)ဖြစ်တဲ့ သမုဒယတွေ အစပျိုးနေကြတဲ့ သဘောတွေကို အရင်ပယ်ရမယ်. . . (မှန်ပါ့)။

အဲဒီလိုပယ်ပြီးရင် (အရိယာ)အမြင်ရှိပြီပေါ့၊ ဖြစ်ချင်နေတာက (လောဘ၊ တဏှာ)ပါနေပြီ။ ဖြစ်ချင်တော့ဖြစ်တယ်၊ ဖြစ်တော့ (အနိစ္စ၊ ဒုက္ခ) တွေဖြစ်တယ်၊ မဖြစ်ချင်တော့ (ဒုက္ခ)တွေမဖြစ်တော့ဘူး။ ဖြစ်တာက (အဝိဇ္ဇာ၊ တဏှာ) (သမုဒယ) ကြောင့်ဖြစ်တာ၊ (အဝိဇ္ဇာ၊ တဏှာ)မရှိရင်မဖြစ်တဲ့ (ဒုက္ခချုပ်ငြိမ်း)တဲ့ (နိရောဓ)(နိဗ္ဗာန်)ပေါ့. . . (မှန်ပါ့) (အဝိဇ္ဇာ၊ တဏှာ) သဘောပေါက်ရဲ့လား (မှန်ပါ့ သဘောပေါက်ပါတယ်ဘုရား)။

သဘာဝ(ဓမ္မ)လေးတွေက အကြောင်းအားလျော်စွာ ဖြစ်နေကြတယ်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်တဲ့ သူ့သဘာဝက ဒီလိုပဲ (ဖြစ်ပျက်)နဲ့သွားနေတယ်၊ ယမ်းကြိုးမီးရှို့သလို၊ အပြိုင်ဖြစ်ပျက်နေကြတာပဲ. . . (မှန်ပါ့)။

"ဖြစ်၊ မဖြစ်၊ ပရမတ္ထအစစ်" တဲ့၊ ဖြစ်တာကလည်း (ပရမတ္ထ)တရားပဲ၊ မဖြစ်တာကလည်း (ပရမတ္ထ)တရားပဲ။

| | |
|---|---|
| ဖြစ်တာက | ပဋိစ္စသမုပါန်= ဖြစ်တာ |
| မဖြစ်တာက | (နိဗ္ဗာန်)ကို ပြောတာ၊ |
| ဖြစ်၊ မဖြစ် | ပရမတ္ထအစစ်၊ |
| ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်မဖြစ် | သစ္စာ ၄ ပါးအစစ်၊ |

"ဖြစ်၊ မဖြစ်= ပရမတ္ထအစစ်" ဆိုတာရယ်၊ မဖြစ်တာရယ်တွေက (ပရမတ္ထ)တွေချည်းပဲ၊ ဖြစ်တာလေးကလည်း (ပရမတ်)မဖြစ်တာလေးကလည်း (ပရမတ်) (နိရောဓဓမ္မ)ပဲ၊ အစဉ်မဖြစ်တော့ နိရောဓသစ္စာ(နိဗ္ဗာန်)ရပြီပေါ့။

"ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်မဖြစ် သစ္စာ(၄)ပါးအစစ်" ဆိုတာက (ဖြစ်တာ)ကဖြစ်ချင်လို့ဖြစ်တာ ဖြစ်သွားတာ၊

ဖြစ်ချင်လို့က =သမုဒယသစ္စာ

ဖြစ်တာက = ဒုက္ခသစ္စာ

မဖြစ်တာက မဖြစ်ချင်လို့ မဖြစ်တာကို ယူရတာ

မဖြစ်ချင်တာက =မဂ္ဂသစ္စာ

မဖြစ်တာက= နိရောဓသစ္စာ၊ သစ္စာ(၄)ပါး အစစ်သိတာပေါ့. . (မှန်ပါ့)

(ပညတ်) မပါမှ (ပရမတ်) ရောက်တာ၊ (ပရမတ်)က (ပညတ်) မပါတာ၊ (ပရမတ်)က (ခန္ဓာ) လည်းဖြစ်တယ်၊ ခန္ဓာကလွတ်မှ (နိဗ္ဗာန်)ပဲ။

ဖြစ်ချင်လို့ဆိုတာ (အဝိဇ္ဇာ)ကြောင့် (မသိ)လို့၊ (တဏှာ)ကြောင့်၊ (တပ်မက်)နေလို့၊ ဒီ ၂ ခုကြောင့်ပေါ့၊ (အဝိဇ္ဇာ၊ တဏှာ)ကြောင့် ဖြစ်နေကြတာလေးတွေ ငြိမ်းငွေ့လာရင် မဖြစ်ချင်တော့ဘဲ (နိဗ္ဗိန္ဒ)တို့(သခ်ီ ရုပေက္ခ)ရောက်လာတော့တာပေါ့. . (မှန်ပါ့)။ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ကိုယ့်သန္တာန်မှာ ကိုယ့်ဟာကိုယ်ကြည့်ရတာ၊ (ဘေးက လူက ဉာဏ်စဉ်တွေ ပြောပေးနေရတာမျိုးမဟုတ်ပါဘူး) ကိုယ့်ဟာကို သိရတဲ့တရားပဲ၊ သူများကို မေးလို့လည်းမရဘူး၊ (ရတနာသုတ်)ထဲမှာလာတယ်. . . (မှန်ပါ့)။ (ခယံ၊ ဝိရာဂံ၊ အမတံ၊ ပနီဒံ) နဲ့ စစ်ဆေးရတာမျိုး(မှန်ပါ့)။

ခယံ= ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ရာဂ၊ ဒေါသ၊ မောဟ၊ ဣဿာ မိစ္ဆာရိယတွေ ကုန်သွားတာကို (ခယံ)လို့ခေါ်တယ်။

ဝိရာဂံ= ငါ၊ သူ၊ ယောကျ်ား၊ မိန်းမတွေ ပုဂ္ဂိုလ်သတ္တဝါတွေကို မမြင်တော့ဘဲ (ရာဂ) တပ်မက်မှုတွေ ကုန်သွားတာ (ဝိရာဂ)ပဲ။

အမတံ= (သခ်ီရ) တရားရဲ့ နှိပ်စက်မှုမှလွတ်တာ၊

ပနီဒံ= ကိလေသာတွေ ကင်းသွားလို့ မွန်မြတ်နေတာ၊

ဒီတရားတွေက (သစ္စိကတဗ္ဗ) (သံဒိဋ္ဌိက) ကိုယ်တိုင်သိရတဲ့ တရားတွေ၊ သူများကို မမေးရပါဘူး၊ (မှန်ပါ့)၊ ကိုယ့်သန္တာန်တကကယ်ဖြစ်၊ မဖြစ် ကိုယ်တိုင်သိရတဲ့ တရားပါ၊ တရားဂုဏ်တော်(၆)ပါးနဲ့လည်း ညီညွတ်တဲ့တရားပါ. . . (မှန်ပါ့)။

နိဗ္ဗာန်(အသင်္ခတ)က မဖြစ်တာကိုခေါ်တယ် (နေရာနဲ့ အချိန်) မဖြစ်တော့ဘူး၊ အသခ်ီတပဲ (မှန်ပါ့) မဖြစ်တာက (နေရာနဲ့ အချိန်) မဖြစ်တော့မှ (အသခ်ီတနိဗ္ဗာန်)ခေါ်တယ် (မှန်ပါ့) ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ မရှိတဲ့ (အငြိမ်း)ပဲ၊ (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်တဲ့ အငြိမ်းပဲပေါ့။ (မှန်ပါ့)(မောဟ)ဆိုတာ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါရှိတဲ့ အမြင်၊ ဒီအမြင်ရှိမှ (မောဟ) ကဖြစ်တာ၊ ဒီအမြင် မရှိရင် (မောဟ) မရှိ

တော့တာ. . (မှန်ပါ့)။

နေ့စဉ် မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိ၊ ကြံတွေးတဲ့ နေရာမှာ (ဒိဋ္ဌိ) ဆိုတဲ့ ပုဂ္ဂိုလ်(သတ္တဝါ)မဝင်တော့မှ (ဥပါဒါနက္ခန္ဓာဒုက္ခ)မဖြစ်တာ (မှန်ပါ့)။

အချိန်နဲ့နေရာကို (အသိ) လိုက်ပေးနေရင်လည်း (ဖြစ်တာ၊ ပျက်တာ) ကိုသိလာတယ်. . . (မှန်ပါ့) အချိန်နဲ့နေရာလည်း မရှိ၊ ပုဂ္ဂိုလ်သတ္တဝါအမြင်လည်း မရှိတော့ရင် (မဖြစ်)တာ (ဇာတိ) မရတာ ခံစားရတာပေါ့၊ စဉ်းစားကြည့်နော်. . . (မှန်ပါ့)။

တရားဆိုတဲ့ (ဓမ္မ)လေးတွေဟာ (ဇာတိ၊ ဇရာ၊ မရဏ)တွေပဲ၊ (ဥပါဒ်၊ ဌီ၊ ဘင်) လို့ပြောလဲ ရပါတယ်၊ ဇာတိ၊ ဇရာ၊ မရဏတွေဟာ စားရာမှာလည်းပါ၊ သွားရာမှာလည်းပါ။ နေရာတကာပါနေတာပဲ. . . (မှန်ပါ့)။

အချိန်နေရာကြည့်လေပါ၊ သိတာကသဘာဝ(ဓမ္မ)ပါပဲ၊ သိတာမှာ (အချိန်နေရာ) ပါတယ်၊ (သင်္ခတဓမ္မ)ပဲ၊ အချိန်နေရာ မပါတဲ့ သိခြင်းမျိုးက (အသင်္ခတဓမ္မ)ပါပဲ၊ (မှန်ပါ့)၊ (ဓမ္မ)ဆိုတာ ကုသလာဓမ္မာ၊ အကုသလာဓမ္မတဲ့ (သတ္တဝါ) မဟုတ်ဘူး၊ အတ္တကောင်၊ အသက်ကောင်မဟုတ်တဲ့သဘော၊ သဘာဝ (ဓမ္မ)တွေချည်းပဲ၊ (ငါ)ဆိုတဲ့ ကိုယ့်ကိုလည်းမဟုတ်ဘူး၊ (သတ္တဝါ) တွေပါနေရင် နှိုင်းယှဉ်ခြင်းရှိတယ်၊ (ဓမ္မ)သဘောက နှိုင်းယှဉ်ရာမရှိဘူး၊ ဒါကြောင့် 'နှိုင်းယှဉ်ရာကုန် နိဗ္ဗူတုံ ခိုလှုံစံဝင်ကြလို့" ဒီလိုဆိုကြတယ် (မှန်ပါ့)။

ကိုယ့်ကိုယ်ကို မိမိစိတ်ကို အမြဲစစ်ဆေးနေပါ၊ မိမိစိတ်ကို စစ်ဆေးနေရင်းနဲ့ တရားက တိုးတက်လာတယ်၊ ဟန်ကြလာတယ်. . . (မှန်ပါ့) စိတ်ပေါ်တာကို စစ်ဆေးလိုက်ရင် စိတ်က (အချိန်၊ နေရာ) ကနေ ပျောက်သွားတယ်။

ကိုယ့်ကိုယ်ကို စစ်ဆေးလိုက်ရင် ကိုယ့်ကိုယ်ကို ဆိုတာမရှိတော့ဘူး၊ ကိုယ့်ကိုယ်ကိုကြီးဟာ (စိတ်)ဖြစ်သွားတယ်၊ အဲဒီစိတ်ခန္ဓာက (နေရာ) ဖြစ်သွားတယ်၊ အဲဒီနေရာက ပျောက်သွားတယ်၊ ဒီ(သဘာဝဓမ္မ)တွေမဖြစ်ရာ၊ မပျက်ရာရောက်သွားတယ်၊ ဒါ (ဉာဏ်)ပဲ၊ အဓိပ္ပါယ်က (ပထမတန်း)နော်၊ အဲဒါ (ပထမတန်း)ဖြစ်တဲ့ တရားပဲ၊ ဒကာကြီး။. . . (မှန်ပါ့)။

(ဇာတိ) ဆိုတာ (မရဏ)ပဲ၊ (ဇာတိ) ချုပ်တော့ (အနိစ္စ)ပေါ့၊ (ဇာတိ) ပြီးရင် (ဇရာ၊ မရဏ)ပေါ့၊ (မှန်ပါ့)။ ပဝတ္တိ ယခုလက်ငင်းအချိန်(ပစ္စုပ္ပန်)မှာဖြစ်တဲ့မြင်တာ၊ ကြားတာ၊ နံတာ၊ စိတ်ကူးတာစတဲ့ (စိတ် ၆ပါး)ဖြစ်လေရာမှာ (ဇာတိ၊ ဇရာ၊ မရဏ) တွေလည်းဖြစ်နေတာပဲ (မှန်ပါ့)။

ဇာတိ၊ ဇရာ၊ မရဏယူရင် (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါးယူရတယ်၊ (ဇာတိ)က (ဝိညာဏ်၊ နာမ်ရုပ်)တို့က (ဇာတိ) ပဲ၊ ကြားတာဇာတိ၊ ဘယ်ကကြားတာလဲ (ဝိညာဏ်)ကကြားတာ၊ ကြားပြီးပျက်သွားတော့ (ဝိညာဏ်)ပျက်သွားတယ်။

အဲဒါ (ခယဓမ္မ၊ ဝယဓမ္မ)ပဲ၊ ခယ=ကုန်ရာ၊ ဝယ-ပျက်ရာ၊ အဲဒီ (ခယဓမ္မ၊ ဝယဓမ္မ)တွေမဖြစ်တော့ဘူးဆိုရင် (ကုန်ရာ၊ ပျက်ရာ)တွေမရှိတဲ့ (နိဗ္ဗာန်)ရောက်တာပေါ့၊ (ဥပါဒါနက္ခန္ဓာ)ဟာ (ဒုက္ခာ)မဟုတ်လား. . . (မှန်ပါ့ဘုရား)။ အဲဒီ (ဥပါဒါနက္ခန္ဓာ)ကို ဆန့်ကျင်ဘက်လုပ်နေရင် (နိရောဓဓမ္မ) ဘက်ရောက်ရောက်သွားတယ်၊ ကြားပြီးရင် ပျက်သွားတာက (နိရောဓဓမ္မ) မြင်ပြီးရင် ပျက်၊ နံပြီးရင်ပျက်၊ စိတ်ကူးပြီးရင်ပျက်၊ ဒီလို(ပျက်) တာသိတာက (နိရောဓဓမ္မ)ပဲ၊ အစဉ်အမြဲဒီလိုဖြစ်နေရင် (ခန္ဓာ) ကုန်ပျောက် (နိရောဓသစ္စာ) (နိဗ္ဗာန်)ရပြီပေါ့ (မှန်ပါ့)။

(ဓမ္မာနုပဿနာ)က (တဏှာက္ခယာယ)=(တဏှာ) ကုန်အောင်၊ ပညာယျ ပရိဗ္ဗဇေယျ= (ပညာ)သဘောနဲ့ အားထုတ်ရတဲ့ အမျိုး(တဏှာ၊ မာန၊ ဒိဋ္ဌိ)ကုန်အောင် ကျင့်ရတဲ့တရားပဲ၊ (တဏှာ)ဆိုတာ ကာမဆန္ဒ၊ ကိုယ့်သန္တာန်မှာ (ကာမရာဂစိတ်)ရှိရင် ရှိတယ် (သံယောဇဉ်) ရှိရင်ရှိတယ်၊ မရှိရင် မရှိဘူးသိရတယ်၊ နောင်မဖြစ်တော့ဘူးလို့ သိသွားရင် (ပထမတန်း)တရားဖြစ်တော့တာပေါ့ (မှန်ပါ့)။

(ဓမ္မာနုပဿနာ) က (တဏှာ) သတ်တဲ့တရားပေါ့ (မှန်ပါ့)၊ (တဏှာ) ကို (ဉာဏ်) ကနိုင်သွားတဲ့ တရားပေါ့၊ (ဉာဏ်)က နိုင်သွားတာပေါ့ (တဏှာ၊ ရာဂ)တွေက (သင်္ခါရက္ခန္ဓာ) စေတသိက်၊ သိတာက (ဝိညာဏက္ခန္ဓာ)လို့ ဒီလိုလည်း သိရတယ်(မှန်ပါ့)။

**(ဆက်လက်ဖော်ပြပါမည်)**



# 2,553rd Birthday of Buddha

## Buddhists Join in Temple Service to Celebrate Buddha Birthday.

### ဗုဒ္ဓရှင်တော်မြတ် ဖွားတော်မူသော ၂၅၅၃ ခုနှစ်မြောက် ဗုဒ္ဓနေ့ ကိုးရီးယား ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာများ ဆင်နွှဲကြခြင်း

**seoul, south korea, May 4, 2009**

တောင်ကိုးရီးယားနိုင်ငံရှိ သန်းနှင့်ချီနေသော ဗုဒ္ဓဘာသာဝင် ကိုရီးယားလူမျိုးများသည် မေလ ၂ ရက်နေ့က ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ၂၅၅၃ ခုနှစ်မြောက် ဖွားမြင်တော်မူသော ဗုဒ္ဓနေ့အခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ဆင်နွှဲကျင်းပကြလေသည်။

တောင်ကိုးရီးယား ဂျောင်ဂျီးပြည်နယ်၊ ရွှန်ချင်းမြို့ရှိ ဝေါ်ဝူး ဂျုံဆာ ဘုရားကျောင်းတော်ကြီးမှ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဗုဒ္ဓဦးခေါင်း(မဏ္ဍိ) တော်ကြီး တည်ရှိတော်မူရာ ကျောင်းတော်ကြီးတွင် အဆိုပါ ဗုဒ္ဓနေ့ ပူဇော်ပွဲ ကို ကျင်းပကြခြင်းဖြစ်ပေသည်။

ဗုဒ္ဓဝါဒဓမ္မတရားတော်မှာ ကမ္ဘာပေါ်တွင် ကမ္ဘာ့ပြည်သူအများစု ကိုးကွယ်သော ဘာသာကြီးတစ်ရပ်ဖြစ်သည့်အလျောက် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား လမ်းညွှန်ချမှတ်ပေးတော်မူခဲ့သည့် လူသား တို့၏ ဘဝငြိမ်းချမ်းသာယာရေး၊ သတ္တဝါအများတို့အပေါ် ကရုဏာတရား ထားရှိကြရေးနှင့် သံသရာဝဋ်ဒုက္ခ အပေါင်းတို့မှ လွတ်မြောက်ကြရေး၊ ကမ္ဘာ သူ ကမ္ဘာသားအပေါင်း ငြိမ်းချမ်းသာယာရှင်သန်နိုင်ကြရေးအတွက် ဗုဒ္ဓဘာသာ ဝင်များက ထိုနေ့တွင် ကျရောက်သော ဗုဒ္ဓဖွားမြင်တော်မူသော နေ့ထူးနေ့ မြတ်၌ ကုသိုလ်ကောင်းမှုများပြုကြပြီး ဆုတောင်းအမျှပေးဝေကြသည်။

ၡင်းဗုဒ္ဓနေ့ အခမ်းအနားတွင် ကိုရီးယားရောက် မြန်မာနှင့် သီရိလင်္ကာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များတို့ကပါ ကိုရီးယားဗုဒ္ဓဘာသာဝင်များ နှင့်အတူ ပူးပေါင်းပါဝင် ဆင်နွှဲကြကြောင်းဖြင့် အဆိုပါ အင်တာနက်သတင်း တွင်ဖော်ပြသည်။



## ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ကောဝိဒဓဇ ဟောကြားတော်မူအပ်သော (သဒ္ဓမ္မဒေသနာ မေဒိနီတရားပေါင်းချုပ်)

# ကမ္ဘာရန်သူကြီး သုံးမျိုးတရားတော်

**ယခင်အပတ်မှအဆက်**

ယခု ပုဏ္ဏားကြီးလဲ တရားဟောလေ့ကျင့်တဲ့ ဘုန်းကြီးလို သုသာန်သို့သွားပြီးတော့ မြက်စည်းတွေချကာ လေ့ကျင့်ရတယ်နော်။ ပုဏ္ဏားကြီးဟာ ဒီဂါထာကလေးတစ်ပုဒ်ကို တစ်နှစ်လုံးလုံး လေ့လာရသတဲ့။ မောဟကြီးမား၊ အသိဉာဏ် နည်းပါးလှသဖြင့် ဒီအက္ခရာလုံးရေ ၃၂ လုံးမျှရှိတဲ့ ဂါထာကလေးကိုပင် တစ်နှစ်ပတ်လုံး ပင်ပန်းစွာ လေ့လာနေရရှာတယ်။ ဒါတောင်ကောင်းစွာ ကျေပွန်လှတာ ဟုတ်မယ်မထင်ဘူး။ လူသူရှေ့မှာဆိုလျှင် ပျောက်ချင် ပျောက်သွားဦးမှာ။ စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းသော အရာ၌ ဧတဒဂ်ရတော်မူသော ရှင်စူဠပန္ထကမထေရ်က အက္ခရာလုံးရေ ၄၄ လုံးရှိတဲ့ "ပဒ္မံ ယထာ ကောကနုဒံ သုဂန္ဓံ" အစရှိသော ဂါထာကို သူ့နောင်တော် မဟာပန္ထကမထေရ်ထံမှာ ၄ လ သင်ယူတာတောင် ကောင်းစွာမရရှိဘူးတဲ့။ ဝဋ်တော်ပါသဖြင့် ဉာဏ်လေးရခြင်းဖြစ်သတဲ့။ ဒါပေမယ့် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တဲ့အခါကျတော့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၍ ပိဋကတ်သုံးပုံလုံးကို ရရှိလေသတဲ့။

ခုနင်က ပုဏ္ဏားကြီး တစ်နှစ်လုံး သင်ကြားလေ့လာနေရတဲ့ ၃၂ လုံးသာရှိသော ဂါထာကလေးကို ယခု တရားနာပရိသတ်ထဲက အချို့ ပုဂ္ဂိုလ်များဆိုလျှင် တစ်ခေါက်နှင့်ပင် ရနိုင်လောက်ပေတယ်။ အချို့ကလဲ ၂ ခေါက်၊ ၃ ခေါက် ကျက်ရပေမယ်။ အလွန်ဆုံး တစ်ရက် နှစ်ရက်ပေါ့။

ယခု ပုဏ္ဏားကြီးကတော့ တစ်နှစ်လုံးလုံး လေ့ကျက်နေရသတဲ့။ တစ်နှစ်လုံးလုံး လေ့ကျက်နေရ၍ ရသလိုလို ရှိသောအခါ "ချစ်သား သောမဒတ္တ၊ ဒီဂါထာကို ငါကောင်းစွာ လေ့လာပြီးပြီ။ ယခုအခါ ငါသည် ဘယ်သူ့ရှေ့မှာဖြစ်စေ ဆိုနိုင်ပေပြီ။ ငါ့ကို မင်းကြီးထံသို့ ပို့လေတော့" ဟု ဘုရားအလောင်းကို ပြောဆိုလေသတဲ့။ ဘုရားအလောင်း သောမဒတ္တ ပုဏ္ဏားလုလင်ကလဲ "ကောင်းပါပြီ ဖခင်" ဟု ပြောဆိုပြီးလျှင် မင်းကြီးအား သင့်လျော်သော လက်ဆောင်ပဏ္ဏာတို့ကို ယူဆောင်ကာ ဖခင်ပုဏ္ဏားကြီးကို မင်းကြီးထံသို့ ပို့ဆောင်လိုက်တယ်။

ပုဏ္ဏားကြီးလည်း ဘုရင်မင်းမြတ်ထံသို့ ရောက်လာလျှင် 'ဇယတု မဟာရာဇ=တိုင်းပြည်သခင် ဘုရင်မင်းမြတ် အောင်မြင်ပါစေသတည်း' ဟု ပြောဆိုကာ လက်ဆောင်ပုဏ္ဏားများကို ဆက်ကပ်လေသတဲ့။ ဘုရင်ကြီးက 'သောမဒတ္တ၊ ဤပုဏ္ဏားကြီးသည် အသင်နှင့် အဘယ်သို့တော်သနည်း' ဟု မေးမြန်းသောအခါ ဘုရားအလောင်းက 'ဘုရားကျွန်တော်မျိုးရဲ့ ဖခင်ဖြစ်ပါတယ် အရှင်မင်းမြတ်' ဟု လျှောက်တင်လေသတဲ့။

ဘုရင်မင်းမြတ်က ပုဏ္ဏားကြီးကို အဘယ်အကြောင်းကြောင့် လာခဲ့ပါသနည်းဟု မေးမြန်းသောအခါ ပုဏ္ဏားကြီးက လက်အုပ်ချီကာ နွားကို တောင်းလိုခြင်းကြောင့် လာခဲ့ပါကြောင်း လျှောက်တင်လိုက်သဖြင့်-

ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေတိ ခေတ္တံ ကသာမသေ။

တေသု ဟေကော မတော ဒေဝ၊ ဒုတိယံ ဂဏှ ခတ္တိယ။ (ဇာတကပါဠိ၊ ပ) ဟူသော ဂါထာကို ရွတ်ဆိုကာ လျှောက်ထားလေသတဲ့။

မဟာရာဇ၊ တိုင်းပြည်သခင် ဘုရင်မင်းမြတ် စောနေနတ်။ မေ၊ ရှံ့ညွှံ့ဗွက်မှာ လယ်ယာလုပ်ငန်း ကြိုးပမ်းပြုလုပ် အကျွန်ုပ်ဦးကြီးအား။ ဒွေ ဂေါဏာ၊ လုပ်ဖော်ကိုင်ဖက် တွဲဖက်ညီညီ နှစ်ကောင်သော နွားတို့သည်။ သန္တိ၊ ယခင်ရှေးက ထင်ရှားစွာ ရှိကြပါကုန်၏ ဘုရား။ ယေဟိ ဂေါဏေဟိ၊ အကြင်နှစ်ကောင်သော နွားတို့ဖြင့်၊ ခေတ္တံ၊ စိုက်ပျိုးကြရာ လယ်မြေယာကို။ ကသာမသေ၊ ကောင်းစွာစဉ်ဆက် ထွန်ယက်ကြပါကုန်၏။

ဒေဝ၊ ရာဇိန္ဒရောင် ပြောင်ပြောင်တောက်ပ အိုမင်းမြတ်၊ တေသု၊ ထိုနှစ်ကောင်သော နွားတို့တွင်၊ ဧကော၊ တစ်ကောင်သော နွားသည်၊ မတော၊ ဇီဝိန်ပျက်ပြုံး သေဆုံးခဲ့ပါလေပြီ၊ ခတ္တိယ၊ အိုမင်းမြတ်။ မေ၊ ငါ၏၊ ဒုတိယံ၊ အဖော်ဖြစ်ငြား တစ်ကောင်သော နွားကို၊ (ဝါ) အသက်မသေ ကျန်ရစ်လေဘိ ထိုသည့်နွားကို၊ ဂဏှ၊ ကရုဏာရှေ့ထား သနားကြည်ဖြူ ယူတော်မူပါလော့။

ဗာရာဏသီ ပြည့်ရှင်ဗြဟ္မဒတ် မင်းကြီးကလဲ ပုဏ္ဏားကြီး မှားယွင်း ပြောဆိုသည်၏ အဖြစ်ကို သိတော်မူသဖြင့် ပြုံးတော်မူကာ 'သောမဒတ္တ၊ သင်တို့အိမ်မှာ နွားတွေလွန်စွာ များတယ်ထင်တယ်" ဟု ပြောဆိုလေတယ်။ အရှင်မင်းမြတ် ပေးသနားတော်မူလျှင် များပါလိမ့်မည် ဘုရား" ဟု အလောင်းတော်က လျှောက်ဆိုသဖြင့် ဘုရင်ကြီးက အလောင်းတော် သောမဒတ္တ ပုဏ္ဏားလုလင်ကို နှစ်သက်တော်မူ၍ တန်ဆာဆင်အပ်သော နွားတစ်ဆယ့်ခြောက်ကောင်တို့ကိုလည်းကောင်း၊ မိမိနေထိုင်ရာ ရွာကိုလည်းကောင်း၊ ပေးသနားတော်မူကာ အခြွေအရံ များစွာဖြင့် ပုဏ္ဏားကြီးကို ပြန်လွှတ်လိုက်သတဲ့။

ပုဏ္ဏားကြီးပြောတဲ့ အလိုဆိုလျှင် တော်တော် ခက်နေတာပေါ့။ သားဖြစ်တဲ့ ဘုရားအလောင်း ပုဏ္ဏားလုလင် လျှောက်တင်ချက်ကောင်းသဖြင့်သာ တော်တော်ကလေး သက်သာပေတော့တယ်နော်။

ဒီလာဠုဒါယီမထေရ်သည် ရှေးဘဝ ပုဏ္ဏားဖြစ်စဉ်ကသာ ယခုလို တွေဝေမှုများ ဒါမဟုတ်သေးဘူးတဲ့။ ဘုရားရှင်လက်ထက်တော်အခါမြတ်စွာ ဘုရားနှင့် အတူတူပင် နေရသော်လဲ တွေဝေမှုက များပြားလျက်ပဲတဲ့။ သုံးလူထွတ်ထား ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ မွေ့လျော်သီတင်းသုံးတော်မူစဉ်အခါကဖြစ်တယ်။ ထိုစဉ်က ဇေတဝန် ကျောင်းတော်မှာ တရားပွဲကြီးများကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိသတဲ့။

တရားပွဲကျင်းပပြီး၍ မဟာထေရ်ကြီးများ ကြွသွားတော်မူတဲ့အခါ လာဠုဒါယီမထေရ်က ပြန်မကြွသေးဘဲ တရားပွဲသွား၍ တရားပလ္လင်ပေါ်မှာ တက်ပြီး ထိုင်နေတော်မူတယ်။

ထိုအခါ အာဂန္တုရဟန်းတော်များက တရားပလ္လင်ပေါ်၌ ထိုင်နေတော်မူသော လာဠုဒါယိ မထေရ်မြတ်ကို မြင်ကြ၍ "ဤရဟန်းသည် အကြားအမြင် ဗဟုသုတရှိသော မဟာထေရ်ကြီးတစ်ပါး ဖြစ်ပေလိမ့်မည်ဟု မှတ်ထင်ကာ အနီးသို့ ချဉ်းကပ်ကြ၍ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေတို့နှင့် စပ်ယှဉ်သော မိမိတို့ မရှင်းလင်းသည့် ပြဿနာများကို မေးမြန်းလျှောက်ထား

စာမျက်နှာ ၂၂ သို့



မုံရွာမြို့မဟာလယ်တီတိုက်၊ ကျမ်း

လယ်တီဆရာတော

ရေးသားပြုစုတော်မူ

# လယ်တီနိဗ္ဗာန်တ

# The Ledi Dhamm
# by
# MAHĀ THERA LE

(လယ်တီနိဗ္ဗာန်ကျမ်း) (I

(ယခင်အပတ်မှအဆက်)

**အနိစ္စ, ဒုက္ခ, အနတ္တ**

**လက္ခဏာရေးသုံးပါးကို ထင်ရှားအောင် ပြပေအံ့**

လက္ခဏာရေးသုံးပါးကို ရှုမြင်လိုသောသူသည် ထိုလက္ခဏာရေးသုံးပါး၏ ခိုရာမှီရာဖြစ်သော ရုပ်ဓာတ်နာမ်တို့ကို တစ်ကိုယ်ကောင်လုံး အုန်းအုန်းဆူကြွ အကုန်ထအောင် ဆွရသည်။ တစ်ကိုယ်လုံး အုန်းအုန်းဆူကြွ အကုန်ထမှ မြင်ရသည်။

**ဆွပုံဆွနည်း**

ဆွပုံဆွနည်းမှာ၊ ဤခန္ဓာကို-

နှစ်ပုံခွဲ၍ ဆွနည်း၊

သုံးပုံခွဲ၍ ဆွနည်း၊

လေးပုံခွဲ၍ ဆွနည်း၊

ငါးပုံခွဲ၍ ဆွနည်း၊

ခြောက်ပုံခွဲ၍ ဆွနည်း - စသည်ဖြင့် များသောအပြားရှိ၏။

**နှစ်ပုံခွဲ၍ဆွနည်း**

ရုပ်တစ်စု, နာမ်တစ်စုပြု၍ ဆွနည်းသည် နှစ်ပုံခွဲ၍ဆွနည်း မည်၏။

**သုံးပုံခွဲ၍ဆွနည်း**

ဝေဒနာသုံးပါးနှင့် သုံးပုံခွဲ၍ဆွနည်းသည် သုံးပုံခွဲ၍ဆွနည်း မည်၏။

**လေးပုံခွဲ၍ဆွနည်း**

အာဟာရလေးပါးပြု၍ ဆွနည်းသည် လေးပုံခွဲ၍ဆွနည်း မည်၏။

**ငါးပုံခွဲ၍ဆွနည်း**

ခန္ဓာငါးပါးပြု၍ ဆွနည်းသည် ငါးပုံခွဲ၍ဆွနည်း မည်၏။

**ခြောက်ပုံခွဲ၍ဆွနည်း**

မြေတစ်စု, ရေတစ်စု, လေတစ်စု, မီးတစ်စု, ဝိညာဏ်တစ်စု, အာကာသတစ်စုပြု၍ ခြောက်ပုံခွဲ၍ဆွနည်းမည်၏။ ။

**(အာယတနနှင့်ခွဲလျှင် ဆယ့်နှစ်ပုံဖြစ်၏။ ဓာတ်နှင့်ခွဲလျှင် ဆယ့်ရှစ်ပုံ ဖြစ်၏။ ကောဋ္ဌာသနှင့်ခွဲလျှင် သုံးဆယ့်နှစ်ပုံဖြစ်၏။ အဘိဓမ္မာနည်းနှင့် ခွဲမူကား တရားသရုပ် အလွန်များပြား၏။)**

ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ-အဘိဓမ္မာနည်းမလို၊ ပညာပါရမီပွားများဖို့, ပဋိသမ္ဘိဒါဉာဏ်ပွားများဖို့အရာ၌သာ အဘိဓမ္မာနည်းလိုသည်။ တရားကိုယ် အစိတ်အလီ များပြားလွန်းလျှင် ခွဲမှုခြမ်းမှု

**Exposition on the Three Characteristics of Existence anicca, dukkha and anatta**

Any person who wants to gain an insight into these three characteristics of existence will have to prod all the physical and mental phenomena in one's anatomy, on which these three characteristics thrive, into vigorous turmoil.

**How to prod these phenomena**

There are many ways to prod one's anatomy; such as -,
Dividing it into two parts and then prodding;
dividing it into three parts and then prodding;
dividing it into four parts and then prodding;
dividing it into five parts and then prodding;
dividing it into six parts and then prodding, and so on.

**Dividing it into two parts to prod**

Dividing it into physical phenomena and mental phenomena constitutes this technique.

**Dividing into three parts to prod**

Dividing it into three parts based on vedanā or feeling, feeling of pleasure, feeling of displeasure and feeling of neither pleasure nor displeasure constitutes this technique.

**Dividing it into four parts to prod**

Dividing it into four parts based on āhāra or nutriment, that is three types of mental nourishment (tactile stimulus, volition and mind) besides food for the body; constitutes this technique.

**Dividing it into five parts to prod**

Dividing it into five parts along the five aggregates of existence constitues this method.

**Dividing it into six parts to prod**

This consists of dividing it into six parts based on the four primary elements of earth, water, air and fire plus the two entities of consciousness (viññāana) and space (ākāsa) altogether making six portions.

**(Dividing along the lines of 'ayatana' -sense bases results in twelve division, along 'dhātu' -elements, results in eighteen divisions, along 'kotthāsa' - parts of human anatomy results in thirty two divisions and along the constituents of the 'abhidhammā' - higher doctrines are numerous in form.)**

For the person who aims to carry on an introspection of his body along the divisions of the three characteristics, the method based on the constituents of the higher doctrines is not needed. The method based on the higher doctrines is only for those desirous of furthering their perfection of the virtue of knowl-

ိက်၊ ကျမ်းပြုအကျော် ကမ္ဘာကျော်


ရာတော်ဘုရားကြီး

ားပြုစုတော်မူသော

# န်တရားတော်များ

# mma on Nibbāna
# by
# A LEDI SAYADAW

ဒ) **(Ledi Nibbān)**



ဝန်ကြီး၍ ခရီးမတွင်ရှိသည်။ အစိတ်များလျှင် မမြင်နိုင်, မထင်နိုင်သော တရားစု အများပါရှိသည်။

မမြင်သောတရားကို လက္ခဏာရေးတင်၍လည်း ဘာဝနာ အစစ် မဖြစ်။ တရားကိုယ် တရားချက်ကို အတပ်မြင်၍တင်မှ ဘာဝနာအစစ်ဖြစ် သည်။

မြတ်စွာဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံ သာ၌တစ်ခါ၊ စန္ဒကူးတောတွင် ရှင်သာရိပုတ္တရာကို တစ်ခါသာဟောလေသည်။ သည့်ပြင် ဘယ်သတ္တဝါကိုမျှ အဘိဓမ္မာနည်းနှင့်ဟော၍ ချွတ်သည်ဟုမရှိ။ တာဝတိံ သာ တွင် အဘိဓမ္မာဟောစဉ်အခါမှာလည်း နတ်, ဗြဟ္မာတို့ကို သုတ္တန်နည်း ညှပ်၍ ညှပ်၍ ချွတ်ရသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ကျယ်ဝန်းနက်နဲ လို၍ ဈာန်မရ။ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် သိမ်မွေ့ နက်နဲလို၍ ဈာန်မရ။ ဤအတူမှတ်။

အရှင်သာရိပုတ္တရာသည် တရားအစိတ်အလီ ကျယ်ဝန်းများပြား၍ နေသောကြောင့် ဆယ့်ငါးရက်မှ ရဟန္တာဖြစ်သည်။ အရှင်မောဂ္ဂလ္လာန်မှာ တရားအစိတ်အလီသင့်တင့်ရုံ ခွဲခြမ်း၍ရှုသောကြောင့် ခုနစ်ရက်နှင့် ရဟန္တာ ဖြစ်သည်။ (သက်သေ)

ဓာတ်ခြောက်ပါးခွဲ၍ ပက္ကုသာတိမင်းကျွတ်ရာမှာ ဓာတ်ကြီးလေးပါး ၌ လက္ခဏာရေးသုံးပါးတင်လျှင် ဥပါဒါရုပ်စုပြီးတော့သည်။ စိတ်၌ လက္ခဏာရေး သုံးပါးတင်လျှင် စေတသိက်စု ပြီးတော့သည်။ အာကာသဓာတ်မှာ ထင်ရှားလှ၍ အကူအပံ့မျှ ထည့်လေသည်။ ဘုံနန်းပြာသာဒ် ဆောက်လုပ်ရာ၌ သည်မတိုင်, ထုပ်လျောက်, ရက်မ, ဆင့်, ကြမ်း, ဒိုင်းကျားတို့နှင့် သတ္တဝါမှာ အမာခံ အထည်ခံ ဓာတ်ကြီးလေးပါးတူသည်။ ပြာသာဒ်အမွှမ်းအခြယ် ကြိယာစုနှင့် အကြည်ဓာတ် ခြောက်မျိုးတူသည်။

**သန္တတိခွာပုံ**

အနိစ္စလက္ခဏာကို သန္တတိဖုံးလွှမ်းသည်။ သန္တတိကိုခွာမှ အနိစ္စ လက္ခဏာပေါ်သည်ဟူသော ကျမ်းဂန်စကား၌ သန္တတိကို ခွာမှုသည် အာဟာရ နှင့်စပ်၍ ခွာမှု, ဣရိယာပထနှင့်စပ်၍ ခွာမှု, အနာရောဂါနှင့်စပ်၍ ခွာမှု စသည်ဖြင့် များပြား၏။

**အာဟာရနှင့်စပ်၍ ခွာပုံ**

အာဟာရနှင့်စပ်၍ ခွာမှုကို ဆိုပေအံ့။ ။

**"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ။"**

edge (paññā pārami) or hone up their analytical intellect (patisambhidā ñāna). When too many components have to be factored in an analysis, the job becomes too unwiedly so that very little headway can be made. If there are too many factors that have to be considered, it becomes difficult for each to be identified clearly as distinctions between each other tend to become blurred when there are too many involved.

Applying the three characteristics to a parameter that cannot be identified with clarity are not the conditions for meaningful meditation. Only when the basics are properly identified can meditation become meaningful.

Even the Lord Buddha lectured on the Abhidhamma method only twice, once in the Tāvatimsa realm of the celestial gods and once to Mahāthera Sāriputta while sojourning in the sandalwood forest. There is no instance of anyone being liberated through the expounding of the Abhidhamma method exclusively. Even when lecturing on this method while in the Tāvatimsa realm, the Lord Buddha had to resort to making asides with pertinent discourses in bringing emancipation to the audience of celestial gods and Brahma supreme deities.

Remember that those who try to attain mental absorption (jhāna) employing Buddhānussati kammatthāna (contemplation of the virtues of the Lord Buddhā) do not attain it as the object of contemplation it is too extensive and sublime. The same goes for those trying to attain it by employing the Catudhā tuvavatthana kammatthāna as it is too sublime and too profound.

Mahāthera Sāripuutta had to spend fifteen days in his quest for arhantship as his method of contemplation involved too many fine distinctions and covered too extensive a field. Meanwhile Mahāthera Moggallana's approach involved only a fair number of factors and he achieved the same goal within seven days.

In the case of King Pakkusāti attaining liberation, he did so by using the division into six parts, contemplating the three characteristics superimposed on the four primary elements and doing away with the upādāna (fixation) group; then contemplating on consciousness superimposing the three characteristics on it, does away with the group of mental concomitants; contemplating on space (ākāsa) added only as an accessory as it is quite evident. Taking the construction of a palatial manor with tiered roofs (prāsada) to illustrate, the basic structure with the pillars, cross-bems, rafters, purlins, joists, flooring, buttresses and labour

သဗ္ဗေ= အလုံးစုံကုန်သော၊ သတ္တာ= သတ္တဝါတို့သည်၊ အာဟာရဋ္ဌိတိကာ= အာဟာရနှင့် တွဲဖက်နှင့် အသက်ရှည်ရတည်ရကြကုန်၏။ **(ပါဠိတော်)**

တစ်ထပ်စာပြု၍ မျိုအပ်သောအစာ၌ ဓာတ်ဆီထက်ဝက်၊ ဓာတ်မီးထက်ဝက်ပါ၏။ ဆာလောင်နွမ်းလျ၍နေသောသူ၏ ဆာလောင်မှုကား ပါစကဓာတ်မီးသည် အစာအိမ်မှာ အစာမရှိ၍ အထက်နှလုံး, အသည်းသို့ မီးကူးလျှင် နှလုံး, အသည်းစသော ရင်တွင်းသားတို့မှ ဓာတ်မီးထ၍ လောင်သည်ကို ဆာလောင်သည်ခေါ်သည်။ နွမ်းလျမှုကား တစ်ကိုယ်လုံးရှိ ရုပ်ဓာတ်တို့၏ လျော့ပါးမှုတည်း။

### ရေမြှုပ်ဆိုင် ဥပမာ

လေဟုန်, လှိုင်းဟုန်ကြောင့် ရေမှဖြစ်သော လူပမာဏရှိသော ရေမြှုပ်စုကြီးသည် ရေမှလွတ်၍ ကုန်းပေါ်သို့ရောက်လေရာ ရေနှင့်ကွာ၍ အာပေါအစေးခြောက်သဖြင့် အတွင်းတစ်ခွင်လုံး အပြင်တစ်ခွင်လုံး ရေပွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကျေပျက်ကြကုန်၏။ အတွင်းတစ်ခွင်လုံး ရေပွက်ငယ်နှင့် ကျေပျက်ပုံကို အကုန်မြင်အောင်ကြည့်။ ထိုအခါ အတွင်းသား ရေပွက်တို့ ကျေပျက်ကြသည့်အတွက် ရေမြှုပ်ခဲကြီးအတွင်းသား အားလုံးကျဲ၍ ဟာ၍ကုန်သဖြင့် တရွေ့တရွေ့ ကြုံ့၍သွား၏။ ကျန်ရှိသောရေမြှုပ်သားတို့လည်း လျော့လျော့ပါးပါး အားနွဲ့အင်နွဲ့ ဖြစ်ကြကုန်၏။ (မြင်အောင်ကြည့်။)

(ဆက်လက်ဖော်ပြပါမည်။)

that had gone into its making represent the four primary elements, while the work on architectural ornamentation and embellishments are like the six sensory surfaces.

**Peeling a way santati**

The characteristic of impermanence (anicca lakkhanā) is hidden under the covering of the process of continuity (santati). Only when the layer of continuity process is peeled away is the characteristic of impermanence revealed, the scriptureal texts say, and this peeling a way of santati takes place in many forms; peeling it away in connexion with nutriment (āharā), in connexion with the four modes of deportment (reclining, sitting, standing and walking), in connexion with illness or injury etc.

**Peeling it away in connexion with nutriment ''Sabbe sattā āharatthitikā"**

"Sabbe-Each and every, *sattā*- sentient being, *āharatthitikā* -lives in association with nutriment." (Pali canons)

In the food consumed during a meal, half is fuel and the other half ignition.When there is no food to digest in the stomach, that person feels the pangs of hunger ignite the digestive "fires" that communicate their heat to the viscera and the lassitude and fatigue that is the result of depreciation of the physical make-up of the body as a whole.

**Example of a mass of foam from the sea**

Imagine a mass of foam the size of a human body, thrown up bye the pounding breakers and being hurtled onshore. On land, being deprived of the cohesive power of sea water, bubbles on its exterior as well as its interior begin to pop and collapse. As the bubbles in its interior burst, those that have not burst yet on its exterior implode so that the mass rapidly collapses. (Try to picture this scenario in your mind's eye.)

**(To be continue)**

---

**စာမျက်နှာ ၁၉ မှ**

ကြတဲ့အခါ ဘာတစ်ခုကိုမျှ မဖြေဆိုနိုင်သဖြင့် "ဤရဟန်းကား အဘယ်သူပါနည်း၊ သုံးလူထွတ်ထား မြတ်စွာဘုရားနှင့် တူသော တစ်ကျောင်းတည်း၌ နေပါလျက် ခန္ဓာအာယတန စသည်ကိုမျှ မသိပေ" ဟု ကဲ့ရဲ့ပြောဆိုကာ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလေသတဲ့။ ထိုအခါ သုံးလူထွတ်တင် ဘုရားရှင်က-

ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။

န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံ ယထာ။ (ဓမ္မပဒပါဠိ၊ ၌၊ ၃၀၀) ဟူသော ဂါထာကို ရွတ်ဆိုတော်မူကာ ထိုရဟန်းတို့အား တရားဟောကြားတော်မူလေတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးကြောက်ငြားအိုချစ်သားတို့၊ ယော ဗာလော၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ဖျက်ချိုးတတ်ငြား၊ တရားမယှဉ် အမှားမြင်သည့် အကြင်သူမိုက်သည်။ ယာဝဇီဝမ္ပိ၊ အသက်ခန္ဓာ မှန်စွာယှဉ်တွဲ ခိုင်မြဲနေသမျှ ကာလပတ်လုံးသည်။ ပဏ္ဍိတံ၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာနောက်နောင်၊ ကောင်းကျိုးသိမြင် ပညာရှင်ကို၊ စေ ပယိ ရုပါသတိ၊ အကယ်၍ပင် အစဉ်ဆက်စပ် ဆည်းကပ်ငြားအံ့။ ဧဝံ ပယိရုပါသန္တေ၊ ဤသို့ အစဉ်မပြတ် မှီဝဲဆည်းကပ်ငြားသော်လည်း၊ သော ဗာလော၊ စရိုက်ချွတ်ယွင်း အသိကင်းသည့် သိမ်ဖျင်းထူဟိုက် ထိုလူမိုက်သည်။ (ဝါ) စရိုက်ချို့ယွင်း အသိကင်းသည့် သိမ်ဖျင်းထူစွ ထိုလူနသည်၊ ဓမ္မံ၊ ဗုဒ္ဓရှင်တော် ဟောဖော်မိန့်ကြား မြတ်တရားကို။ န ဝိဇာနာတိ၊ သမ္ဗဇဉ်သွင်း ဉာဏ်မြင်ရှင်းအောင် ထင်လင်းသေချာ မသိရှာပေ၊ ကိမိဝ၊ နှိုင်းတုစရာ ဥပမာပုံဆို အဘယ်လိုနည်း ဟူမူကား၊ ဒဗ္ဗိ၊ ဝိညာဏ်ဓာတ်ကင်း ညံ့ဖျင်းလေငြား ဇီးသားယောင်းမသည်၊ သူပရသံ၊ ချိုချဉ်ငန်ခါး များပြားလှစွာ ဟင်း၏ အရသာကို၊ န ဝိဇာနာတိ ယထာ၊ ဝိညာဏ်ကင်းသဖြင့် ထင်လင်းအခြေအနေ မသိလေသကဲ့သို့။ ဧဝမေဝ၊ ပမာနှိုင်းယူ ဤအတူသာလျှင်၊ ဗာလော၊ မျိုးဓာတ်ညံ့ဖျင်း သိဉာဏ်ကင်းသည့် ချွတ်ယွင်းစရိုက် ထိုလူမိုက်သည်၊ ယာဝဇီဝမ္ပိ၊ ကုသိုလ်ထောက်ပင့်အကြောင်းသင့်၍ အခွင့်ကြုံတုန်း အသက်ရှည်သမျှ ကာလပတ်လုံးလည်း။ ပဏ္ဍိတံ၊ ကြောင်း ကျိုးမျှော်မြင် ပညာရှင်ကို။ ပယိရုပါသမာနော၊ အကြောင်းဆက်စပ် ဆည်းကပ်ရပါလျက်၊ ဝုတ္တပ္ပကာရံ၊ ခန် အာဓာတ်ဟု မပြတ်ရှုပွားဆိုအပ်ခဲ့ပြီးသော အပြားရှိသော၊ ဓမ္မံ သုံးလူ ဆရာ မိန့်မှာညွှန်ကြား ခန္ဓာ အာယတနစသော တရားကို။ န ဝိဇာနာတိ၊ သတိမဝင် သမ္ပဇဉ်မထား ဉာဏ်အမြင် နည်းပါးသဖြင့် ထင်ရှားမှန်စွာမသိနိုင် ရှာလေသတည်း။

ဆိုလိုရင်း အဓိပ္ပါယ်ကတော့ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးလှတဲ့ သူမိုက် (ဝါ) မိမိ၏ အကျိုးစီးပွား သူတစ်ပါး၏ အကျိုးစီးပွားတို့ကို ပျက်ပြားအောင် ဖျက်ဆီးတတ်သော လူမိုက်မည်သည် ကုသိုလ်ကံအကြောင်းကောင်းလှသဖြင့် တစ်သက်ပတ်လုံး အကြောင်းအကျိုး အကောင်းအဆိုး တို့ကို သေချာသိမြင်သော ပညာရှင် ပုဂ္ဂိုလ်များကို ဆည်းကပ်ခစား မှီဝဲရငြားပါသော်လည်း ဤသည်ကား မြတ်စွာဘုရားဟောကြားသော စကားတော်ပေတည်း။ မြတ်စွာဟောကြား တရားစကားသည် ဤမျှအတိုင်း အရှည်ရှိ၏။ ဤကဲ့သို့ ပရိယတ္တိတရားကိုလည်းကောင်း၊ ဤသည်ကား အပြစ်ရှိသော တရားတည်း၊ ဤတရားကား အပြစ်မရှိ ဤတရားကို မှီဝဲအပ်၏။ ဤတရားကို မမှီဝဲအပ်၊ ဤတရားကို ထိုးထွင်း၍ သိအပ်၏။ ဤတရားကိုကား မျက်မှောက်ပြုအပ်၏။ ဤသို့ ကျင့်စဉ်ဖြစ်သော ပဋိပတ်တရားကိုလည်းကောင်း ကောင်းစွာ တိတိ မသိရှိပေ။ ဥပမာပုံအားဖြင့် အဘယ်သို့ မှတ်သားရပါမည်နည်းဟူမူ ဝိညာဉ်မဲ့ငြား ဇီးသွားယောင်းမသည် "ဤကား ချဉ်၏။ ဤကား မချဉ်၊ ဤဟင်းကား ဖန်၏" ဟူ၍ ဟင်း၏ အရသာကို ကောင်းစွာ မသိလေသကဲ့သို့ ဤအတူပင်လျှင် လူမိုက်သည် အသက်ရှင်သမျှ ကာလပတ်လုံး ပညာရှိကို မှီခိုမပြတ် ဆည်းကပ်ရပါသော်လည်း ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ အထွေထွေ များပြားပရမတ္ထတရားတို့ကို ပိုင်းခြားထင်ထင် မသိမမြင်နိုင်ပေ။

(ဆောင်) ၁။ လူမိုက်စိတ်ထား၊ ဆိုးရွားပေတော၊ ပညာရှိနှင့်၊ ပေါင်းလင့်နေစေ။
ပညာသိပ္ပ၊ ဓမ္မထွေထွေ၊ မရနိုင်၊ ငေးမှိုင်လွန်တွေဝေ။
၂။ လူမိုက်ဘဝ၊ ယောင်းမတူပေ၊ ဟင်းကို ထက်အောက် မွှေနှောက်ခဲ့စေ။ ချိုချဉ်ငန်ခါး၊ ထူးခြားထွေထွေ၊ သိဉာဏ်တုံး၊ လုံးလုံးမသိချေ။

(ဆက်လက်ဖော်ပြပါမည်)

● နောက်ကျောဖုံးမှ



<< Venerable Bhikkhu Sumedha: From a worldly life to following the footsteps of Lord Buddha.

ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် ဖဝါးခြေထပ်မကွာလိုက်ပါကျင့်ဆောင်တော်မူသော ရဟန်းတော် ဘိက္ခုသုမေဓာအရှင်အား ဖူးတွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံအနေဖြင့် နေ့မြတ်အခါတော်သုံးမျိုးတို့နှင့် တိုက်ဆိုင်ကျရောက်လျက်ရှိသော ဗုဒ္ဓရှင်တော်မြတ်ဘုရား ဖွားမြင်တော်မူသောနေ့၊ ဗောဓိပင်နှင့်ရွှေပလ္လင်ထက်ဝယ် ဘုရားအဖြစ်သို့ရောက်ရှိတော်မူသောနေ့နှင့် ပရိနိဗ္ဗာန်ဝင်စံတော်မူသောနေ့ဟူသည့် နေ့ထူးနေ့မြတ်အခါတော်သဘင်ဆင်ယင်ကျင်းပလျက်ရှိရာဝယ် ပူဇော်ဂါရဝပြု ပါဝင်ဆင်နွှဲကြကုန်သော သူတော်စင်ပရိသတ်အပေါင်းတို့သည် မိမိတို့၏ ဘဝသက်တမ်းတစ်လျှောက်လုံး၌ ကြုံတောင့်ကြုံခဲ ဤဗုဒ္ဓနေ့ပူဇော်ပွဲသဘင်သို့ ပါဝင်ဆင်နွှဲကြရင်းဖြင့်၊ မိမိတို့၏ ဆရာတော်သခင်ကျေးဇူးရှင် မြတ်စွာဘုရားသခင်နှင့်အတူ ဖဝါးခြေထပ်မကွာလိုက်ပါကြကုန်လျက်၊ ထူးခြားမြင့်မြတ်စင်ကြယ်သောဗုဒ္ဓဝါဒဓမ္မနှင့် ဤခေတ်သစ်ကမ္ဘာလောကကြီးအား အညီအညွတ်ပေါင်းစည်းဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်သည်။

"The Truth is Unbelievable" is the result of that one and only "encounter of a different kind" between Venerable Bhikkhu Sumedha and dynamic Argentinian painter Cora de Lang.

"ထူးထွေဆန်းပြားအံ့သြဖွယ်ရာ သစ္စာတရား" ဆိုသည်မှာ ရဟန်းတော်ဘိက္ခုသုမေဓာနှင့် ထူးချွန်ပြောင်မြောက်သော အာဂျင်တီးနားပန်းချီဆရာမကိုရာ၊ ဒီ၊ လန်းတို့ တစ်ဦးချင်း အမှတ်မထင်ဆုံတွေ့ကြစဉ်၊ "ဖူးတွေ့နိုင်ရန် အလွန်တရာခက်ခဲသူ၏ မတူတမူကွဲပြားခြားနားသောအကြင်နာတရား" မှ ထွက်ပေါ်လာသည့် ဓမ္မရလဒ်တစ်ခုသာဖြစ်သည်။

Bhikkhu Sumedha passed away when he was 75 years old. His body had been ravaged be cancers that he had overcome but when I met him he was after a bad bout of pneumonia, says Cora who is in Sri Lanka with husband Richard Lang, the Director of the German Cultural Centre.

Cora had got to know of Bhikkhu Sumedha through Richard who had to read up about important and interesting people when he took up a new posting.

ဘိက္ခုသုမေဓာအရှင်သည် သက်တော် ၇၅နှစ်အရွယ်သို့ရောက်လတ်သော် ပျံလွန်တော်မူလေသည်။ ထိုစဉ်က ဘိက္ခုသုမေဓာ၏ကိုယ်ခန္ဓာသည် ကင်ဆာရောဂါဒဏ်ဖိစီးနှိပ်စက်ခံရမှုကြောင့် ဆိုးဆိုးရွားရွားရုပ်ပျက်ဆင်းပျက်ပျက်စီးနေသည်ကို တွေ့ရှိရသည်။ ဘိက္ခုသုမေဓာအရှင်နှင့် စတင်တွေ့ဆုံကြရစဉ်က သုမေဓာအရှင်သည် နျူမိုးနီးယားခေါ် အဆုတ်ရောင်ရောဂါခံစားရင်း အိပ်ယာမှထလာပြီး တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ပန်းချီအနုပညာရှင်ဆရာမ ကိုရာသည်၊ ခင်ပွန်းသည်ဖြစ်သူ ဂျာမန်ယဉ်ကျေးမှုစင်တာမှ ဒါရိုက်တာရစ်ချက်လန်းနှင့်အတူ သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိနေကြခိုက်တွင် ယင်းသို့တွေ့ဆုံကြရခြင်းဖြစ်သည်ဟု ပန်းချီဆရာမ ကိုရာက ပြောပြသည်။

အရေးကြီးပြီး ပြည်သူတို့ အထူးစိတ်ဝင်တစားဖြစ်နေကြသော ဘိက္ခုသုမေဓာအရှင်၏အကြောင်းအထုပ္ပတ်စာစောင်စာတန်းအချို့ကို ခင်ပွန်းသည် ရစ်ချတ်မှတဆင့် ဖတ်ရှုလေ့လာကြည့်မိရာမှ စိတ်ဝင်စားပြီးနောက်၊ ယင်းဘိက္ခုသုမေဓာအရှင်နှင့်တွေ့ဆုံရန် စတင်ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်ဆို၏။

"The first connection came when we saw a catalogue of the paintings of Bhikkhu Sumedha which had been put out by Deutsche Bank," says Cora, explaining that Richard had pointed out the similarities between those paintings and hers.

"ရဟန်းတော်ဘိက္ခုသုမေဓာအရှင်အား ပထမဆုံးစတင်ဖူးတွေ့ကြရသည်မှာ ဒွိုးချက်ဘဏ်မှပုံနှိပ်ထုတ်ဝေသော ဘိက္ခုသုမေဓာ၏ပုံတော်ပန်းချီကတ်တလောက်တစ်ချပ်မှ စတင်ခဲ့သည်" ဟု ဆရာမကိုရာက ပြောပြသည်။ ထိုကတ်တလောက်ရုပ်ပုံကားချပ်ပါ ဘိက္ခုသုမေဓာအရှင်၏ရုပ်ပုံမှာ အတိအကျမဟုတ်သော်လည်း မိမိနှင့်အတော်ကိုဆင်တူသည်ဟု ရစ်ချက်က မိမိအားထောက်ပြပြောဆိုခဲ့သည်ဟုလည်း ကိုရာကပြော၏။

Soon after, when she was in kandy on a painting trip she tried to contanct him but was not able to meet him, for he was in hospital. However, later she had got an address and a phone number for his humble abode. Manapa Dassana Lena, hidden away from the madding crowds up 108 steps, in Dulwela village close to the Getambe temple from Ven. Metta Vihari whom they were in contact with.

အချိန်အနည်းငယ်ကြာပြီးသည့်နောက်၊ ဆရာမကိုရာသည် ကန္ဒီမြို့တော်၌ ပန်းချီရေးဆွဲရန် အစီအစဉ်တစ်ခုနှင့်စပ်၍ ရောက်ရှိနေခိုက်တွင် ရဟန်းတော်ဘိက္ခုသုမေဓာနှင့်ဆုံတွေ့ရန်ကြိုးပမ်းခဲ့သေး၏။ သို့သော် ထိုအရှင်နှင့်တွေ့ဆုံရန်မှာ လုံးဝဖြစ်နိုင်ချေမရှိသည့်အခြေအနေမျိုးဖြစ်နေပေသည်။ ထိုအရှင်သည် လောလောဆယ် ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူနေကြောင်းဖြင့် သိရှိခဲ့ရလေသည်။

သို့သော်လည်း ဘိက္ခုသုမေဓာအရှင်၏ မထင်ရှားသောကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးထံမှ သုမေဓာအရှင်သီတင်းသုံးတော်မူရာလိပ်စာနှင့် တကွ ဆက်သွယ်နိုင်ရန် တယ်လီဖုန်းနံပါတ်တို့ကို ဆရာမကိုရာရရှိလိုက်သည်



<< The Bhikkhu's altar installation with skeleton

ဘိက္ခု သုမေဓာ အမြဲတမ်းကမ္မဋ္ဌာန်းတရားအားထုတ်ရာ လိုဏ်ဂူအတွင်းမှ အရိုးစု ကမ္မဋ္ဌာန်းကောင်။

ဆို၏။ ထိုသို့ဆက်သွယ်မှုရရှိလိုက်သောကျောင်းထိုင်ဘုန်းကြီးမှာ မာနာပဒဿန လီနာအမည်ရှိပြီး၊ ဂက်တင်ဘီတောင်တန်းပေါ်ရှိ ဒူဝီလာရွယ်ငယ်ကလေးမှ ဖြတ်၍၊ ရဟန်းတော်အရှင် ပုန်းလျှိုးသိုသိပ်စွာသီတင်းသုံးတော်မူသည့်နေရာသို့ တောင်တက်လှေခါး ၁၀၈ ဆင့်တို့ကို ဖြတ်ကျော်ပြီးသည့်နောက် ဂက်တင်ဘီ ဘုရားကျောင်းတော်မှ ဘုန်းတော်ကြီးမေတ္တာဝိဟာရီထံမှတဆင့် ဆက်သွယ် သွားရောက်နိုင်မည့်လမ်းကြောင်းကို ရရှိခဲ့သည့်အလျောက် သွားရောက် ဆက်သွယ်ခဲ့ကြလေသည်။

Richard, however, had gone to the cave earlier to invite Bhikkhu Sumedha to a conference and also to exhibit his paintings on the theme "Buddhism in Art" during the 50th anniversary celebrations of the German Cultural Centre.

အနုပညာရှင်ဆရာမကိုရာ၏ခင်ပွန်းသည်ရစ်ချက်သည် ဘိက္ခုသုမေဓာအရှင် သီတင်းသုံးတော်မူရာ လိုဏ်ဂူသို့အစောဆုံးထွက်ခွာသွားရောက်ပြီးနောက် ဘိက္ခုသုမေဓာအရှင်ဟောကြားတော်မူသော တရားဓမ္မများနှင့် ထိုအရှင်၏ဆေးရေးပုံတူပန်းချီကားများကို ဂျာမန်ယဉ်ကျေးမှုအနုပညာစင်တာ၏ အနှစ် ၅၀ မြောက် နှစ်ပတ်လည်အခမ်းအနားတွင် "အနုပညာရိပ်ဝန်းထဲမှ ဗုဒ္ဓဝါဒဓမ္မတရား" ဟူသည့် ခေါင်းစဉ်ဖြင့် ခင်းကျင်းပြသနိုင်ခွင့်ပြုတော်မူရန် တောင်းပန်လျှောက်ထားသည်ဆို၏။ ထိုအခမ်းအနားသို့လည်း ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပါရန် ပင့်လျှောက်သည်ဆို၏။

The monk while explaining that he was just a hermit had declined to attend the conference but agreed to the exhibition as he was "trying to paint the Dhamma". Painting for Bhikkhu Sumedha was a form of meditation, says Cora. "It was a spiritual exercise. He sacrificed his art to Lord Buddha."

ထိုရဟန်းတော်အရှင်သည် ရစ်ချတ်၏တောင်းပန်လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ပြန်ကြားမိန့်ဆိုတော်မူရာတွင် ထိုအရှင်သည် ဗုဒ္ဓဘုရားရှင် ညွှန်းဆိုဆုံးမတော်မူသည့် ဓမ္မအတိုင်း တစ်ကိုယ်ထည်းတည်းဆိတ်ငြိမ်လုံခြုံစွာ ကျင့်သုံးနေထိုင်လျက်ရှိသူ ယောဂီတစ်ဦးဖြစ်သဖြင့်၊ ဒကာဖိတ်ကြားသည့် အဆိုပါ ကွန်ဖရင့်သို့ တက်ရောက်ရမည့်ကိစ္စကို ငြင်းပယ်လိုပါကြောင်း၊ သို့သော် "ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ဓမ္မတရားကို ပန်းချီအနုလက်ရာဖြင့် ပုံဖော်တင်ပြလိုသည့်ကိစ္စ" ကိုမူ မိမိကိုယ်တိုင် သဘောတူခွင့်ပြုပါကြောင်းဖြင့် မိန့်တော်မူ၏။

ဘိက္ခုသုမေဓာအရှင်၏ ဆေးရေးပုံတူပန်းချီလက်ရာကားချပ်မှာ တကယ်တော့ ဗုဒ္ဓရှင်တော်မြတ်၏ ဝိပဿနာဓမ္မနမိတ်ပုံတစ်ခုသာဖြစ်သည်ဟု ပန်းချီဆရာမကိုရာကပြော၏။ "ယခုရေးဆွဲတင်ပြခွင့်ပြုတော်မူသည့် ဘိက္ခုသုမေဓာအရှင် ဝိပဿနာတရားဓမ္မပွားများအားထုတ်တော်မူနေသည့်ပုံဟန်ပန်းချီကားချပ်တည်းဟူသော မိမိ၏အကောင်းဆုံးလက်ရာ အဖိုးထိုက်၊ အဖိုးတန် ရတနာပစ္စည်းဖြင့် လောကထွတ်ထားရှင်တော်မြတ်ဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်အပ်ပါသည်" ဟုလည်း ကိုရာက ပြောဆိုလေသည်။

He indulged in some "incredible works where you could actually go inside the paintings" and did sell some of his works, while also giving away many to friends and relatives, but Cora believes that as an ardent follower of the Buddha he did not handle cash.

He had made arrangements for the funds to go to charities and to develop the Intensive Care Unit of the Peradeniya Hospital.

အလိုရှိသည့် စိတ်ဆန္ဒအတိုင်း ပြည့်ဝစေသည့်အကြောင်းအချက်အချို့တို့ကို မယုံနိုင်လောက်အောင် အံ့ဩဖွယ်ရာများအဖြစ်ဖြင့် ပန်းချီကားချပ်များထဲမှ ရရှိနေကြသည်ဖြစ်၍ အချို့အချို့သောကားချပ်များကို အခြားသောသူတို့အား ခွဲဝေရောင်းချပေးခြင်းဖြင့်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းများနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများအား ပေးပစ်ခြင်းအားဖြင့်သော်လည်းကောင်း စွန့်လွှတ်ပစ်ရန် ကိုရာက ကြိုးစားကြံစည်ကြည့်မိလေသည်။ သို့သော် ကိုရာ၏ ယုံကြည်ချက်တစ်ရပ်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား အကြွင်းမဲ့သက်ဝင်ကြည်ညိုနေကြသူ ဗုဒ္ဓဘာသာဝင်များကို ဝတ္ထုငွေကြေးဖြင့် ရောင်းချရန်မှာလည်း လုံးဝဖြစ်နိုင်စရာမရှိပေ။

၎င်းပန်းချီကားချပ်များကို ရောင်းချရာမှ ရရှိလာမည့်ငွေကြေးဝတ္ထုများကို သီးခြားရန်ပုံငွေအဖြစ်သော်လည်းကောင်း၊ သီးသန့်အလှူငွေအားဖြင့်သော်လည်းကောင်းထားရှိပြီး၊ ကန္ဒီမြို့ ပါရာဒီနိယ ဆေးရုံကြီးမှ စည်းကမ်းစနစ်ကျနစွာ ထိန်းသိမ်းစောင့်ရှောက်သော ယူနစ်အဖွဲ့သို့ ဆေးရုံဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအဖြစ် ထည့်ဝင်လှူဒါန်းလိုက်ရန် အစီအစဉ်တစ်ရပ်ကိုလည်းသူ ကြံစည်စိတ်ကူးမိလေသည်။

Although he agreed to be part of the exhibition to be held in August 2007, he clarified one small detail. "I will participate but I won't be there," he told Richard, who couldn't believe his ears.

Soon after, Cora had an exhibition in 2006 at Barefoot and it was then that Bhikkhu Sumedha, even though he had never met her, laid down a small condition, sending an e-mail to Richard asking whether she would agree to be the curator of his exhibition.

ဤကဲ့သို့သော အစီအစဉ်များချမှတ်အကောင်အထည်ဖော်လျက်ရှိနေကြလင့်ကစား၊ ၎င်းတို့ခင်းကျင်းပြသကြမည့်ပြပွဲကြီး၏ တစ်စိတ်တစ်ပိုင်းလောက်ကို ၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်း ခင်းကျင်းပြသကြရန်၊ ဘိက္ခုသုမေဓာအရှင်က သဘောတူခွင့်ပြုလေသည်။ ၎င်းပြပွဲခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်အနှစ်သာရကို အလွယ်တကူနားလည်နိုင်ကြစေရအောင် ထိုအရှင်ကိုယ်တိုင်က ရှင်းလင်းပြောကြားလေသည်။ "ကျုပ်လည်းပဲ အဲဒီပြပွဲထဲမှာ ပါဝင်မှာဖြစ်ပေမယ့်၊ အဲဒီနေရာမှာတော့ ကျုပ်ရှိနေမှာမဟုတ်ဘူး" ဟု ရစ်ချက်အားပြောလေသည်။ ထိုစဉ်က ၎င်းပြောဆိုတော်မူသောစကား၏ အနက်သဘောကို လူအများက နားမလည်လိုက်ကြပေ။

ထို့နောက် သိပ်မကြာသောနေ့တစ်ရက်ဖြစ်သည့် ၂၀၀၆ ခုနှစ်အတွင်းတွင် ဘရစ်ဖ်ဖုမြို့၌ ခင်းကျင်းပြသသောပြပွဲကြီးတစ်ရပ်ကို ကိုရာကိုယ်တိုင် ဦးစီး၍ ဘိက္ခုသုမေဓာအရှင်ကိုယ်တိုင်စီစဉ်ညွှန်ကြားတော်မူသည့်အတိုင်း ဖွင့်လှစ်ကျင်းပခဲ့သည်။ သို့သော်လည်း ဘိက္ခုသုမေဓာအရှင်သည် ဆရာမကိုရာနှင့် လုံးဝတွေ့ဆုံခဲ့ခြင်းမရှိခဲ့ပဲ ယင်းပြပွဲခင်းကျင်းပြသရာ၌ လိုက်နာဆောင်ရွက်ကြရမည့် အသေးအဖွဲ့စည်းကမ်းချက်များကို ချမှတ်၍ အီး-မေးလ်ဖြင့် ရစ်ချက်ထံသို့ ပေးပို့ညွှန်ကြားခဲ့လေသည်။ ထိုပြပွဲအခမ်းအနားကြီးတစ်ရပ်လုံးအတွက် တာဝန်ယူထိန်းသိမ်းဖော်ဆောင်ရမည့် ပြပွဲမှူးကြီးအဖြစ် ဆရာမကိုရာက တာဝန်ယူဆောင်ရွက်ရန်လည်း ထည့်သွင်းညွှန်ကြားခဲ့လေသည်။

She was surprised -it was a very Buddhist thing. Could she handle it?

သူမအနေဖြင့် မျှော်လင့်မထားသောအဖြစ်တစ်ရပ်နှင့် ရုတ်တရက်တွေ့ကြုံခံစားလိုက်ရပေသည်။ ထိုသို့သောဖြစ်စဉ်ဖြစ်ရပ်တို့သည် ဗုဒ္ဓဝါဒဓမ္မတရား၏ လွန်စွာလေးနက်ဆန်းကြယ်သောအကြောင်းတရားများပင်ဖြစ်လေသည်။ သူမအား ပေးအပ်လိုက်သည့်တာဝန်အရ ထိုပြပွဲကြီးကို ကိုင်တွယ်ထိန်းချုပ်နိုင်စွမ်းရှိနိုင်ပါမည်လား?

Why did he pick her? She was assailed by doubts.

ထိုတာဝန်အတွက် ဆရာမကိုရာကို ထိုအရှင်က မည်သို့သောအကြောင်းများကြောင့် ရွေးချယ်ခဲ့ရပါသနည်း?

သူမသည် သံသယကုက္ကုစ္စများကို အကြွင်းမဲ့တိုက်ခိုက်ဖြိုဖျက်နိုင်ခဲ့သူဖြစ်သောကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်လေသည်။

The exhibition was held in the meditation room of the Sambodhi Viharaya in Colombo 7, but he had passed away by that time, recalls Cora.

If certain things were not meant to be they were not meant to be, she says adding that it was as if he was guiding the whole thing.

ရဟန်းတော် ဘိက္ခု သုမေဓာအရှင်စီစဉ်ညွှန်ကြားတော်မူသည့်အတိုင်း၊ ၎င်းပြပွဲကြီးကို သီရိလင်္ကာနိုင်ငံ ကိုလန်ဘိုမြို့ သမ္ဗောဓိဝိဟာရယဗိမာန်အခန်းအမှတ် (၇) ဝိပဿနာဘာဝနာပွားများအားထုတ်ကြရာခန်းမဆောင်ကြီးတွင် ခန်းနားသိုက်မြိုက်စွာ ခင်းကျင်းပြသခဲ့ကြလေသည်။

သို့သော် ထိုရဟန်းတော်အရှင်မှာမူကား ထိုအချိန်တွင် ပျံလွန်တော်မူရှာလေပြီ။ ပန်းချီအနုပညာရှင်ဆရာမ ကိုရာအဖို့အရာမှာကား မေ့မရနိုင်လောက်သော အမှတ်တရတစ်ရပ်ဖြစ်ခဲ့ရပြီဖြစ်သည်။

ဤလောက၌ သေချာရေရာမှုမရှိကြသော အရာမှန်သမျှတို့သည် အတည်မမြဲ အမြဲမတည်နိုင်ကြပေ။ အတည်မမြဲ အမြဲမတည်ကြသော ဓမ္မတရားသည် ကြင်နာမှုကင်းဆိတ်သော ဓမ္မသာဖြစ်ချေသည်။

ဘိက္ခုသုမေဓာအရှင်မြတ်သည် ကျွန်ုပ်တို့အား လောကဓမ္မတရားနှင့်စပ်၍အလုံးစုံလွှမ်းခြုံသော လမ်းညွှန်မှုဖြင့် ဆုံးမတော်မူခဲ့သည်တွင် ယင်းလေးနက် နက်ရှိုင်းစွာသောမမြဲခြင်းဓမ္မသဘောကို ထပ်လောင်းဖြည့်စွက်လျက် လိုက်နာကျင့်ဆောင်ကြရမည်ဖြစ်သည်ဟူ၍ အနုပညာဆရာမကိုရာက ပြောကြားလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဝီရသန္တာ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ
သာသနာပြုတက္ကသိုလ်။



# Indonesian President to attend Buddhist HolyDay

## ဗုဒ္ဓပူဇော်ပွဲသို့ အင်ဒိုနီးရှား သမတကြီးတက်ရောက်မည်ဆိုခြင်း

**TEMO Interactive, Semanang, May 5, 2009**

အင်ဒိုနီးရှားနိုင်ငံ ဗဟိုဂျာဗားကျွန်း မက်ဂါလန်မြို့ရှိ ဗောရောဗုဒေါရှေးဟောင်းစေတီတော်ကြီးတွင် မေလ ၉ ရက်နေ့၌ ဆင်ယင်ကျင်းပမည့် ဝိစက္ခနေ့ခေါ် ဗုဒ္ဓနေ့ ပူဇော်ပွဲကြီးသို့ အင်ဒိုနီးရှားနိုင်ငံတော်သမတကြီး ဆူစီလိုဘန်ဘန်းယူဒိုယိုနို တက်ရောက်ပါဝင်ဆင်နွှဲမည်ဟု ဗဟိုဂျာဗားပြည်သူ့ဆက်ဆံရေး အကြီးအကဲဩဂက်စ် အူတိုမိုက ကြေငြာပြောဆိုသည်။

၎င်းဗဟိုဂျာဗားပြည်နယ် အစိုးရပြည်သူ့ဆက်ဆံရေးအရာရှိ မစ္စတာဩဂက်စ်အူတိုမိုက ပြောဆိုရာတွင် နိုင်ငံတော်သမတကြီးသည် လာမည့် ဇွန်လ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ဗဟိုဂျာဗားကျွန်း ဒိုနိုဟူဒန်မြို့၌ ကျင်းပမည့် ဗုဒ္ဓနေ့ အခမ်းအနားနှင့် ဇွန်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားသည့် ဗောရောဗုဒေါအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ပါ တစ်ဆက်တစ်စပ်တည်း တက်ရောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိသည်ဆို၏။

အဆိုပါ ပွဲတော်ကြီးတွင် အပြည်ပြည်ဆိုင်ရာ အနုပညာနှင့်ယဉ်ကျေးမှုပွဲတော်ကိုပါ ခင်းကျင်းပြသရန် စီစဉ်ထားရှိသည့်အတွက် ၎င်းအခမ်းအနားကြီးသို့ ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်ပါဝင်ဆင်နွှဲကြရန်လည်း စီစဉ်ထားရှိသည်ဆိုသည်။

## Giant jade Buddha statue to be welcomed in Bae Ninh

### ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗီယက်နမ်ဘက်နင်းပြည်နယ်သို့ ဆိုက်ရောက်တော်မူခြင်း

**Bac Ninh, VOV News, May 5, 2009**

ကမ္ဘာပေါ်ရှိကျောက်စိမ်းရုပ်ပွားဆင်းတုတော်များအနက် အကြီးဆုံးကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဗီယက်နမ်နိုင်ငံ မြစ်နီမြစ်ဝှမ်းဒေသဘက်နင်းပြည်နယ်ရှိ ဖက်သစ်စေတီတော်ကြီးသို့ ဆိုက်ရောက်တော်မူလာပြီး ယခုမေလ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ အများပြည်သူတို့ ဖူးမျှော်နိုင်ကြရန် အဆိုပါ ဖက်သစ်စေတီတော်ကြီးတန်ဆောင်းတွင် အဖူးမြော်အကြည်ညိုခံထားမည်ဟု ဗီယက်နမ်သတင်းတွင်ဖော်ပြသည်။

၎င်းကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဘွဲ့မည်တော်ကို 'အနှိုင်းမဲ့ငြိမ်းအေးချမ်းသာခြင်းသုခအတွက် ကျောက်စိမ်းရုပ်ပွားတော်ကြီး' (The Jade Buddha for Universal Peace) ဟု သမုတ်တော်မူကြသည်။ ယင်းရုပ်ပွားတော်မြတ်ကြီးမှာ ဉာဏ်တော်အမြင့် ၃. ၅ မီတာမြင့်တော်မူပြီး အလေးချိန် ၄. ၅ တန်လေးသည်ဟုဆိုသည်။

အဆိုပါ ကျောက်စိမ်းရုပ်ပွားတော်ကြီးကို မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသဒေါင်သက်ပြည်နယ်ရှိ ဗင်အန်းစေတီတော်မှ တန်ဆောင်းတော်ကြီးအတွင်းလောလောဆယ် ကိန်းဝပ်တော်မူကာ၊ အပူဇော်ခံထားမည်ဆို၏။

ထိုရုပ်ပွားတော်မြတ်ကြီးမှ ထွန်းလင်းထွက်ကြွတော်မူမည့် ရောင်ခြည်တော်များသည် ကမ္ဘာတစ်ဝန်း ဖြန့်ကျက်လျက် ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့အတွက် ငြိမ်းချမ်းရေး၊ ပျော်ရွှင်ကြည်နူးကြစေရေးနှင့် အဖျက်အမှောင့်လုပ်ရပ်များ ဆိတ်သုဉ်းပျောက်ကွယ်၍ ကမ္ဘာသူ ကမ္ဘာသားတို့၏ကြေကွဲနာကျည်း ဝမ်းနည်းပူဆွေးမှုများ ပပျောက်ရေးတို့အတွက် မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တားဆီးဖယ်ရှားပေးတော်မူလိမ့်မည်ဟု ဗီယက်နမ်ပြည်သူအပေါင်းတို့က ယုံကြည်လျက်ရှိနေကြသည်ဆိုသည်။

ယင်း ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နိုင်ရန်အတွက် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်က ကနေဒါနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သော အလေးဝန်တန်ချိန် ၁၈ တန်ရှိ နက်ဖ်ရိုက် အမျိုးအစား ဧရာမကျောက်စိမ်းတုံးကြီးကို ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သယ်ဆောင်ခဲ့သည်ဆို၏။


ထို့နောက် ထိုင်းနိုင်ငံတွင် နှစ်နှစ်ကျော်ကြာအချိန်ယူကာ ထုဆစ်ခဲ့ကြရာ ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ ကိုယ်စားလှယ် ၁၀၀၀ ခန့်တို့နှင့် အစိုးရဝန်ကြီးဌာနများ၊ အေဂျင်စီများနှင့် ဘန်ကောက်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံဃာတော်ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ ကြွရောက်ကြည့်ရှု လေ့လာ အကြံဉာဏ်များပေးကြသည်ဆို၏။

၎င်းကျောက်စိမ်း ရုပ်ပွားတော်ကြီးကို ထုဆစ်ပြီးသည့်နောက် ဗီယက်နမ်နိုင်ငံဘက်နင်းပြည်နယ်သို့ ပင့်ဆောင်ပူဇော်ရာတွင်လည်း အဆိုပါ ပရိသတ်များ အပါအဝင် ပြည်သူအပေါင်းတို့က အခမ်းအနားများဖြင့် သောင်းသောင်းဖျဖျ ကြိုဆိုပူဇော်ကြသည်ဟုဆို၏။

ကျောက်စိမ်းရုပ်ပွားတော်ကြီး ဆိုက်ရောက်တော်မူ၍ ရက်သတ္တပတ်အနည်းငယ်အတွင်း နေ့ရက်များတွင် ကမ္ဘာကြီးနှင့်တကွ ဗီယက်နမ်ပြည်သူများအတွက် ငြိမ်းချမ်းရေးနှင့် ပျော်ရွှင်ချမ်းမြေ့စေရေး ဆုတောင်းဝတ်ပြုပွဲများကျင်းပကြသည်။ ဗီယက်နမ်ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲကြီးအတွင်း ကျဆုံးခဲ့ကြသော မျိုးချစ်စစ်သည် ဇာနည်ရဲဘော်များအား ရည်မှန်း၍ အလှူဒါနများ ပြုပြီးအမျှပေးဝေမေတ္တာပို့သကြသည်ဆိုသည်။ ၎င်းကမ္ဘာ့အကြီးဆုံးကျောက်စိမ်းရုပ်ပွားတော်ကြီးကို ဩစတြေးလျနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အင်ဒိုနီးရှားနိုင်ငံနှင့် အခြားသောနိုင်ငံများသို့ အဖူးမြော်ခံ ဒေသစာရီကြွချီတော်မူပြီးနောက် ဩစတြေးလျနိုင်ငံအာတစ်ရှားစင်တာရှိ မဟာဗောဓိဘုရားကျောင်းတော်ကြီးတွင် အမြဲတမ်းကိန်းဝပ် တည်ထားကာ ပူဇော်ဆည်းကပ်ကြမည်ဟု ဗီယက်နမ်သတင်းအေဂျင်စီနက်ဝပ် သတင်းတွင်ဖော်ပြသည်။

# သူတော်ကောင်းတို့အလှူပေးနည်း (၇)

အရှင်သီလာစာရ(ပဲခူး)
မြို့ဦးတောရစာသင်တိုက်(ဖားကန့်)



(ယခင်အပတ်မှအဆက်)

**မင်းဆိုးအန္တရာယ်**

နေပူမရှောင် မိုးရွာမရှောင် ရှာဖွေထားသော ပစ္စည်းဥစ္စာများကို မင်းစိုးရာဇာတို့က အာဏာတန်ခိုး အမျိုးမျိုးဖြင့် လွှမ်းမိုးသိမ်းယူသွားလျှင် (မလွဲမရှောင်သာ) ပေးကြရပေမည်၊ မည်သည့်နည်းနှင့်မျှ ရှောင်ကွင်း၍ မရ နိုင်ပါချေ။ သို့ဖြစ်၍ နည်းအမျိုးမျိုးဖြင့် ရှာဖွေထားသော ပစ္စည်းဥစ္စာတို့သည် ဖော်ပြပါရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေသောကြောင့် အနှစ်သာရမရှိ အကာအတိဖြစ်ပေတော့သည်။ မိမိသွားရာ ဘဝသံသရာ၌ လည်း တစ်ခုမှ တိုက်ရိုက်ယူသွား၍မရ၊ သေလျှင်အားလုံးထားပစ်ခဲ့ရမည်၊ မိမိခါးမှာ ဝတ်ထားသော အဝတ်သည်ပင် ကောင်းလျှင် ချွတ်ယူထားလိုက်ဦးမည်၊ အခြားပစ္စည်းဥစ္စာများကား ဆိုဖွယ်မရှိတော့ပေ။

**ယူသွား၍ ရနိုင်သောအရာ**

မိမိရှာဖွေထားသော ပစ္စည်းဥစ္စာတို့ကို နိဗ္ဗာန် ရောက်သည်အထိ ယူသွားလို့ရနိုင်သောနည်းကို ဘုရားရှင်ဟောတော်မူခဲ့သည်။ ထိုပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဟူသော ဒါနကောင်းမှုပြုပြီး ယူသွား ရပေမည်။ "မင်္ဂိုလ်နိဗ္ဗာန်ထိအောင် မြင့်ခေါင်ကြီးထွား၊ အစီးအပွားကို လိုလားသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးမှန်လျှင် အနှစ်သာရမရှိသော ပစ္စည်းဥစ္စာများကို "ငါ့ပစ္စည်းအစစ်တွေပဲ"ဟု ထင်မှတ်မနေဘဲ၊ ထိုပစ္စည်းဥစ္စာများကို မိမိတတ်နိုင်သလောက် စေတနာသုံးတန်ပြဋ္ဌာန်းပြီး စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို ပြုပြီး ဒါန ကောင်းမှုကို နိဗ္ဗာန်ရသည်အထိ ယူဆောင်သွားနိုင်ရမည်"ဟု ဘုရားရှင်မိန့်တော်မူခဲ့သည်၊ သတိရှိကြပါလေ သူတော်ကောင်းတို့။

**ဒါနအကျိုး ငါးမျိုး**

၁။ စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ရှိသူကို လူအများတို့ ချစ်ခင်မြတ်နိုးကြသည်။
၂။ သူတော်သူမြတ် အလှူခံပုဂ္ဂိုလ်တို့ချဉ်းကပ်ကြသည်။
၃။ ကောင်းသော သတင်းကျော်စောသံ ပျံ့လွင့်၍တက် သည်။
၄။ မည်သည့်ပရိသတ်မျိုး၌မဆို ဝင်ဆံ့သည်၊ ဝင်ရဲ သည်။
၅။ သေသည့်၏နောက်၌ နတ်ပြည်ရောက်ရသည်။

[ ဆောင်ပုဒ်လင်္ကာ ]

**အများချစ်အပ်၊ သူမြတ်တို့ချဉ်း၊ ကောင် သတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ၊ ခန္ဓာစဲသော် ရောက်မြဲ နတ်ထံ၊ ဤငါးတန်သည်၊ မှတ်ရန် ဒါနအကျိုးတည်း။**

**အဓိပ္ပာယ်ရှင်းလင်းချက်**

၁။ စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ရှိသူကို လူအများချစ်ခင် ကြသည်မှာ အထူးပြောစရာမလိုလောက်အောင် ရှင်းပါသည်။ အလှူဒါနပေးလှူခြင်းဟူသည် တစ်ဖက်သားချမ်းသာရာရအောင် ပြုပေးရာရောက်သဖြင့် ထိုသူတို့၏ မေတ္တာတုံ့ပြန်မှု၊ ချစ်ခင်လေးစားမှုတို့ကို ခံရမည်မှာ ဓမ္မတာဖြစ်ပေသည်။ ဒါနရှင်ကို ထာဝရခင်ကြသည်၊ ထိုကြောင့်ပင် အလှူဒါနဟူသည် လူနတ်ချစ်ဆေးဟု ဆိုရခြင်းဖြစ်ပေသည်။

၂။ အလှူဒါနပြုသူထံ သူတော်ကောင်းများ၊ အထူးသဖြင့် မြတ်သောအကျင့်ကိုကျင့်နေကြကုန်သော ရဟန်းသာမဏေ၊ ရသေ့၊ ယောဂီ၊ သီလရှင်၊ သူတော်စင်တို့ အမြဲမပြတ် အလှူခံကြွရောက်တော်မူကြသည်။ အလှူခံပုဂ္ဂိုလ်တို့ လိုအပ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတို့ကို စေတနာ ဖြူဖွေး၊ အလှူပေးခြင်းဖြင့် ကျေးဇူးပြုရာ ရောက်သောကြောင့် အလှူခံပုဂ္ဂိုလ် သူတော်သူမြတ်တို့က ဒါနပြုလုပ်သူ (အလှူရှင်)ထံ အမြဲမပြတ် ချဉ်းကပ်ကြခြင်းဖြစ်ပေသည်၊ မြတ်သောအလှူကို ခံယူကြပေသည်။

၃။ စွန့်ကြဲပေးကမ်းလှူဒါန်းသူ၏ ကောင်းသောသတင်းကျော်စောခြင်းမှာလည်း ပြောမဆုံးပေါင် တောသုံးတောင်ပင်ဖြစ်ပေသည်၊ "ဒီလူဟာ သိပ်စေတနာကောင်းတာပဲ၊ နှမြောတွန့်တိုခြင်းမရှိဘူး၊ သူတစ်ပါးကို ပေးချင် ကမ်းချင် ထောက်ပံ့ချင်တဲ့စိတ် အမြဲရှိတယ်၊ အလှူရေစက်လက်နဲ့မကွာမို့ ဘယ်တော့မှ ဆင်းရဲမှာ မဟုတ်ဘူး၊ ရှေးကကောင်းခဲ့လို့ ဒီဘဝမှာလည်း တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါအထက်တန်း ကျကျ၊ မျက်နှာပန်းလှလှနဲ့နေရသလို နောက်ဘဝတွေ ဒီထက်ချမ်းသာကြီးမှာပဲ၊ ရှေးကကောင်းခဲ့လို့ အခုကောင်းသလို အခုကောင်းတဲ့အတွက် နောင်ဘဝတွေလည်း ပိုပြီးကောင်းကြဦးမှာပဲ"လို့ နေရာတိုင်းမှာ ချီးမွမ်းကြ၊ ကောင်းသတင်းပြောကြသည်။

၄။ လောက၌ လူပရိသတ်၊ မင်းပရိသတ်၊ ရဟန်းပရိသတ် စသည်ဖြင့် အလွှာမျိုးမျိုးရှိကြရာ၊ သာမန်ပုဂ္ဂိုလ်တို့အနေဖြင့် ဂုဏ်သရေရှိ (အထက်တန်းလွှာ) လူ ပရိသတ်ထဲဝင်ရဲဖို့ မလွယ်ကူပေ၊ မင်းပရိသတ်ထဲတွင်ကား ပြောစရာမရှိတော့၊ ရဟန်းပရိသတ်တွင်လည်း လောကီလောကုတ္တရာဂုဏ်အားဖြင့် ထည်ဝါသော ဆရာတော်ကြီးများထံ သာမန်လူတို့သွားလာဝင်ထွက်ရဲဖို့ မလွယ်ကူချေ၊ ဆရာတော်ကြီးများက အဆင့်အတန်းမခွဲခြားသော်လည်း မိမိကိုယ်၌ကပင် စိတ်မလုံ၊ သိက္ခာမလုံဖြစ်ပြီး မသွားရဲ၊ မလာရဲဖြစ်နေပေတော့သည်။ ကိုယ်ကျင့်တရား ပျက်ပြားသူတို့ကား မည်သည့် ပရိသတ်၌မဆို သာ၍ပင်မချဉ်းကပ်ရဲကြပေ။ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသော ဒါနရှင်သည်ကား

မည်သည့် ပရိသတ်၌မဆို ဝင်ထွက်ရဲသည်၊ ချဉ်းကပ်ရဲသည်၊ ကြောက်ရွံ့ နောက်တွန့်ခြင်း လုံးဝမရှိပါပေ။

၅။ စွန့်ကြဲပေးကမ်းလှူဒါန်းလေ့ရှိသော ဒါနရှင်သည် ကွယ်လွန်အနိစ္စ ရောက်သောအခါ၌ နတ်ပြည်ခြောက်ထပ်ရောက်နိုင်ပေသည်။ နတ်ပြည်ခြောက်ထပ်ကား စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီ တို့တည်း။ နတ်ပြည်ဟူသည် ကောင်းမှုရှင်တို့ ပျော်စံရာဘုံဌာန ဖြစ်ရကား ကောင်းမှုမရှိသူတို့ လုံးဝမချဉ်းကပ်နိုင်ပေ၊ ဒါန ကောင်းမှုရှိသူတို့ကား (မိမိတို့ပြုထားသော ကုသိုလ်အား လျော်စွာ) ရောက်နိုင်ကြပေသည်။

## သူတော်ကောင်းတို့အလှူပေးနည်း

အလှူဒါနပြုမှုနှင့် ပတ်သက်၍ သူတော် ကောင်းတို့၏ အလှူပေးနည်း (သပ္ပုရိသဒါန)ငါးမျိုးကို ကောင်းစွာမှတ်သား ထိုက်ပေသည်။

**ပဥ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ**။ ဘိက္ခဝေ- မင်္ဂ ဖိုလ် နိဗ္ဗာန်လိုလား၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး အပေါင်း သူတော်ကောင်းတို့၊ သပ္ပုရိသဒါနာနိ- သူတော်ကောင်းကြီးများ ပြုလေ့ရှိသော ဒါနတို့သည်၊ ဝါ အလှူတို့သည်၊ ဝါ ဘုရားအလောင်းတော်ကြီးများ၊ ပစ္စေကဗုဒ္ဓါအလောင်းတော်ကြီးများ၊ အဂ္ဂသာဝက မဟာသာဝက အလောင်းတော်ကြီးများ၊ ကျောင်းဒကာ ကျောင်းဒါယိကာမ အပေါင်း သူတော်ကောင်းကြီးများ၊ ဘုရားဒကာ ဘုရားအမ အပေါင်းသူတော် ကောင်းကြီးများ ပြုလေ့ပြုထရှိသော အလှူဒါနတို့သည်၊ ဣမာနိပဉ္စ- ဤပြဆိုအပ်လတ္တံ့သော ငါးမျိုး ငါးပါးတို့ပေတည်း။

စွန့်ကြဲပေးကမ်းလှူဒါန်းလျှင်ပင် ဒါနဟု ခေါ်ပေသည်။ သို့သော် ပြုပုံအခြင်းအရာလိုက်၍ ဒါန ငါးမျိုး၊ အလှူငါးမျိုးဖြစ်သွားရပေသည်။ ထိုဒါနငါးမျိုး ကား အောက်ပါအတိုင်းဖြစ်ပေသည် -

(၁) သဒ္ဓါယ ဒါနံ ဒေတိ၊
ယုံကြည်ချက်အပြည့်ဖြင့်လှူခြင်း။

(၂) သက္ကစ္စံ ဒါနံ ဒေတိ၊
အလှူဝတ္ထုပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်ကို အရိုအသေပေး၍ လှူခြင်း။

(၃) ကာလေန ဒါနံ ဒေတိ၊
အလှူခံပုဂ္ဂိုလ်အား လိုအပ်နေသော ပစ္စည်းကို လိုအပ်သောအချိန်၊ သို့မဟုတ် ဦးဦးဖျားဖျား ပေါ်စအချိန်၌ ပေးလှူခြင်း။

(၄) အနဂ္ဂဟိတစိတ္တော န ဒါနံ ဒေတိ၊
တဏှာလောဘဖြင့် ကပ်ငြိတွယ်တာခြင်း မရှိဘဲ (ပြန်ရလို စိတ်မရှိဘဲ) တွန့်တိုသော စိတ်မရှိဘဲ လှူဒါန်းခြင်း။

(၅) အနုပဟစ္စ ဒါနံ ဒေတိ၊
သူတစ်ပါး မထိခိုက်စေဘဲ၊ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်မှု မရှိမူ၍ လှူဒါန်းခြင်း။

## အဓိပ္ပာယ်ရှင်းလင်းချက်

၁။ သဒ္ဓါဒါန= သဒ္ဓါယ ဒါနံ ဒေတိ- ယုံကြည်သော စိတ်ဖြင့် လှူခြင်း၏ ဆန့်ကျင်ဘက်ကား မယုံကြည်သော စိတ်ဖြင့်လှူခြင်းတည်း၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ပြုလျှင်ကား ဒါနချည်းဖြစ်ပေသည်။ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ အလှူအတန်းကား ဖြစ်ပေသည်။ သို့သော် ရှေ့ပြေးက မယုံသောစိတ် ပါသွားသည်ဆိုလျှင် အသဒ္ဓဒါန ဖြစ်သွားပေသည်၊ မယုံသောစိတ်၊ မကြည် သောစိတ်ဟူသည် အကုသိုလ် အနယ်အမှုန်တို့ဖြင့် နောက်ကျုနေသောစိတ်ဖြစ်ပေသည်၊ ယုံသောစိတ်မှာ ကြည်၍၊ မယုံသောစိတ်ကား မကြည်နိုင်တော့ပေ၊ သဒ္ဓါ အရ ယုံကြည်ခြင်းဟူသည် ဘုရားကိုလည်းယုံ၏၊ တရား ဟု ဆိုအပ်သော ဒါနနှင့် ဒါနအကျိုးကိုလည်းယုံ၏၊ အရိယာသံဃာတော်တို့နှင့် ယခုလက်ရှိ သမုတိနွယ်ဝင် သံဃာတော်အရှင်မြတ်တို့၏ ဂုဏ်ကိုလည်းယုံ၏၊ ချုပ်လိုက်တော့ ရတနာသုံးပါးနှင့် အထူးသဖြင့် မိမိတို့ ပြုလုပ်သော ဒါနကောင်းမှုနှင့် ထိုဒါနကောင်းမှုက ဖြစ်ပေါ်လာမည့် အကျိုးကို ယုံကြည်ခြင်းတည်း။ “စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကား ကောင်းတဲ့ အလုပ်၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ ပြုလေ့ပြုထရှိတဲ့အလုပ်၊ ဒီအလုပ်မျိုးကိုလုပ်ပြီးတော့ အဲဒီသူတော် ကောင်းကြီးတွေဟာ မင်္ဂပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သွားကြတယ်ဟု ယုံကြည်၏၊ သံသရာစခန်း မင်္ဂဖိုလ်နိဗ္ဗာန်သွားရာလမ်းကြီးမှာ ဒါန ကောင်းမှုပါမှ ဖြစ်လေရာဘဝ အောက်တန်းမကျဘဲ အထက်တန်းကျကျ၊ မျက်နှာပန်းလှလှ၊ စည်းစိမ်ဥစ္စာပြည့်ပြည့်စုံစုံ နေထိုင်စရာပြည့်ပြည့်စုံစုံနှင့် မင်္ဂဖိုလ်နိဗ္ဗာန်စခန်းဝင် နိုင်လိမ့်မည်ဟု ယုံကြည်၏၊ တရားကို အဓိက ယုံခြင်းတည်း။ ဒါနကောင်းမှုနှင့် ဒါန ကောင်းမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရားတွေကို ယုံကြည်လျှင် ဘုရားကိုလည်းယုံပြီးသား ဖြစ်သွားတော့၏။ အဘယ်ကြောင့်ဆိုသော် ဘုရားဟောသော တရားဖြစ်နေသော ကြောင့်တည်း။ သူ့ဝါဒသူ့လမ်းစဉ်ကို ယုံလျှင် သူ့ကိုလည်း ယုံပြီးသား ဖြစ်သွားသကဲ့သို့ပင်။ ဤသို့ အားဖြင့် ဘုရားနှင့် တရားကို ယုံကြည်ပြီးသား ဖြစ်သွားလေတော့၏၊ ထို့နောက် သံဃာတော်တို့သည် ဒါန အလုပ်မျိုးကို ကိုယ်တိုင်လည်းအားထုတ်ကြ၏၊ သူတစ်ပါးကိုလည်း အားထုတ်စေ၏၊ ပြုလုပ်စေ၏။ သံဃာတော်တို့သည် ဘုရားရှင်၏ တရားတော်တွေကို မပျောက်ပျက်အောင် ကိုယ်တိုင်လည်းကျင့်၊ သူတစ်ပါးကိုလည်း ကျင့်နိုင်အောင် ဟောပြောပြသ၊ နည်းပေးတော်မူကြ၏၊ ဘုရားရှင်၏ သာသနာတော်မြတ်ကြီး မကွယ်ပအောင် နည်းအမျိုးမျိုးဖြင့် သယ်ပိုး ထမ်းရွက်တော်မူကြကုန်၏၊ သံဃာရတနာ၏ ကျေးဇူးကြောင့် ဘုရားကို ကိုးကွယ်ရခြင်း၊ ကိုးကွယ်တတ်ခြင်း ဖြစ်ပေသည်။ သံဃာတော်တို့၏ ကျေးဇူးကြောင့်သာ ဒါနကောင်းမှုကို ပြုနေခြင်း၊ စနစ်တကျ ပြုလုပ် တတ်ခြင်းဖြစ်ပေသည်။ ရတနာသုံးပါးအနက် ဘုရားရတနာမှာ ပရိနိဗ္ဗာန်ဝင်စံသွားပြီဖြစ်၍ ငြိမ်နေပြီ၊ တရားရတနာကလည်း မူလကပင် ငြိမ်နေသော ဓာတ် ကြီးဖြစ်သည်၊ တစ်နည်းအားဖြင့်ပြောရလျှင် ဗီရိုထဲ စာအုပ်ထဲ အောင်းနေသော ဓာတ်ကြီးဖြစ်သည်၊ သံဃာ ရတနာကသာ လူသားတွေနှင့် ပေါင်းကူးမပေးလျှင် ဘုရားလည်းသိခွင့်မရ၊ တရားရတနာ ကိုလည်း သိခွင့် မရနိုင်တော့ပေ၊ သံဃာရတနာကိုလည်း သိခွင့်မရနိုင် တော့ပေ။ သံဃာရတနာက လှုပ်ရှားပေးနေလို့ ပေါင်းကူးပေးနေလို့သာ၊ တစ်နည်းပြောရလျှင် သံဃာရတနာ ကျေးဇူးကြောင့်သာ ဘုရား အကြောင်း၊ တရားအကြောင်း သိခွင့်ရကြ၏။ သံဃာတော်တွေက ဟောကြားခြင်း၊ ရေးသားခြင်း၊ လက်ဆင့်ကမ်းသယ်ဆောင်ပေးခြင်း ကြောင့်သာ နားလည်ခွင့်ရကြပေသည်။ ဘုရားရှင်က တရားရတနာ အကြောင်း၊ လူ့ရွာနတ်ထံ ချမ်းသာစံပြီး နိဗ္ဗာန်ဝင်သွားဖို့ရာအထိ ဓမ္မလမ်းစဉ်ကြီးတွေ ချပြပေးတော်မူသည်ကို သံဃာတော်တွေက

စာမျက်နှာ ၃၈ သို့

# မြတ်ဗုဒ္ဓ၏ အလုပ်အကျွေး အရှင်အာနန္ဒာ

## မြင့်သိန်း(မော်ကျွန်း)

**(ယခင်အပတ်မှအဆက်)**

**၅။ ဘုရားရှင်အား နိုးကြားစွာ ဂရုတစိုက် ပြုစုတော်မူခြင်း**

ထိုအခါမှစ၍ နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးသည့်တိုင်အောင် အရှင်အာနန္ဒာသည် ဘုရားရှင်၏ နောက်တော်ပါးမှ အရိပ်သဖွယ်လိုက်ပါလျက် ပြုစုလုပ်ကျွေးတော်မူပါသည်။ အရှင်နှစ်ပါးမှာ နှစ်ကိုယ်တစ်စိတ်ပင်ဖြစ်နေပါလေသည်။ အရှင်အာနန္ဒာသည် မိမိအား ပရမတ္ထချမ်းသာကိုပေးသနားတော်မူသော မဟာကျေးဇူးတော်ရှင်ကြီးကို ကျေးဇူးတုံ့ပြန်ပေးဆပ်နေပါလေ၏။

**5. His watchful attention to the Buddha**

Thenceforth, for twenty five years; i.e until the end of the Buddha's Demise, he waited upon the Blessed One, following him like a shadow. though they two were of different bodies, they were in complete agreement. He requited the favour to his great benefactor, who had given him the absolute happiness.

အရှင်အာနန္ဒာ၏ နေ့စဉ်ပုံမှန်လုပ်ငန်းတွင် ရွှေဘုန်းတော်သခင်ဘုရားရှင်အတွက် ရေပူရေချမ်းကပ်ခြင်း၊ လိုသလို သုံးနိုင်ရန် ဒန်ပူအရွယ်အစားသုံးမျိုးကို အသင့်ပြုလုပ်ထားခြင်း၊ လက်တော်ခြေတော်တို့ကို နှိပ်နယ်ပေးခြင်း၊ ဘုရားရှင်ရေသုံးသပ်တော်မူစဉ် ကျောကုံးတော်ကို ကြေးညှော်ပွတ်တိုက်ဆေးကြောပေးခြင်း၊ ဘုရားရှင်၏ ဂန္ဓကုဋီပရဝုဏ်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ မြက်ပင်ပေါင်းပင်များရှိနေလျှင် ကိုရင်လေးများကို ကပ္ပိစေခြင်း၊ ဆွမ်းကပ်ချိန်တွင် ဖွယ်ဖွယ်ရာရာ ပြုပြင်ပြင်ဆင်၍ ဘုရားရှင်အား ဆက်ကပ်တော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူပြီး နောက် မုန့်ပဲသရေစာများ ဆက်ကပ်ခြင်း၊ ရဟန်းတော်များနှင့် သင့်လျော်သော သစ်သီး ဖျော်ရည်တစ်မျိုးမျိုးကို ဆက်ကပ်ခြင်းစသည်တို့ပါဝင်သည်။ ဤသို့ဖြင့်လျှင် အရှင်အာနန္ဒာသည်အချိန်တိုင်းမှာ ဘုရားရှင်၏ အလိုတော်ကို စောင့်ကြည့်နေရင်းနှင့်ပင် အပါးတော်၌ အမြဲတမ်းပင်ရှိနေတော်မူပါလေ၏။

His daily routine consisted of fetching cold and hot water for the Blessed One, making ready the three sizes of tooth-picks to suit the occasion, massaging his arms and legs, scrubbing the Buddha' back when he took a bath, cleaning up the precincts of his fragrant chamber. asking the novices, when there were weeds and grass, to make them in proper way, preparing and offering the Buddha something preferable, at the lunch time, giving him snakes and cakes after lunch, offering a kind of fruit juice which suited the bhikkhus and so on. Thus he was always on the Buddha's side, seeing to the Buddha's needs at all time.

အရှင်အာနန္ဒာသည် ဆရာသခင် ကျေးဇူးတော်ရှင်၏ လှုပ်ရှားမှုတိုင်းကို မေတ္တာစေတနာအပြည့်နှင့် နေ့ဘက်၌သာ အနီးကပ်ကြီးကြပ်တော်မူသည်မကဘဲ ညအခါမှာလည်း မီးအိမ်တစ်လုံးလက်တွင်ဆွဲ၍ ဆရာသခင်၏ ဂန္ဓကုဋီကိုလှည့်ပတ်သွားနေပြီး ကိုယ်တိုင်နိုးကြားလျက်ရှိတော်မူပါသည်။ အချိန်မရွေး ဘုရားရှင်က ခေါ်တော်မူလျှင် ချက်ချင်း တုံ့ပြန်ဖြေကြားနိုင်ရန် ရည်ရွယ်၍ အရှင်အာနန္ဒာသည် မီးအိမ်ကို လက်တွင်ဆွဲ၍ ညတိုင်း ကိုးပတ်ပတ်တော်မူပါသည်။

Not only did he keep a close loving supervision on the master's activities by day, at night also he would keep himself awake by holding up a lamp and going round the precincts of the Master's chamber. Every night he made nine rounds with the lamp in hand, his intention being to answer immediately when the Buddha called him at any time.

အရှင်အာနန္ဒာသည် ဂရုတစိုက်သေချာစွာ အနီးကပ်စူးစမ်းလေ့လာထားသဖြင့် ဘုရားရှင်၏ စိတ်အကြံတော်ကို ခန့်မှန်းနိုင်တော်မူပါသည်။ ဥပမာအားဖြင့် ဆွမ်းခံကြွတော်မမူမီ နံနက်စောစော၌ ဆရာသခင်ဘုရားရှင်က အိပ်ရာသိမ်းရန် အရိပ်အယောင်ပြတော်မူပါလျှင် ဇေတဝန်ကျောင်းတော် (သာဝတ္ထိပြည်ရှိ အနာထပိဏ်ကျောင်းတော်ကြီးရှိသော ဥယျာဉ်ဖြစ်၏၊ ဇေတမင်းသားပိုင် ဥယျာဉ်ဖြစ်၏၊ အနာထပိဏ်သူဌေးက ၁၈ ကုဋေဖြင့်ဝယ်ယူပြီး လုပ်ငန်းဆောင်တာ အမျိုးမျိုးအတွက် အခန်းများ၊ ခန်းမကြီးများ၊ မဏ္ဍပ်များ၊ ရေတွင်း ရေကန်များတည်ဆောက်ခဲ့၏၊ တံခါးမကြီးရှေ့နားမှာ အာနန္ဒာဗောဓိရှိ၏။ ဘုရားရှင်သည် ဤ ကျောင်းတော်၌ ၁၉ ဝါ၊ ဝါကပ်တော်မူ)မှ ပုဗ္ဗာရုံကျောင်းတော်သို့ (သာဝတ္ထိမြို့၏ အရှေ့ဘက်တံခါးအပြင်ဘက်၌ရှိသော ဥယျာဉ်ထဲမှာရှိ၏။ ဤကျောင်းတော်၌ ဘုရားရှင် ၆ ဝါတိုင် ဝါကပ်တော်မူခဲ့၏။) ပြောင်းရွှေ့ကြွသွားတော်မူလိုသည့်အဓိပ္ပါယ်ဖြစ်ပါသည်။




Ven. Ananda could estimate the Buddha's intention because he observed it closely and carefully. for example, in the morning before for alms- round, if the Master made a sign to keep up the bed, it meant that he wanted to move from Jetavana (A park in Savatthi in which was Ananthapin dikarama. This park belonged to Jetakumara. Anathapindika bought the site at eighteen erores and built many rooms, halls and sheds for many different purposes and wells and ponds. In front of the gateway was Anandabodhi. The Buddha spent nineteen rainy seasons gate of Savatthi. Here the Buddha spent six rainy seasons).

မနက်စောစော ကိုယ်လက်သုတ်သင်သန့်ရှင်းတော်မူပြီးနောက် တစ်ခါတစ်ရံတွင် ဂန္ဓကုဋီကိုပိတ်ထားတော်မူပြီး ဖလသမာပတ် ဝင်စားတော်မူပါလျှင် ဘုရားရှင်သည် ကျွတ်ထိုက်သူတစ်ဦးတစ်ယောက်ကို မြင်တော်မူပြီးဖြစ်၍ ချေချွတ်တော်မူရန် တစ်ပါးတည်း ဆွမ်းခံကြွတော်မူမည်ဖြစ်ကြောင်း ပြဆိုတော်မူနေခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံအကယ်၍ ဘုရားရှင်သည် ဂန္ဓကုဋီတံခါးကိုအနည်းငယ်မျှ ဟထားပြီး ဖလသမာပတ်ဝင်စားတော်မူပါလျှင် ရဟန်းတော်များ လိုက်ပါလျက် ဆွမ်းခံကြွတော်မူမည်ဖြစ်ကြောင်း ဖော်ညွှန်းပါသည်။ တစ်ခါတလေ၌ အကယ်၍ ဘုရားရှင်သည် ဆွမ်းတစ်လုတ်နှစ်လုတ်ခန့်ပို၍ ဘုဉ်းပေးသုံးဆောင်တော်မူပါလျှင် သို့မဟုတ် အစုန် အဆန် စင်္ကြံကြွတော်မူပါလျှင် ဤနေ့မှာပင် ဒေသစာရီကြွချီတော်မူမည်ဖြစ်ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ ထိုအခါ၌ အရှင်အာနန္ဒာသည် ဘုရားရှင်၏ အလိုတော်အတိုင်း လိုအပ်သမျှ အားလုံးကို အသင့်ပြင်ထားတော်မူရပါသည်။ ရံဖန်ရံခါ၌ အကယ်၍ ဘုရားရှင်ပြုံးတော်မူပါလျှင် ဘာကြောင့်ပြုံးတော်မူရကြောင်း အရှင်အာနန္ဒာက မေးလျှောက်ပါ၏။ အကြောင်းမှာ ဘုရားရှင်တို့မည်သည် မည်သည့်ကိစ္စကိုမျှ အကြောင်းမဲ့ပြုတော်မမူကြခြင်းကြောင့်ပင်ဖြစ်၏။

စာမျက်နှာ ၃၀ သို့

# အဲဒါမှ ဇီဝိတဒါန

(ထွန်းတင့်အောင်)



ဒါန။ ဒါနဟူသော ဝေါဟာရသည် မြန်မာ့လူဘောင်နှင့် ရင်းနှီးကျွမ်းဝင်နေပြီဖြစ်သည်။ ပေးကမ်းစွန့်ကြဲခြင်း လှူခြင်းပင်ဖြစ်သည်။

ပေးကမ်းစွန့်ကြဲရာတွင်ပစ္စည်းဝတ္ထု အပေါ်အမှီပြု၍ ပေးကမ်းစွန့်ကြဲကြသဖြင့်၊ အလှူ ဒါနအမျိုးမျိုး အမည်တပ်ခေါ်ကြသည်။ သင်္ကန်းဒါန၊ ဆွမ်းဒါန၊ ကျောင်းဒါန စသည်ဖြင့် အလွန်များပြားလှ၏။ ထိုများပြားသော အလှူဒါနထဲတွင် ဇီဝိတဒါနဆိုသည်လည်းပါဝင်၏။

ဇီဝိတဒါနဆိုသည်မှာ လူတစ်ဦးဦး သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင် အသက်ဆက်လက်ရှင်သန်ရေးအတွက် ပေးလှူခြင်းကိုဆိုသည်။ အသက်သေမည့်ဘေးနှင့်ရင်ဆိုင်နေရသူ လူသားအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်၊ အသွေး၊ အသား၊ ဆေးဝါးလှူခြင်း အာဟာရ ပြတ်၍ သေလုလု သတ္တဝါကို အစာအာဟာရပေးလှူခြင်း၊ သဘာဝအလျောက်ဖြစ်နေသော အန္တရာယ် တစ်ခုခုနှင့်ရင်ဆိုင်ကြုံတွေ့နေသူကို ကယ်တင်ခြင်း တမင်သက်သက်ထောင်ထားသော ထောင်ချောက်တွင် မိနေသော သတ္တဝါကို လွှတ်ပေးခြင်း၊ ရေသတ္တဝါရေခန်း၍ သို့မဟုတ် ကြည်းတင်၍ ကုန်းသတ္တဝါရေနစ်၍ အသက်သေမည့်ဘေးကြုံ နေရခြင်းမှလည်းကောင်း ကယ်တင်ခြင်း စသည်ဖြင့် သတ္တဝါတစ်ဦးဦး အသက်ဆက်ရာဆက်ကြောင်း ရှင်ရာရှင်ကြောင်းပြုလုပ်ပေးခြင်းသည် ဇီဝိတဒါန ဖြစ်သည်။

ဤတွင် ဒါန၏ သဘောသဘာဝကို အနည်းငယ်စဉ်းစားဖို့လို၏။ ဒါနသည် လှူခြင်း၊ ပေးခြင်းဖြစ်သည်ဆိုသည်ကို အထူးဆိုဖွယ်မရှိ။ ထိုသို့လှူရာပေးရာ၌ အလှူခံသူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ ထိုသူနှင့် နီးနွယ်ရာ လူတစ်စုအတွက်သော်လည်းကောင်း၊ တိုင်းနိုင်ငံအတွက်သော်လည်းကောင်း၊ ကောင်းကျိုးချမ်းသာကို ဖြစ်စေသော ပေးကမ်းလှူဒါန်းမှုသည်သာလျှင် ကောင်းသော ပေးလှူခြင်းဖြစ်သည်။ ကောင်းသော ဒါနဖြစ်သည်။ မိမိကစေတနာ ပြတ်လျှင်ပြီးစတမ်း။ ဒါနသည် ကုသိုလ်ကောင်းမှုသာ ဖြစ်သည်ဆို၍ မရ။ မိမိက စေတနာ သဒ္ဓါပြတ်ပြီး ဓါးပြကို လက်နက်လှူ၍ ဖြစ်မည်လား။ မဖြစ်သည်ကို လူတိုင်းအသိ ဖြစ်သည်။ သို့သော် သီလကြောင်ကို သို့မဟုတ် ရဟန်းယောင်ကို ပေးလှူ၍မဖြစ်ဆိုသည်ကိုမူ လူတိုင်းမသိတော့။မမြင်တော့။ အဝတ်ကကာထားသောကြောင့်ဖြစ်၏။ စင်စစ်အဝတ်သည် ပဓါနဖြစ်၏။ လူ့ကိုယ်ကျင့်ဆိုရာ၌ လောကီကိုယ်ကျင့်နှင့် လောကုတ္တရာကိုယ်ကျင့် ဟူ၍ရှိ၏။ လောကီကိုယ်ကျင့်မှာ လူ့စည်းမျဉ်း စည်းကမ်းကို လိုက်နာခြင်း၊ လူ့အဖွဲ့အစည်းနှင့် လျော်သည်ကို လိုက်နာကျင့်သုံး၍ မလျောက်ပတ်သည်ကို ရှောင်ကြဉ်ခြင်းဖြစ်၏။ လောကုတ္တရာကိုယ်ကျင့်မှာ မဂ်လေးတန် ဖိုလ်လေးတန်ရရေး ရောက်ရေး အကျင့် ဖြစ်၏။ ဒါနကိုဆက်ပြောရလျှင် အလှူခံပုဂ္ဂိုလ်သည် သူ့ဘာသာသူဘာပဲဖြစ်ဖြစ် မိမိက စေတနာ ပြတ်လျှင်ပြီးတာပဲ ဟူသော သဘောထား သူများရှိသည်။စင်စစ်ယင်းသို့ မဖြစ်သင့်။ သာသနာအတွက် ဆူးပြောင့်တံသင်းဖြစ်မည့်သူများ လူသားအတွက် လူ့လောကအတွက် ကောင်းကျိုးမပေးသူများကို ပေးလှူခြင်း ဟူသမျှသည် ကောင်းသောပေးလှူခြင်းမဖြစ် ဒါနကုသိုလ်ကောင်းမှု မဖြစ်ဆိုသည်ကို သိအပ်၏။

ဒါနကုသိုလ်ကောင်းမှုပြုလုပ်ရာ၌ တမင်သက်သက် ဖန်တီးယူပြီး လုပ်ယူပြီးမှ ကုသိုလ်ကောင်းမှုလုပ်ယူ၍ ရကောင်းသည် မဟုတ်။ ဤအချက်ကို ဥပမာဖြင့်ရှင်းပြပါမည်။ ဥပမာ-လမ်းသန့်ရှင်းရေး ကုသိုလ်ဒါနယူချင်ရချင်သောကြောင့် သန့်ရှင်းနေသော ကတ္တရာလမ်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါးကို ခိုင်းစေ၍သော်လည်းကောင်း အမှိုက်ဖွထားပြီးမှ မိမိက ကုသိုလ်ရချင်၍ အမှိုက်သိမ်း၊ တံမြက်စည်းလှည်းခြင်းမျိုး လုပ်၍မရ။ဤသို့ဆိုသဖြင့် ခင်ဗျားရှုးနေသလား။ ဒီလိုဘယ်သူ လုပ်မည်နည်းဟူ၍ ဆိုကောင်းဆိုမည်။ ဆန္ဒမစောပါနှင့်။

ပေးခြင်း၊ ကမ်းခြင်း၊ လှူဒါန်းခြင်းဆိုသည် ကောင်းသောအမှုဖြစ်၏။ ပြုကောင်းသောအလုပ်ဖြစ်၏။ ဒါနကုသိုလ်ကောင်းမှု ဖြစ်၏။ သို့သော် ယင်းဒါန ကုသိုလ်အမှုကိုပင်မျှော်လင့်ချက်မပါသော ပကတိစွန့်လွှတ်မှု သက်သက်ဖြင့်သာ လုပ်အပ်၏။ ကုသိုလ်ရချင်၍ လှူခြင်းမျိုး မဖြစ်အပ်။ ကုသိုလ်ဖြစ်စေလို၍ တစ်နည်းကောင်းသော အမှုဖြစ်စေလို၍ ပြုလုပ်ခြင်းသာ ဖြစ်အပ်၏။ ရချင်လျှင်လောဘပါသောကြောင့် အကုသိုလ်ဖြစ်၏။ ဤသည်မှာ ပရမတ်ရှုထောင့် နိဗ္ဗာန်ရှုထောင့်မှ ဆိုရခြင်းဖြစ်၏။

မိမိက ဆေးအလှူဒါနပြုလိုသောကြောင့်ဇီဝိတဒါနပြုလိုသောကြောင့် သတ္တဝါတစ်ဦးဦးကို ရိုက်ချိုး၍သော်လည်းကောင်း၊ အချွန်အတက်ဖြင့် ထိုးခုတ်၍သော်လည်းကောင်း ပြုလုပ်ပြီးမှ ဆေးလှူခြင်း၊ ဆေးဝါးကုသပေးခြင်းဖြင့် ဇီဝိတဒါန မဖြစ်ဆိုသည်ကို ကောင်းစွာနားလည်သဘောပေါက်ထားဖို့လိုသည်။ ဤတွင်လည်း စောဒကတက်ဦးမည်။

နွားသတ်ရုံသို့ ရောက်နေသော နွားကို တောင်းဈေးပေးဝယ်ပြီး ဘေးမဲ့လွှတ်လျှင်ကား ဇီဝိတဒါနဖြစ်၏။ သို့သော်ချောင်းမြောင်း အင်းအိုင်မြစ်များအတွင်း သူ့သဘာဝအတိုင်း လွတ်လွတ်လပ်လပ်နေသော ငါးများကို ဖမ်းယူပြီး ရေထဲသို့ ပြန်လွှတ်ခြင်းမှာ ဇီဝိတဒါန မဟုတ်။ ဇီဝိတဒါနကို အဓမ္မလုပ်ယူခြင်းဖြစ်၏။ သူ့သဘာဝအတိုင်း လွတ်လပ်စွာပျံသန်းသွားလာ အစာရှာစားနေသည့် စာကလေးများ အပါအဝင် ငှက်များကိုဖမ်းပြီးပြန်လွှတ်ခြင်းသည်လည်း ငါးလွှတ်သည်နှင့် အလားတူပင်ဖြစ်၏။

ကျွန်တော် မိတ်ဆွေတစ်ယောက် နှင့် အတူ ရွှေတိဂုံဘုရားသို့ ရောက်ခဲ့စဉ်က "စာကလေး ဝယ်လွှတ်မလား၊ ဇီဝိတဒါနဖြစ်တာပေါ့" ဟု မိတ်ဆွေကဆိုပါသည်။ "ငှက်ကလေးတွေကို

သနားလို့မလွှတ်ပါ”ဟု ပြန်ပြောလိုက် သောအခါ “မင်းဟာကတစ်မျိုးပါလား။ သနားလို့ မလွှတ်ဘူး လို့ပဲ” ဟု သူကဆိုပါသည်။ “အေးလေ. . . . လူယုတ်မာတွေက ငှက်ကလေးတွေကိုဖမ်းပြီး ပြန်လွှတ်ဖို့ ရောင်းစားနေကြတာ။ သူတို့မှာ အလုပ်လုပ်စရာ ရှားသလား။ လူယုတ်မာတွေက ငှက်ကလေးတွေကို ဖမ်းတဲ့အထဲမှာ ငါ့ပယောဂမပါ အောင်လို့ ငါက ငှက်ကလေးတွေကို ဝယ်မလွှတ် တာ။ ဝယ်လွှတ်တဲ့သူတစ်ယောက်မျှမရှိယင် သူတို့လည်း ငှက်တွေကို မဖမ်းတော့ဘဲ ဒီအလုပ်ကို စွန့်လိုက်ရမှာပဲ။ အခုသူတို့ဆီက ငှက်တွေဝယ်ပြီး လွှတ်တဲ့သူတွေ ဇီဝိတဒါန ဖြစ်တယ်ထင်လား။ တရားဥပဒေစိုးမိုးတဲ့ အရပ်ဆိုရင် တိရစ္ဆာန် ညှဉ်းပန်းမှုနှင့် အရေးယူခံရဦးမယ်။ ငှက်တွေကို ဖမ်းတဲ့သူရယ်၊ ဝယ်လွှတ်တဲ့သူရယ် ပူးပေါင်း ကြံစည်ကြတာ။ ဝယ်လွှတ်တဲ့သူတွေဟာ ငှက် ကလေးတွေ၊ ငါးတွေကိုတကယ်သနားလို့ အသက် ဆက်ရှင်သန်တာကို အမှန်တကယ် လိုလားလို့ မထင်နှင့်။ သူတို့သေမှာစိုးလို့၊ သူတို့အသက်ဆက် ချင်လို့ယတြာချေတာ။ အဲ. . အဲ. . ငှက်တွေ ငါးတွေကိုဖမ်းတဲ့အထဲမှာ အဓိကကြံရာပါ တစ်ယောက်ရှိသေးတယ်။ အဲဒါက ဗေဒင်ဆရာပဲ။ ငှက်လွှတ်၊ ငါးလွှတ်ဖို့ အကြံပေးတာ ဗေဒင်ဆရာ။ ယတြာလုပ်ပေးတာသူ။ အေး. . တိရစ္ဆာန် ညှဉ်းပန်းမှုနဲ့ အရေးယူရမယ်ဆိုရင် ငှက်ဖမ်းတဲ့ သူရယ် ယတြာလုပ်ဖို့ညွှန်ကြားတဲ့ ဗေဒင်ဆရာရယ် ဝယ်လွှတ်တဲ့သူရယ် တစ်ပေါင်းတည်းပဲ။အမှုတစ်တွဲ တည်းပဲ။ ငါ့မှာသာအခွင့်အာဏာရှိလို့ကတော့ “ငှက်တွေငါးတွေကို လွှတ်ဖို့မဖမ်းရ။ ဖမ်းသူကို ထိရောက်စွာ အရေးယူမည်”လို့ အမိန့်ထုတ် လိုက်မှာ။ ဒါမှ ဇီဝိတဒါနအစစ်ကွ။ မင်းမှတ်ထား” ဟု ကျွန်တော်ပြောခဲ့ဖူးပါသည်။

ငှက်များ၊ ငါးများကို လွှတ်သည်ကို တွေ့မြင်တိုင်း ငယ်စဉ်က ဆော့ကစားခဲ့သည် ကိုသတိရမိ၏။ ကျွန်တော်တို့ငယ်စဉ်က ပုစဉ်း ကလေးများ၊ လိပ်ပြာကလေးများကိုဖမ်းပြီး ဆော့ ကစားခဲ့ဖူးသည်။ ဆော့ကစား၍ဝမှ အားရမှ “နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ် ” ဟုဆိုပြီး ပြန်လွှတ်လိုက်သည်။ မည်မျှတရားကျဖို့ ကောင်းပါသနည်း။ သတ္တဝါကလေးများကို မိမိက ဖမ်းဆော့ပြီး ပြန်လွှတ်သောအခါ လွှတ်လပ်ခွင့်ကို ဆယ်ဆကြီးများတောင် ယူချင်လိုက်သေးသည်။ ပုစဉ်းကလေးများ လိပ်ပြာကလေးများမှာ ဖမ်းထား တာကြာသောကြောင့်လည်းကောင်း၊ ဆော့ကစား ထားသောကြောင့်လည်းကောင်း ပြန်လွှတ်သော အခါကောင်းကောင်းပင် မပျံနိုင် မပျံတတ်ရှာတော့။ သို့သော် ကလေးမို့ရှိစေတော့။

ငှက်ကလေးများကို လွှတ်သောအခါ ငှက်ကလေးများမပျံနိုင် မပျံတတ် ဖြစ်သည်ကို တွေ့ရ၏။ အကြိမ်ပေါင်းမည်မျှအဖမ်းခံရ၍ မည်မျှကြာကြာလှောင်ပိတ်ခံထားရ လေသနည်း။ ငှက်ကလေးများကို ဝယ်လွှတ်သည်ကို တွေ့တိုင်း ကိုယ်ငယ်စဉ်က ပုစဉ်းကလေးများ လိပ်ပြာကလေး များကို ဖမ်းဆော့ပြီးပြန်လွှတ်သည်နှင့် နှိုင်းယှဉ် ကြည့်နေမိ၏။ ကလေးအပြုအမူနှင့် လူကြီး အပြုအမူများကို နှိုင်းယှဉ်ကြည့်နေမိ၏။ လူ အရွယ်ငယ်သည်နှင့် ကြီးသည်မှာ ထူးခြား ချက် ဖြစ်၏။ ငယ်ရာမှ ကြီးလာသည်မှာမှန်၏။ သို့သော် ဦးနှောက်မှာကြီးလာပုံမရ။ အတွေး အခေါ်မှာ သူငယ်နှပ်စားဘဝမှာပင် ရှိနေပါ သေးကလားဟူ၍. . .။

**ထွန်းတင့်အောင်**

---

စာမျက်နှာ ၂၈ မှ

Sometimes if he, early in the morning, after relieving nature, having closed his fragrant chamber entered the Attainment of Fruition (Phalasamapatti) it showed that he had seen somebody who was eligible to be delivered from ignorance, he would go on alms- round alone. Occasionally if he, having closed the door of his fragrant chamber partially, entered phalasamapatti, if signified that he, followed by the bhikkhus, would go on alms-round. Now and then, if he took more one or two mouthfuls of food or if he walked to and fro the passages, if expressed that he would journey on that day. Thereupon Ven. Ananda had to make ready all the requirements according to his will. Sometimes if he smiled. Ananda asked why he did so, because the Buddhas never did anything without a reason.

အရှင်အာနန္ဒာသည် ဘုရားရှင်ကို ဂရု တစိုက်အနီးကပ်ပြုစုလုပ်ကျွေးခြင်းမှတစ်ပါး အခြား ကိစ္စများကို စိတ်ဝင်စားတော်မမူပါ။ ဆရာသခင်၏ မျက်နှာတော်ကို အချိန်ရှိသမျှ ဖူးမြော်နေခွင့်အား အကယ်၍များရရှိခဲ့ပါလျှင် သူ့အတွက် အရာရာ ပြည့်စုံပြီဖြစ်ပါ၏။ အခြားအခြားသော ရဟန်းတော်များသည် ခန္ဓာငါးပါး၏ လက္ခဏာ ရေးသုံးပါးပေါ်တွင် ဝိပဿနာတင်၍ တရားအား ထုတ်တော်မူကြရရာ ရဟန္တာအရှင်မြတ်ကြီးများ ဖြစ်တော်မူသွားကြ ပေပြီ။ ထိုအရှင်မြတ်ကြီးများက ဘုရားရှင်ထံတော်တွင် မိမိတို့ ရရှိခဲ့သည့် အရဟတ္တ ဖိုလ်ကို ဝမ်းမြောက်ဝမ်းသာ လျှောက်ထားလာကြ ပါသည်။ ထိုအရှင်မြတ်ကြီးများကို အားကျတော်မူ ပြီး အရှင်အာနန္ဒာသည် ဘုရားရှင်ထံတော်မှ တရားတောင်းခံတော်မူပါ၏။ ဘုရားရှင်က ခန္ဓာ ငါးပါးကို အခြေခံထား၍ လက္ခဏာရေးသုံးပါးအား ရှင်အာနန္ဒာရှင်းလင်းပြတ်သားစွာ နားလည် သဘောပေါက်စေရန် ဟောကြားပေးတော်မူပါ၏။

Ven. Ananda was not interested in anything else, but close attention to the Buddha. If he had an opportunity to see the face of his Master all the time, every thing was complete for him, The other bhikkhus, meditating the interent nature of Insight (Vipassana) on the Three General Characteristics(Tilakkhana) of Five Aggregates (Pancakkhanda), had attained the Arahatship.they rejoicingly told the Fruition of Arahatship they attained, in the presence of the Buddha. Ven. Ananda, emulating them, asked for Dhamma from the Buddha. The Buddha taking Five Aggregates as foundation, expounded him to understand distinctly the Three General Characteristics.

တရားနာပြီးနောက် အရှင်အာနန္ဒာ သည် အခြားသူများကဲ့သို့ပင် သစ်တစ်ပင်အောက် ၌တရားအားထုတ်တော်မူပါသည်။ တရားပေါ်တွင် အာရုံစူးစိုက်တော်မူပြီး သမာဓိထူထောင်ရန် ကြိုးစားတော်မူပါ၏။ သို့ရာတွင် သူ၏ သမာဓိ သည် ကြာကြာမခံ တစ်ကြိမ်နှစ်ကြိမ်လောက်ပေါ် လာပြီးနောက် ဘုရားရှင်ကို ပြုစုလုပ်ကျွေးခြင်း အပေါ်ကြောင့်ကြမှုကြောင့် ပျောက်ကွယ်သွားပါ လေတော့သည်။ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ဤတရားတော်များဖြင့်ပင် နောက်ပိုင်း၌ ရဟန္တာ ဖြစ်သွားတော်မူပါ၏။ သို့ပေမယ့် ဘုရားရှင်သက် တော်ထင်ရှားရှိစဉ်မှာ မဟုတ်ပါပေ။ ဤသို့ဖြစ်ခြင်း မှာဘုရားရှင်ဟောကြားတော်မူသော တရားတော် ကြောင့်မဟုတ်သည့်အပြင် ဘုရားရှင်ကလည်း သူ့အားတရားအားမထုတ်ရန် ဘယ်သောအခါမှ မိန့်ကြားတော်မမူခဲ့ပါချေ။ သို့ဖြစ်ရသည်မှာ မြတ်ဗုဒ္ဓအပေါ် သူ၏ တွယ်တာမှု သံယောဇဉ် ကြောင့်သာလျှင်ဖြစ်ပါ၏။

After listening the Dhamma Ananda, just like the others, meditated under a tree. He tried to concentrate on the Dhamma, but his concentration did not last Long, it arose once or twice and vanished through his anxiety of serving the Buddha. Ananda, over these Teachings of the Buddha, later, attained Arahatship, but not in the presence of the Buddha, It was not because of the Dhamma which was given by the Buddha and the Buddha never told him not to meditate; it was just because of his attachment to the Buddha.

**(To be continue)**



# ကာမဂုဏ် အာရုံများကို ပယ်ရှားနိုင်မှသာ

မင်းဇေမြင့်(မုဒုံ)

ရှေးအခါက ရဟန်းငါးပါးတို့သည်၊ စက္ခုဒွါရ၊ မနောဒွါရ အစရှိသည့် အာရုံငါးပါးကို တစ်ပါးစီ အဓိဌာန်ပြု၍ မကျိုးမပေါက်အောင် စောင့်ရှောက်ကြ၏။ တစ်နေ့သောအခါတွင်၊ မည်သူစောင့်ရှောက်သည်က မြတ်သည်ဟု အငြင်းပွားကြရာမှ မြတ်စွာဘုရားထံသို့ရောက်ရှိသွားကြ၏၊ မြတ်စွာဘုရားသည် မည်သူကသာသည် ညံ့သည်ကို မဆိုသာဘဲ ဤအာရုံငါးပါးကို စောင့်ရှောက်နိုင်ခဲ၏ဟု မိန့်တော်မူ၏။ အသင်တို့သည် ယခုအခါ၌ ငါးပါးစလုံးသော အာရုံကာမဂုဏ်တရားများကို မစောင့်စည်းနိုင်ကြသည်သာမဟုတ်သေးဘဲ ရှေးယခင်အခါကလည်း ဤသို့ မစောင့်စည်းနိုင်သည့်အတွက် အသက်ကုန်ဆုံးခဲ့ရပြီဖြစ်သည်ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့က အဘယ်အချိန်အခါက ဖြစ်ခဲ့ပါသနည်းဟု တောင်းပန်မေးမြန်းလျှောက်ထားရာတွင် မြတ်စွာဘုရားသခင်က အတိတ်ဇာတ်တော်၏ ဖြစ်ရပ်ကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်။ ၎င်းတွင် သားပေါင်းတစ်ရာရှိ၏။ဘုရားအလောင်းတော်သည် အငယ်ဆုံးသောသားတော်ဖြစ်၏။ ပစ္စေကဗုဒ္ဓါတို့သည် မင်းကြီး၏ နန်းတော်၌ ဆွမ်းဘုဉ်းပေးကြသည်တွင် ဘုရားအလောင်းတော်မင်းသားက ပစ္စေကဗုဒ္ဓါတို့၏ အမှုကြီးငယ်တို့ကို ပြုလုပ်ဆောင်ရွက်ပေးနေ၏။ ထိုအခါ ဘုရားလောင်းမင်းသားသည် ၎င်းရှေ့တွင်နောင်တော်များစွာရှိသည် ၎င်းသည်မင်းအဖြစ်ကို ရရှိနိုင်ပါမည်လောဟု သံသယပေါ်ပေါက်လာ၏။ ထိုအခါ နန်းတော် သို့ကြွရောက်လာကြသော ပစ္စေကဗုဒ္ဓါများအား မေးမြန်းလျှောက်ထားပါလျှင် ကောင်းမည်ဟု အကြံဖြစ်လာ၏။

နောက်နှစ်ရက်မြောက်သောနေ့တွင် ဘုရားအလောင်းမင်းသားငယ်သည် မိမိ၌ ဖြစ်ပေါ်နေသော အကြံအစည်ကို ပစ္စေကဗုဒ္ဓါများအား မေးမြန်း၏။ ထိုအခါ ပစ္စေကဗုဒ္ဓါတို့က အသင်သည် ဤတိုင်းပြည်၌ မင်းအဖြစ်ကို ရနိုင်မည် မဟုတ်ပါ။ ဤမြို့မှ ယူဇနာတစ်ရာ့ နှစ်ဆယ် ကွာဝေးသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သည်ရှိ၏။ ထိုတက္ကသိုလ်ပြည်သို့ သွားနိုင်လျှင် ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ မင်း အဖြစ်ကိုရရှိမည်ဟု မိန့်ကြား၏ ဘုရားအလောင်းတော်မင်းသားကလည်း သွားမည်ဟု ဝန်ခံ၏။

အရှင်ပစ္စေကဗုဒ္ဓါတို့က ထိုသို့အသင်မင်းသားသွားမည်ဆိုလျှင် သတိပြုရမှာကား လမ်းခရီးတွင် တောအုပ်ကြီးတစ်ခုကို အသင်တွေ့ရပေလိမ့်မည်။ ထိုတောအုပ်ကြီးအတွင်းကို ဖြတ်သွားမည်ဆိုပါက ခရီးယူဇနာငါးဆယ် သွားရပါမည်။ တောအုပ်၏အပြင်ဘက်ကနေပြီးပတ်သွားပါလျှင် ခရီးယူဇနာပေါင်းတစ်ရာခန့် သွားရမည်ဟု မိန့်တော်မူ၏။ ၎င်းတောအုပ်ကြီးတွင် အသားစားသောဘီလူးများ အလွန်ပေါများ၏ ထိုတောအုပ်မှ ဘီလူးမတို့သည် ငါးပါးသော အာရုံကာမဂုဏ်တို့ဖြင့် ဖြားယောင်းသွေးဆောင်လေ့ရှိကြ၏။ ထိုကာမဂုဏ်ငါးပါးတို့နှင့် ငြိစွန်းသောသူများအား ဘီလူးတို့က အသွေး အသားပါ မကျန်စားသောက်ကြကုန်၏။ အသင်မင်းသားသည် စက္ခုအာရုံ သောတာ အာရုံ စသောအာရုံငါးပါးတို့ကို စောင့်ရှောက်ထိန်းသိမ်းပြီး ခရီးအဆုံးသို့ သွားရောက်နိုင်ခဲ့ပါလျှင် ခုနစ်ရက်မြောက်သောနေ့၌ တက္ကသိုလ်ပြည်သို့ရောက်ပြီး မင်းဖြစ်ရပေလိမ့်မည်ဟု မိန့်ကြားတော်မူကြသည်။

ဘုရားအလောင်းမင်းသားသည် အရှင်ဘုရားတို့၏ အဆုံးအမကို ခံယူပါမည်ဟု လျှောက်ထားပြီး အရှင်ပစ္စေကဗုဒ္ဓါတို့ထံမှ ပရိတ်ရေ ပရိတ်သဲ ပရိတ်ချည် ပရိတ်ပန်းတို့ကို ယူဆောင်ပြီး ပစ္စေကဗုဒ္ဓါတို့အားလည်းကောင်း မယ်တော် ခမည်းတော်တို့အားလည်းကောင်း ရှိခိုးပြီး မိမိ တက္ကသိုလ် ပြည်သို့သွားမည့် အကြောင်းကို လိုက်လံနှုတ်ဆက်ရာ၌ အဖော်မင်းသား ငါးယောက်တို့က ကျွန်ုပ်တို့လည်းလိုက်ပါပါရစေဟု ပြောဆိုလာကြ၏။ ထိုအခါ ဘုရားအလောင်းတော်မင်းသားက လမ်းခရီး တောအုပ်တွင် အန္တရာယ်အလွန်ကြီးမား၏။ ထိုတောအုပ်၌ ရှိနေသော ဘီလူးမတို့သည် အာရုံငါးပါးတို့ဖြင့် ဖြားယောင်းသွေးဆောင်၍ စိတ်မခိုင်သောသူတို့ကို သတ်ဖြတ်စားတတ်သည်ဟု ပြောဆိုတားမြစ်သည်တွင် အဖော်များက အရှင်မင်းသားနှင့် အတူတကွလိုက်သွားသည်ဖြစ်၍ ကျွန်ုပ်တို့ကလည်း ရူပါရုံစသည်တို့ကို အရှင်မင်းသားကဲ့သို့ စောင့်ထိန်းသွားပါမည်ဟု ပြောဆိုပြီးလိုက်ပါသွားကြ၏။

တောအုပ်သို့ရောက်သွားသည့် အခါ၌ လူသားတို့ တောအုပ်ထဲသို့ ဝင်လာသည်နှင့် ဘီလူးမတို့သည် ခမ်းနားသောအိမ် အစရှိသည်တို့ကို ဖန်ဆင်းပြီး နတ်သမီးကဲ့သို့လှပတင့်တယ်စွာ တန်ဆာ ဆင်မြန်းကြကာ၊ ဖေါ်ရွေစွာ နှုတ်ခွန်းဆက်သပြီး ကြိုဆိုဖိတ်ခေါ်နေကြကုန်၏။ လိုက်ပါသွားသည့် မင်းသားများထဲမှ တစ်ယောက်သော မင်းသားက ရူပါရုံ၌တပ်မက်ကပ်ငြိလျက်ရှိ၏။ ငါသည်သေလျှင်သေပါစေတော့ဟု စိတ်အလိုသို့ လိုက်ကာ နောက်ချန်၍နေခဲ့၏။ ဘုရားလောင်းမင်းသားကစောင့်ခေါ်ပြီး သတိပေးပြောကြားပါသော်လည်းမရသည့်အဆုံး၌ မင်းသားအားဘီလူးမတို့နှင့် ထားရစ်ခဲ့ရပါသည်။ ထိုမင်းသားသည် ဘီလူးမတို့နှင့် လွန်ကျူးသောအကျင့်ကိုပြုပြီး ထိုအရပ်၌ပင်လျှင် ဘီလူးမတို့က သတ်ဖြတ် စားသောက်လိုက်၏။

ထို့နောက်ဘီလူးမတို့သည် မင်းသားတို့၏ ရှေ့မှသွား၍ အိမ်နေရာဇရပ် အစရှိသည်တို့ကို ဖန်ဆင်းပြီး ကခုန်သီဆိုဖျော်ဖြေနေကြကုန်၏။ သဒ္ဒါရုံ၌ ခုံမင်စွဲလမ်းသော မင်းသားတစ်ဦးကလည်း ကျန်ခဲ့ပြန်၏။ ဘီလူးမတို့ကလည်း ၎င်းအား သတ်ဖြတ်စားသောက်ခဲ့ပြန်၏။

ထို့နောက်တစ်ဖန်ဘီလူးမတို့သည် ရှေ့မှသွား၍ ရွာတစ်ရွာကိုဖန်ဆင်းကာ အမွှေးအကြိုင်နံ့သာကြုတ်တို့ဖြင့် အိမ်ဈေးကို ဖြန့်ခင်း၍

ထိုင်နေကြပြီး အမွှေးနံ့သာတို့ကို ယူကြပါဟု ပျူငှာစွာခေါ်ကြ၏။ ဂန္ဓာရုံ၌ခုံမင်စွဲလမ်းသော မင်းသားအား ဘုရားလောင်းမင်းသားက သတိပေးတားမြစ်ခဲ့ပါသော်လည်း မနာခံဘဲနေရစ်ခဲ့ပြန်သဖြင့် ဘီလူးမများအစားခံရပြန်သည်။

ပြီးနောက်ဘီလူးမတို့သည် ရှေ့မှသွား၍ ရွာတစ်ရွာကို ဖန်ဆင်းပြီး ဖဲမွေ့ယာတို့ဖြင့် ဖြန့်ခင်း၍ထိုင်နေကြ၏။ ဘုရားလောင်းမင်းသားနှင့်တကွသော ကျန်မင်းသားအဖေါ်ကို အတင်းဆွဲ၍ထိုင်စေ၏။ ထိုအခါအဖေါ်မင်းသားတစ်ယောက်မှာ ထိုအရပ်တွင် ကျန်ရစ်ခဲ့ပြန်၏။ ထိုမင်းသားကိုလည်း ဘီလူးမတို့က သတ်ဖြတ်စားသောက် လိုက်ပြန်၏။

အာရုံငါးပါးကို သတိထား၍ ထိန်းချုပ်လာခဲ့ရသော ဘုရားလောင်းတစ်ဦးတည်းသာ ကျန်၍ တက္ကသိုလ်ပြည်သို့ ခရီးဆက်သွားရ၏။ ဘီလူးမထဲမှ တစ်ဦးတည်းသောဘီလူးမသည် ဘုရားအလောင်း မင်းသားနောက်သို့ တကောက်ကောက်လိုက်နေ၏။ ဘီလူးမသည် ၎င်းဘုရားအလောင်းမင်းသားမှာ အလွန်ခိုင်မြဲ ထက်မြက်သော စိတ်ဓါတ်ရှိ၏။ ထိုသူကို ငါစားပြီးမှပြန်ချေတော့မည်ဟု ဆုံးဖြတ်ချက်ချထား၏။ ဘုရားအလောင်း မင်းသားသည် ခိုင်မြဲသော သတိတရားလက်ကိုင်ထားပြီး ဘီလူးမအား လှည့်၍ပင် မကြည့်ဘဲ ရှေ့သို့သာ ခရီးဆက်နေ၏။

တက္ကသိုလ်ပြည်အနီးသို့ ရောက်သောအခါ တွေ့မြင်ရသမျှသောသူအပေါင်းတို့သည် ရှေ့၌သွားသောသူသည် အသင်နှင့်မည်သို့တော်စပ်ပါသနည်းဟု ဘီလူးမအားမေး၏။ ထိုအခါဘီလူးမက ၎င်း၏ လင်ယောကျ်ားဟု ဆိုပါသည်။ ထိုအခါ ဘုရားအလောင်းတော်မင်းသားကိုလည်း လူတို့က ဤမျှလောက်ချောမောလှပသော အမျိုးသမီးကို အဘယ်ကြောင့် စောင့်ဆိုင်း၍ မခေါ်ဆောင်ဘဲသွားရပါသနည်းဟု မေးရာတွင် ဤမိန်းမငယ်နှင့် အပေါင်းအဖော်တို့သည် ကျွန်ုပ်၏ အဖေါ်ငါးဦးကို စားခဲ့ပြီးဖြစ်ကြောင်းကို ပြန်လည်ဖြေကြားပြောဆို၏။

တက္ကသိုလ်ပြည်သို့ရောက်သောအခါ ဘုရားအလောင်း မင်းသားသည် မြို့တံခါး၏ ဇရပ်တစ်ခု၌ ရပ်နားပြီးထိုင်နေ၏။ ဘီလူးမသည် ဘုရားအလောင်းမင်းသား၏ တန်ခိုး အာနုဘော်ကြောင့် ဇရပ်တွင်းသို့ မဝင်နိုင်သဖြင့် ဇရပ်ပြင်ပ၌သာလျှင် ထိုင်နေရ၏။

ထိုအချိန်အခါ၌ တက္ကသိုလ်ပြည့်ရှင်ဘုရင်မင်းမြတ်သည် ဥယျာဉ်တော်သို့ ထွက်လာရာတွင် ဇရပ်အပြင်၌ အလွန်လှပ တင့်တယ်သော ဘီလူးမကို တွေ့မြင်ရသောအခါ စိတ်တိမ်းညွတ်လာ၏။ လင်ရှိမရှိမေးမြန်းစေ၏။ ဘီလူးမက ဤဇရပ်ပေါ်က သူသည်၎င်း၏လင်ဟု ဆိုသည်။ အလောင်းတော်မင်းသားက ဤမိန်းမသည် ကျွန်ုပ်၏ မိန်းမ မဟုတ်ပါ ဘီလူးမသာဖြစ်ပေသည်ဟုဆို၏။ မင်းကြီးက အရှင်မရှိသော ဘဏ္ဍာတော်သည် မင်း၏ ဘဏ္ဍာတော်ပင်ဖြစ်သည်ဟုဆိုပြီး ထိုဘီလူးမကို ကောက်ယူသွားလေ၏။

ဘီလူးမသည် ညချိန်ရောက်သောအခါ အမွှေးအကြိုင်များဖြင့် တန်ဆာဆင်မြန်းပြီး မင်းကြီးနှင့် အတူအိပ်၏။ မင်းကြီးအိပ်ပျော်သောအခါ ဘီလူးမသည် မင်းကြီးကို အရိုးမျှသာ ချန်ပြီး စားလိုက်၏။ ထို့အပြင် အဆွေအမျိုးများ နန်းတွင်းရှိသူများနှင့် ကြက်ခွေးများပါမကျန် အားလုံးကိုလည်း ကျန်အပေါင်းအဖေါ် ဘီလူးများက စားပြီး အရိုးမျှသာချန်ခဲ့၏။

ဘုရားအလောင်းတော်မင်းသားသည် ထိုည၌ ဇရပ်တွင် ပရိတ်သဲကို ခေါင်းအုံး၍ ပရိတ်ချည်ကို ဝန်းရံပြီး သန်လျှက်ကို ကိုင်စွဲလျက် အရုဏ်တက်စေ၏။

တိုင်းသူပြည်သားလူအများတို့သည် မိုးလင်းသောအခါ မင်း၏နန်းတော်တံခါး မဖွင့်သေးသည်ကို တွေ့မြင်၍ စောင့်ကြည့်ရင်းနှင့် အတွင်းမှတစ်စုံတစ်ရာ သောအသံကိုမျှ မကြားရသဖြင့် နန်းတော်၏ တံခါးကို ရိုက်ဖျက်လိုက်ရာတွင် နန်းတွင်းတစ်ခုလုံး၌ အရိုးများသာ စုပုံနေပြီး သွေးများသည်လည်း အလိမ်းလိမ်းပေကျန်နေသည်ကို တွေ့ မြင်နေရတော့၏။ ထိုအခါမှ လူတို့သည် ယမန်နေ့က ဇရပ်၌ရှိနေသော ထိုယောကျ်ားပြောဆိုခဲ့သောစကားသည် ဟုတ်မှန်ပါပေတကား၊ ငါတို့၏ မင်းကြီးသည် စဉ်းစားအဆင်ခြင် တရားနည်းပါး၍သာ ဘီလူးမကို သိမ်းပိုက်ခြင်းဖြစ်၏။ ဘီလူးမသည် အလုံးစုံသော လူအပေါင်းတို့ကိုလည်း သတ်ဖြတ်စားသောက်သွားကြပြီးဖြစ်သည်။ ထိုဇရပ်၌ရှိသော ယောကျ်ားသည် ပညာသတိရှိသူဖြစ်ပေသည်။ အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူဖြစ်ပေ၏။ ထိုယောကျ်ားကို ငါတို့မင်းအဖြစ်ပြုလျှင် နိုင်ငံတော် အားလုံးချမ်းသာခြင်းနှင့် ပြည့်စုံလာ ပေလိမ့်မည်ဟု တိုင်ပင်ကြ၍ နန်းတော်တစ်ခုလုံးကို ဆေးကြော သုတ်သင်သန့်စင်ပြီး တန်ဆာဆင်၍ ဘုရားအလောင်းတော်မင်းသားကို ပင့်ဆောင်ကာ ဘိသိက်သွန်းလောင်း၍ မင်းအဖြစ် ပြုပေးကြလေတော့သည်။

မြတ်စွာဘုရားသခင်သည် အတိတ်ဇာတ်တော်ကို ပေါင်းပြရာ၌ အသင်ချစ်သားရဟန်းတို့ အသင်တို့သည် ထိုအခါက ငါးယောက်သော သူတို့ဖြစ်ကြကုန်၏။ အာရုံငါးပါးသို့ မလိုက်စားဘဲ စောင့်စည်းထိန်းချုပ်လျက် ထီးနန်းကို စိုးစံသောသူသည် ငါဘုရားသာလျှင် ဖြစ်သည်ဟု ဟောတော်မူလေသည်။

ရဟန်းတို့မည်သည်မှာ အလုံးစုံသော ဒွါရတို့ကို ပိတ်ပင်စောင့်စည်းအပ်ကုန်၏။ ထိုသူတို့သည်သာလျှင် အလုံးစုံသောဆင်းရဲ အပေါင်းတို့မှ လွတ်မြောက်ကြကုန်ရာ၏ဟု မိန့်ကြားတော်မူပြီးနောက်တရားတော်ကို ဆက်လက်ဟောကြားတော်မူခဲ့ပါသည်။

**-စက္ခုဒွါရ မျက်စိတံခါးပေါက်ကို စောင့်ထိန်းခြင်းသည် ကောင်း၏။**

**-သောတဒွါရ နားတံခါးပေါက်ကို စောင့်ထိန်းခြင်းသည် ကောင်း၏။**

**-ဃာနဒွါရ နှာခေါင်းတံခါးပေါက်ကို စောင့်ထိန်းခြင်းသည် ကောင်း၏။**

**-ဇိဝှါဒွါရ လျှာတံခါးပေါက်ကို စောင့်ထိန်းခြင်းသည် ကောင်း၏။**

**-ကာယဒွါရ ကိုယ်ကို စောင့်ထိန်းခြင်းသည် ကောင်း၏။**

**-ဝစီဒွါရ နှုတ်ကိုစောင့်ထိန်းခြင်းသည် ကောင်း၏။**

**-မနောဒွါရ စိတ်ကို စောင့်ထိန်းခြင်းသည် ကောင်း၏။**

**-အာရုံခြောက်ပါး ဒွါရခြောက်ပါးလုံး စောင့်စည်းခြင်းသည် သာ၍ကောင်း၏**

အလုံးစုံသော ဒွါရခြောက်ပါးစလုံးကို စောင့်စည်းကြကုန်သောရဟန်းအပေါင်းတို့သည် ဒုက္ခအပေါင်းတို့မှလွတ်မြောက်ရပေတော့သည်။

ဤဒေသနာတော်၏ အဆုံး၌ ရဟန်းအပေါင်းတို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကြလေကုန်တော့သတည်း။

မင်းဖေမြင့်(မုဒုံ)

---


## အပ္ပမာဒ

သူငါမစဲ၊ အတ္တစွဲနှင့်
လျှောက်မြဲလမ်းသွယ်၊ ဇာတိနယ်မှ
နွမ်းနွယ်မရှိ၊ သတိလွတ်ခါ
လျှောက်မြဲခါဖြင့်၊ ဇရာဆီသို့
ရောက်ခဲ့ပြီ။ ။
ဇရာရောက်ခါ၊ လမ်းဖြောင့်ပါက
သွားရာခရီး၊ ရက်တိုပြီးလည်း
တနည်းတဖုံ၊
လမ်းဟောင်းကြုံနှင့်
လိုက်ပါသွားသော်၊ မမြဲခဏ
မရဏသို့၊
ရောက်ဖို့ကြုံခဲ့ရလေပြီ။ ။
မရဏရောက်အောင်၊ သတိဆောင်ဖို့
အမှောင်ဖုံးလွှမ်း၊ လောကီလမ်းမှ
ဖြတ်သန်းရုပ်နာမ်၊ အကြောင်းခံမှု
သတိပြုမှ၊ ရုပ်သေနာမ်သေ
သိအောင်လေဟု၊ ကြိုးစားသမှု
အထူးပြုနိုင်ကြပါစေ။ ။

ဒေဝ်-ဝင်းလွင်

၁၃၁၅ ခုနှစ်၊ ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Y.M.B.A)အသင်းကြီးမှ ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာသင်ခန်းစာဖွင့်ပွဲကြီးအတွက် မြို့မ အမျိုးသမီးကျောင်းတွင်

# ဆရာတော် "အရှင်ဇနကာဘိဝံသ" ဟောကြား ဆုံးမသြဝါဒပေးတော်မူသော တရားတော်



(ယခင်အပတ်မှအဆက်)

## ကံအကြောင်းတရားတော်

**ဘဝကိုရင်ဆိုင်ဖို့ သတ္တိဘယ်ကရသလဲ**

**"ဥစ္စာဘောဂ ဇီဝိတနဲ့ သုခပွားရန် ဤလူ့ထံ၌"** တဲ့။ သုခစိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိဖို့ဆိုတာလည်း ဉာဏ်လိုပြန်တာပဲ။ တစ်ချို့က အရေးကြီးနေလို့ စိတ်ဆင်းရဲ အိပ်ယာထဲခွေလို့ ဘာဆင်းရဲရမှာလဲ။ လောကကြီးဟာ ဒီလောကဟာ သိပ်ကြာတဲ့လောကမဟုတ်ပါဘူး။ ဟိုဘက်ကို ကူးရမှာပါ။ ဒီဘက်က စိတ်မဆင်းရဲစမ်းပါနဲ့။ သတ္တိဗျတ္တိ ရှိစမ်းပါ။ လူအထင်သေးခံရအောင် စိတ်ဆင်းရဲ မနေပါနဲ့။ နုံမနေပါနဲ့။ ဘုန်းကြီးကလေ သြော်အခုနဟာ ဆက်ပြောဦးမယ်။ ဘုန်းကြီးကိုမာနကြီးတယ်လို့ ပြောတဲ့ဥစ္စာဟာ ဘုန်းကြီးက ဆွမ်းခံတော့ ဆွမ်းဟင်းကောင်းကောင်းမရဘူး။ ဒီပြင်ဘုန်းကြီးတွေ မိတ်ဆွေတွေဘာတွေက သူတို့တကတည်း ထိုင်အိမ်တွေဘာတွေနဲ့ အင်မတန်ဟန်ကြတယ်။ ဘုန်းကြီးက မရဘူးလေ။ မရလို့ ဘုန်းကြီးက မျက်နှာငယ်နေမယ် မထင်နဲ့။ မျက်နှာကိုတင်းလို့။ ဘာမှအရေးမလုပ်ဘူး။ နောက်ဆုံးသေတာထက် ဘာအပိုရှိသေးလဲလို့ စိတ်ထဲက အောက်မေ့တယ်။ ဟိုတုန်းကတည်းကလည်း အောက်မေ့တယ်။ ခုလည်းအောက်မေ့တယ်။ ဘယ်နှယ့်လုပ်မလဲ။

အဲ့ဒါကြောင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေဖို့ဥစ္စာ သတ္တိရှိရတယ်နော်။ အဲ့ဒီသတ္တိဟာ ဘယ်လိုတုန်းဆိုရင် ဉာဏ်နဲ့ဝီရိယပေါင်းစပ်ထားတယ်။ သတ္တိဆိုတဲ့ဥစ္စာ၊ ဝီရိယချည်းဘဲ သွားလို့ရှိရင်လည်း အဲ့ဒီသတ္တိဟာ မမှန်ဘူး။ ဉာဏ်နဲ့ပေါင်းစပ်ထားတဲ့ သတ္တိနဲ့ဝီရိယဟာ အဲ့ဒီသတ္တိဟာ ဉာဏ်ရော၊ ဝီရိယရော ပေါင်းစပ်ထားလို့ရှိရင် သတ္တိသိပ်ရှိတာပဲ။ အဲ့ဒီသတ္တိရှိလို့ရှိရင် စိတ်ချမ်းသာပါတယ်။ ဘယ်အဆင့်အတန်းမှာ နေရနေရ စိတ်ချမ်းသာပါ တယ်။

ဘုန်းကြီးက ပြောတယ်။ အိုလောကကြီးထဲ သူတောင်းစားတွေ ဇရပ်ပေါ်နေပြီးတော့ ဘယ်လောက်ချမ်းသာကြသလဲ။ ကိုယ့်ဟာကိုယ် စိတ်အပြောင်းအလဲဖြစ်ဖို့က သိပ်အရေးကြီးတာ။ စိတ်အပြောင်းအလဲတတ်လို့ရှိရင် ဘာဖြစ်ဖြစ်လို့- ဒီဘဝကုသိုလ်ရအောင်သာနေ၊ ပါရမီဖြစ်အောင်သာ ကြိုးစား၊ ဘာဘဝနဲ့နေရနေရ၊ ဘာမှအရေးမကြီးဘူး။ ဘုန်းကြီးကပြောတယ်။ ဒါကြောင့် ဉာဏ်ဝီရိယ အမြော်အမြင်သတိစာပေပညာ အဲ့ဒါတွေရှိလို့ရှိရင်ဖြင့် စိတ်ချမ်းသာကိုယ်ချမ်းသာလည်း ရှိနိုင်ပါတယ်လို့။

**ပညာရှိအဆင့်ဆင့်များ ဆုံးမသည်မှာ**

**ကံဟုမူလ၊ သမ္ဗုဒ္ဓတို့ ဟောပြောသည်မှာ၊ အရင်းသာတည့်။ ဥစ္စာဘောဂ ဇီဝိတနှင့်၊ သုခပွားရန် ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ ပယောဂ တည်း၊ ကာလဒေသပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ။** အင်မတန်ကောင်းတယ်။ သတိက ဘယ်လိုထားပြီး ဉာဏ်ကို ဘယ်လိုသုံးရမှာပါလဲဆိုတော့ အချိန်ကာလကို နှိုင်းဆလေတဲ့။ ဤကာလမှာ သည်လိုနေမှ တော်မှာ။ ဒီဒေသမှာ ဒီလိုပြောမှ တော်မယ်။ ဒီကာလဒီဒေသမှာ ဒီလိုဝတ်မှ ဒီလိုစားမှ၊ ဒီလိုနေမှ၊ ဒီလိုစကားသုံးမှ တော်မယ်။ အဲ့ဒါတွေက ဉာဏ် အမြော်အမြင် ဒီပုဂ္ဂိုလ်နဲ့စကားပြောတော့ ဒီစကားလေးတော့ ပြောဖို့မတော်ဘူး၊ ဒီစကားလေး လွန်သွားရင် သူက စိတ်မချရဘူး။

ပုဂ္ဂိုလ်ကိုလည်း နှိုင်းဆပါ။ "ကာလဒေသ ပုဂ္ဂလကိုနှိုင်းဆအပ်တုံ၊ ကံကိုယုံ၍ မီးပုံအတွင်း မဆင်းအပ်ရာတဲ့" ဆရာတော်ကြီးကလည်း အားလုံးနှံ့ပြီးသား။ မန်လည်ဆရာတော်ကြီး ရေးတာမိုလို့ အကုန်လုံးနှံ့နှံ့စပ်စပ် ထည့်သွားတယ်။ ကံကိုယုံပြီး မီးပုံထဲ မဆင်းနဲ့တဲ့၊ ငါကံကောင်းသားဘဲ ဘာမှမဖြစ်ဘူး။ မီးပုံထဲ ဆင်းသွားမှာလားတဲ့။ မီးလောင်မှာပါဘဲ။ "ကံကိုယုံ၍ မီးပုံအတွင်း မဆင်းထိုက်ရာတဲ့၊ ကျားရဲရာလည်း၊ ကြမ္မာ အကြောင်းမရိုးကောင်း" ဟု သူဟောင်းတွေက ဆိုကုန်ကြ၏။

အားလုံးရှေ့က လူကြီးတွေက ဘယ့်နှယ့်ပြောတုန်း။ ကျားရဲရာ ကြမ္မာမရိုးသာ၊ ကြမ္မာဆိုတဲ့ စကားက သက္ကတက စကားလုံးလေး သုံးထားတာ။ ကမ္မကို 'ကမရ' လို့ ကကြီးရရစ်နဲ့ 'ရ' လေးနဲ့ 'ကြရမ' လို့ သုံးတာ 'က' နဲ့ 'ရ' နဲ့ ပေါင်းလို့ ဗမာက 'ကြ' လို့ သုံးလိုက်လို့ ကြမ္မာလို့သုံးလိုက်တာ။ ကြမ္မာဆိုတဲ့ စကားဟာ ပါဠိ ကမ္မနဲ့ အတူတူပါပဲ။ "ကြားရဲရာလည်း ကြမ္မာအကြောင်းမရိုးကောင်း" ဟု ဟိုနားမှာ ကျားကနေတယ်နော်။ မသွားလေနဲ့။ ကိစ္စမရှိပါဘူးလေ။ သွားတယ်။ ကျားကိုက်လို့သေတာပဲ။ သြော် ကံကြမ္မာအတိုင်းပဲ။ ကံမကောင်းလို့ ကိုက်တာ။ ကံမကောင်းလို့ ကိုက်တာမဟုတ်ဘူး။ ကျားရဲတဲ့နေရာ သွားလို့ ကျားကိုက်တာ။ ကျားရဲတဲ့နေရာ မသွားရင် ကံမကောင်းချင်လည်း မကောင်း။ ကျားကိုက်တော့ မခံရဘူး။ ဒီပြင် တစ်မျိုးကံကသာ အကျိုးပေးမယ်။ ယခုတော့ ကျားရဲတဲ့နေရာသွားပြီးတော့ ကံကြမ္မာ မကောင်းရှာလို့ ကျားကိုက်ခံရတယ်လို့ မပြောကြပါနဲ့။

ရှေးလူကြီးတွေကပြောတယ်။ အင်မတန်အလိမ္မာတွေ လိုတယ်နော်။ ဆိုပါတော့ အမျိုးသမီးတွေ အားလုံး လူကြီးတွေက အဆင့်ဆင့်ပြောတယ်။ ဒီအချိန်မသွားနဲ့၊ ဟဲ့. . တစ်ယောက်တည်း မသွားနဲ့၊ ဟဲ့. . နင်တို့ လူငယ်တွေချည်းမသွားနဲ့တဲ့။ ကိုင်း. . ကျားရဲရာ ကြမ္မာမရိုးသာဆိုတဲ့အတိုင်း အကုန်လုံးသတိပေးကြတယ်။ အမျိုးသားလေးတွေရော ဒီအခါကြီးထဲ မသွားနဲ့။ မှောင်ကြီးထဲ မသွားနဲ့တဲ့။ ဒါတွေဟာ ဘေးအန္တရာယ်ဖြစ်တတ်ကြလွန်းလို့ ရှေးလူကြီးတွေက အဆင့်ဆင့်ပြောလာကြတယ်။

**ဉာဏ်၊ ဝီရိယ၊ သတိရှိသူသာ ကံကောင်းမှာ**

"ကျားရဲရာလည်း ကြမ္မာအကြောင်း မရိုးကောင်းဟု သူကောင်းရှေ့က ဆိုကြကုန်၏" တဲ့။ ဘုန်းကြီးတို့ မြန်မာလူမျိုးများ ပြောရိုးပြောစဉ်ရှိတယ်။ ကျားရဲရာ ကြမ္မာမရိုးရ၊ ကံယုံလို့ မီးပုံမဆင်းနဲ့ ဒီလိုပြောကြတယ်။ ကံချည်းမယုံပါနဲ့ ဆိုလိုတယ်။ ကျားရဲရာလည်း ကြမ္မာမရိုးသာလို့ သူတွေက ဆိုကြကုန်၏။ လုံ့လမကူ ဉာဏ် မကူဘဲ

အယူတစ်စောင်း၊ ကံတစ်ကြောင်းကြောင့် မကောင်းလည်းကံ၊ ကောင်းလည်းကံဟု ကံကိုချည်းသာ မကိုးရဘူး၊ အယူက တစ်ယူသန်ကြီး မလုပ်ကြနဲ့တဲ့၊ မကောင်းလည်းကံ။ မကောင်းလို့က ကံမကောင်းလို့။ ကောင်းလည်းသူက ကံကောင်းလို့။ အဲဒီလို တစ်ယူသန်ကြီးမလုပ်နဲ့။

လုံ့လမထူ ဉာဏ်မကူဘဲ လုံ့လဝီရိယမရှိဘဲနဲ့ အသိအလိမ္မာ ဉာဏ်ပညာနဲ့မကူဘဲနဲ့ သတိလေးသာ ဆက်လိုက်စမ်း၊ ဒါတွေကို ဉာဏ်ရယ် ဝီရိယရယ် သတိရယ် ဒါကိုပယောဂလို့ခေါ်တယ်။ ပယောဂသမ္ပတ္တိခေါ်တယ်။ ဒါတွေသိဖို့လိုတယ်။ ကျားရဲရှုလည်း ကြမ္မာအကြောင်း မယုံးကောင်းဟု သူကောင်းတွေက ဆိုကြကုန်၏။ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်စောင်း၊ ကံတစ်ကြောင်းကြောင့် မကောင်းလည်းကံ ကံလည်းကံဟု ကံကိုချည်းသာ မကိုးရဘူး။

**သာသနာ့ဘုန်းကံဟူသည် ပရိတ်သတ်လေးပါး အပေါ်မှီတည်၏။**

ဘုန်းကြီးနား လာလာပြီး ကံပေါ့လေ၊ ကံပေါ့လေတဲ့။ သူတို့ လူရင်းကြီးတွေမို့ အသာလေးနေရတယ်။ ကံပေါ့လေ သာသနာတော်ကြီး၊ ဘုရား. . မကွယ်နိုင်ပါဘူးတဲ့။ သာသနာကံရှိပါသေးတယ်တဲ့။ ဘုန်းကြီးက ဟုတ်တယ် အဲဒီလိုသာနေကြ၊ အဲဒီလိုသာနေကြ၊ သာသနာကြီး မကွယ်နိုင်ပါဘူး ဆိုကတည်းက သာသနာ့ကံကြီးနဲ့ ယုံနေရတယ်။

သာဝတ္ထိပြည်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ကြီးနှင့်တကွ သာဝတ္ထိပြည်ပြီးဟာ သာသနာတော်ကွယ်လာတဲ့ ဥစ္စာ သာသနာ့ကံကြီးကြောင့် ကွယ်လာသလား လို့ ဘုန်းကြီးက မေးချင်တယ်။ အိန္ဒိယပြည်ကြီးမှာ သာသနာကြီးကွယ်ပျောက်ပြီးလာခဲ့တဲ့ဥစ္စာဟာ သာသနာ့ကံဟာ ဘယ်လိုထိန်းနိုင်သလဲ။ သီဟိုဠ်ကျွန်း သာသနာရောက်လို့ အခုသီဟိုဠ်ကျွန်းသာသနာ ပျော့ပျော့ကလေးရှိတော့တယ်။ အဲဒါဘာဖြစ်လို့ ဒီလိုဖြစ်တယ်ဥစ္စာ။ အကြောင်းအကျိုးကြောင့် မလိုက်ဘူး၊ သာသနာ့ကံတဲ့။ သာသနာက ဘယ်တော့ကြကွယ်မှာတဲ့တုန်း။ ဆိုပါတော့ ငါးထောင်ကြတော့ ကွယ်မှာတဲ့။ ငါးထောင်မတိုင်ခင် မကွယ်ကောင်းတော့ဘူးလို့ သူတို့ကထင်နေတယ်။ သာဝတ္ထိပြည် ငါးထောင်လည်းမတိုင်သေးဘူး ကွယ်လာခဲ့ပြီ၊ ဘုရားသီတင်းသုံးတဲ့ ဇေတဝန်ကျောင်း မနည်းတူးဖော်တော့ အခုနည်းနည်းပါးပါးလောက် ရတော့တယ်။ သာသနာ့ကံဟာ သာသနာ့ကံ။ ကံကိုချည်းသာယုံနေတဲ့ ဗမာလူမျိုးတွေထင်ပါတယ်။

**အရှင်ဇနကာဘိဝံသ**

# တရားတစ်ပွဲနှာ တစ်ခါအသိတိုး(၁၀)

**တက္ကသိုလ်လှမောင်**



စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်တွင် ဆရာတော်အရှင်ဆေကိန္ဒဟောကြားသော "ကောင်းပေမယ့် မလွတ်သေး" တရားတော်ကို သွားရောက်နာဖြစ်ပါသည်။

ကျွန်တော်တို့သည် ကိလေသာနွံတောကြီးထဲမှာ နစ်မြုပ်နေကြပါ၏။ ကျွန်တော်တို့သည် အင်အားရှိသမျှ ကိလေသာနွံတွေကလွတ်အောင် ရုန်းထွက် ကြိုးစားနေကြသော်လည်း မလွတ်နိုင်ကြသေးပါ၊ မလွတ်သေးပါ။

ဆရာတော်က ကောသလမင်းကြီးရဲ့ ပါဝေယက ဆင်ပြောင်ကြီးအကြောင်း ဟောပြသွားပါတယ်။ ဆင်ပြောင်ကြီးဟာ ငယ်စဉ်ကတော့ အင်အားကြီးမားတယ်၊ စစ်အပွဲပွဲ အောင်မြင်ခဲ့တယ်၊ စစ်ပွဲမှုတိုက်ရရင် စစ်မြေပြင်မှဆင်းရရင် ရန်သူမို့ ရင်ဆိုင်ရရင် တက်ကြွသွက်လက်တဲ့ ဆင်ပြောင်ကြီး၊ ယခုတော့ ဇရာထောင်းလို့ အိုမင်းသွားပြီ၊ အိုမင်းသွားကာမှ နွံထဲဆင်းမိ နွံနစ်မိနေတော့ အင်အားချိနဲ့နေပြီမို့ ရုန်းထွက်ပါသော်လည်း နွံကမလွတ်မြောက်နိုင်ဘူးဖြစ်နေပါတယ်။ လှုပ်လေမြုပ်လေ၊ လှုပ်လျှင်လဲမြုပ်၊ မလှုပ်လဲပဲမြုပ်နေတဲ့အခြေအနေသို့ ရောက်နေပါတယ်။

ဆရာတော်က ကျွန်တော်တို့ အသက်အရွယ်အိုမင်းလာသူတို့ နွံထဲမဆင်းမိဖို့ မနစ်မိဖို့ သတိပေးထားပါတယ်။ လူအိုလူမင်းအင်အားကလဲ မရှိတော့တဲ့အချိန်မှာ ကိလေသာနွံတော နစ်မိရင် ရုန်းထွက်ဖို့ မလွယ်လှတော့ပါဘူး။ လှုပ်လဲမြုပ် မလှုပ်လဲမြုပ်တော့မှာပါပဲ။ ဒီလိုအဖြစ်မျိုးမရောက်ရအောင် ဆရာတော်က နွံထဲကဆွဲထုတ် လွတ်မြောက်ကြောင်း တရားဒေသနာများ ဟောကြားနေပါတယ်။

တကယ်တော့ (၃၁)ဘုံဆိုတာ နွံဗွက်အိုင်ကြီးပါ။ နွံထဲကိုပဲ ဆင်းနေကြတယ်။ နွံထဲမှာပဲ တစ်နေရာမှ တစ်နေရာ၊ နေရာတွေပြောင်းလို့ အနစ်ခံနေကြတယ်၊ ကိုယ်ကိုယ်တိုင် တကယ့်နွံထဲ ဆင်းကြည့်ပါ။ ရုန်းအထွက်ရ ဘယ်လောက်ခက်သလဲ။ လှုပ်လဲမြုပ် မလှုပ်လဲမြုပ်ဆိုတဲ့ဘေးဆိုးကြီးနဲ့ တွေ့ရမယ်။ နွံထဲမြုပ်နေရလို့ဘယ်လိုမှ မတတ်နိုင်ရတဲ့အထဲ မျှော့တွေကလဲ သွေးစုပ်ဖို့ တလန်းလန်းနဲ့ လာနေတယ်။ မြင်နေရတဲ့ မျှော့တွေကလည်း ကြောက်စရာကောင်းပါဘိ၊ သားသမီး ဇနီးခင်ပွန်း ခင်တွယ်ရသူတွေက မြင်နေရတဲ့ မျှော့တွေလေ။ မမြင်ရတဲ့မျှော့တွေကလဲ နွံထဲက အောက်ပိုင်းတွေကို ကိုက်တွယ်နေကြပြန်ပြီ။ ဘယ်လိုလုပ်မလဲ၊ ဒီနွံက လွတ်အောင်ရုန်းမှ ဖြစ်တော့မယ်။

ကောသလမင်းကြီးကလဲ တိုက်ပွဲတိုင်း အောင်နိုင်ခဲ့တဲ့ ဆင်ကြီးကို အဆုံးရှုံးမခံနိုင်ဘူး။ ဆင်ထိန်းကိုခေါ်ပြီး မရ ရတဲ့နည်းနဲ့ ဆင်ကြီးကို နွံထဲကဆွဲထုတ်ဖို့ အမိန့်ပေးလိုက်တယ်။ ဒီဇာတ်မှာ မင်းရယ်၊ ဆင်ထိန်းရယ်၊ ဆင်ရယ်၊ နွံရယ်ဆိုပြီး လေးမျိုးလေးစားရှိရာမှာ မင်းကပညာ၊ ဆင်ထိန်းက ယောနိသောမနသိကာရ၊ ဆင်က စိတ်၊ နွံက နစ်တတ်တဲ့ ကိလေသာများ ကိုယ်စားပြုပါတယ်။

မင်းကခိုင်းတော့ ဆင်ထိန်းက စီစဉ် ဆင်က ရုန်းထွက်တော့ နွံဗွက်ကနေ လွတ်ထွက်သွားပါတော့တယ်။ ကောသလမင်းကြီးရဲ့ ပါဝေယက ဆင်ပြောင်ကြီးနွံဗွက်ထဲက လွတ်မြောက် သွားပြီတဲ့ ဟေ့ဆိုပြီး ဟိုးလေးတကြော် အုတ်အော် သောင်းတင်းဖြစ်သွားပါတယ်။ ဒီနေရာမှာ ဆင်ထိန်း က ဆင်ကြီးကို နွံထဲကလွတ်သွားအောင် ဘယ်လို စီစဉ်လိုက်ပါသလဲ။

နွံနစ်ဆင်ပြောင်ကြီးရဲ့ မျက်နှာတူရူမှာ တပ်ဦးဆင်တပ်ကြီးတစ်ခု ဖြစ်အောင်လုပ်လိုက်ပါတယ်။ ဆင်ကြီးများကို အိုးမဲသုတ်ဆေးရောင်ခြယ်ပြီး ရန်သူစစ်တပ်ကြီးအဖြစ် အယောင်ဆောင်လိုက်ကာ စစ်အောင်လံတွေ စစ်ခရာတွေနဲ့ စစ်သံတွေ ပေးလိုက်တဲ့အခါ ပါဝေယကဆင်ကြီး တိုက်ပွဲ အလီလီ အောင်ပွဲဆင်ခဲ့သည့်ဆင်ကြီး စစ်မြေပြင်ဆိုရင် မြူးရွှင်နေတဲ့ တိုက်ပွဲပျော်ကြီး၊ ရန်သူနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီ၊ သူ့ရဲ့ စစ်မာန်ကို နှိုးဆွလိုက်ပြီ၊ မာနကြောင့်ပေါ်လာတဲ့ စိတ်ခွန်အင်အားက နွံထဲက တစ်ဟုန်ထိုး လွတ်ကျွတ်သွားစေတော့တာပါပဲ။

ကိလေသာနွံတွေက ဆွဲအနစ်ခံနေရတဲ့အခါ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာဆိုတဲ့ အားတွေလိုပါတယ်။ အဲဒီအားတွေနဲ့ ရုန်းထွက်မှ လွတ်နိုင်ပါတယ်။ လူပင်အိုလည်း သဒ္ဓါ၊ သတိ၊ သမာဓိ၊ ပညာမအို အစဉ်နုပျိုနေရင် ယောနိသော မနသိကာရက နွံထဲကလွတ်အောင် စီစဉ်ပေးသွားပါလိမ့်မယ်။

ဒါကြောင့် ဆရာတော်က "သစိတ္တမနုရက္ခထ" တဲ့။ ကိုယ့်စိတ်ကလေးကို စောင့်ရှောက်နေတဲ့အခါ အပ္ပမာဒဆိုတဲ့ သတိတရားလဲ ဖြစ်နေတယ်။ စိတ်ကို ကိလေသာနွံတောက ဆွဲထုတ်ပြီး သားလဲ ဖြစ်သွားပါတယ်တဲ့။ မမေ့မလျော့နေတာရယ် ကိုယ့်စိတ်ကလေးကို စောင့်ရှောက်နေတာရယ် စိတ်ကလေးကို အကုသိုလ်ထဲက ဆွဲထုတ်တာရယ် အားလုံးဟာ ယောနိသောမနသိကာရရဲ့ အစီအစဉ်ချည့်ပါပဲ။ ယောနိသော သင့်လျော်သောအားဖြင့် မနသိ-စိတ်၌၊ ကရောတော-နှလုံးသွင်းသောအားဖြင့် ဆောင်ရွက်ခြင်း၊ ယောနိသောမနသိကာရ-အာရုံ၌ သင့်လျော်အောင် နှလုံးသွင်းခြင်း၊ ကာရက ဆောင်ရွက်တာ။ အလှူဒါနလုပ် ဖြစ်အောင်၊ သီလစောင့်ဖြစ်အောင် သမထ ဝိပဿနာ ဘာဝနာတွေပွားများဖြစ်အောင် ဒီယောနိသော မနသိကာရ ကချည့်စီစဉ်တာပါပဲ။ သင့်တင့်စွာ နှလုံးသွင်းတတ်ရင် စိတ်ကလေးကို အကုသိုလ်စိတ်ထဲက ဆွဲထုတ်နိုင်ပါတယ်။

ယောနိသော မနသိကာရဆိုတာ စိတ်အလုပ် ဘာဝနာပွားများခြင်းတွေကလဲ စိတ်အလုပ်တွေပါပဲ။ လူတိုင်းတွေးဖူး၊ စဉ်းစားဖူးတယ်။ လောဘနဲ့ စဉ်းစား လောဘတွေ တိုးပွားနေရင်၊ အယောနိသော မနသိကာရ ကာမာဝစရ စတဲ့ အာသဝတွေနဲ့ စဉ်းစားရင် အယောနိသော မနသိကာရပါပဲ။ လောဘ ဒေါသ မောဟ အာသဝကိလေသာ တရားတွေကို အိုးမဲသုတ် ရန်သူသတ်မှတ်ပစ်လိုက်နိုင်လျှင် ယောနိသော မနသိကာရဖြစ်သွားပါပြီ။ ဆင်ပြောင်ကြီးက "ဟယ် ရန်သူတွေပါလား" ဆိုပြီး မာနနဲ့ ရုန်းထွက်လိုက်တော့ လွတ်ထွက်သွားတယ်။ အသိဉာဏ်က ခိုင်းရဲတယ်။ အိုးမဲသုတ်ရဲပါတယ်တဲ့။

ခင်ပွန်းယောကျ်ား ဇနီးမယားတို့ကိုလဲ အိုးမဲသုတ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့မှန်သမျှကို အိုးမဲသုတ် ရန်သူအဖြစ်သတ်မှတ်ထိုးစစ်ဆင်သွားရင်တော့ ယောနိယောမနသိကာရ အစီအစဉ်ဖြင့် နွံတောက ရုန်းထွက်လွတ်မြောက်အောင် ကြိုးစားသွားနိုင်ပါတယ်။

မြတ်ဘုရားတရားတော်အဆုံးမှာ ရဟန်းတော်များ ရဟန္တာဖြစ်သွားကြပါတယ်။ ဆရာတော်က တရားနာမှ တရားရနိုင်ပါတယ်တဲ့။ ပစ္စေကဗုဒ္ဓါနှင့် ဘုရားရှင်ကလွဲလို့ တရားမနာဘဲနှင့် တရားရသူတစ်ယောက်မှမရှိပါဘူးတဲ့။ ဆရာကြီးဦးသုခမှတ်စုထဲမှာလဲ တရားနာခြင်းရဲ့ အကျိုး (၅) ပါးကို ဖော်ပြထားပါတယ်။

၁။ မကြားဘူးသေးသော ထုံးနည်းပုံစံ တရားကောင်းတို့ကို ကြားရခြင်း။

၂။ ကြားဘူးသော တရားကောင်းကို အဖန်တလဲလဲ မှတ်မိအောင်နာရခြင်း။

၃။ ယုံမှားသံသယကို ဖျောက်နိုင်ခြင်း။

၄။ အယူဝါဒကို ဖြောင့်မတ်စွာ ယူနိုင်ခြင်း။

၅။ သဒ္ဓါ ယုံကြည်သောစိတ် တိုးပွားစေခြင်းတဲ့။

ကျွန်တော်တို့ တရားတွေနာကြမှသာလျှင် အသိတွေ တိုးပွားပါမည်။ အသိတွေတိုးမှသာလျှင် အကျင့်တရားများကို ဖြောင့်မတ်မှန်ကန်စွာ ကျင့်ကြံကြိုးကုတ်လာပါလိမ့်မည်။ တရားတွေနာတာ ကောင်းပါသည်၊ အသိတွေတိုးတာ ကောင်းပါသည်၊ မှန်ကန်ဖြောင့်မတ်တဲ့အကျင့်တွေနဲ့ ကြိုးပမ်းအားထုတ်ကြတာလဲကောင်းပါသည်။ ဒါပေမယ့် ကျွန်တော်တို့ မလွတ်သေးပါ၊ ကောင်းပေမယ့် မလွတ်သေးပါ၊ လွတ်အောင်ဆက်လက်၍ ဆထက်ထမ်းပိုး ကြိုးစားသွားရပါမည်။ "ကောင်းပေမယ့် မလွတ်သေးပါ" တရားက ကျွန်တော်တို့ကို အသိတွေပေးနေပါသည်။ ဒုက္ခနွံတွင်းမှ လွတ်ကင်းအောင် ကျင့်ကြံကြိုးကုတ်သွားကြဖို့ တိုက်တွန်းနေသည်။ ထို့ကြောင့်

"တရား တစ်ပွဲနာ၊ တစ်ခါအသိတိုး၊
အသိတွေ အခါခါတိုးရင်ဖြင့်၊
အကျင့်တွေမှန်စွာဖြောင့်ပါလိမ့်၊
များပိမ့်အကျိုး"

ဟူ၍ ဆိုရခြင်းပါ။

"ကောင်းပေမယ့် မလွတ်သေး" တရားပြီးတော့ "လွတ်ချင်ပေမယ့် မရပါ" တရားကို ဆက်လက်ကြည်ညိုသွားပါဦးမည်။

တက္ကသိုလ်လှမောင်

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မတရားစစ် တရားမှန်
ထွန်းကားရန်ဖြစ်သည့်ဆိုသည့် ခံယူချက်နှင့်အညီ
လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မှ
၂၀၀၉ ခုနှစ်၊ မတ်လအတွင်း ဖြန့်ချိထုတ်ဝေလိုက်ပြီ

၁။ ဓမ္မဝီရ၏ ဓမ္မသံစဉ်များ (ငြိမ်းချမ်းဦးနှင့် တက္ကသိုလ်သျှင်သီရိ)
၂။ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်း (ငြိမ်းချမ်းဦး) (ဒုတိယအကြိမ်)
၃။ ဆရာကြီးဦးရွှေအောင်၏ စာပေကောက်နုတ်ချက်စာစု (ဓမ္မပဒ) (ငြိမ်းချမ်းဦးနှင့် စိုးမြင့်လတ်)
၄။ ဗုဒ္ဓယဉ်ကျေးမှုရတနာ အရှင်သီလာစာရ(ဖားကန့်)



# ခါတ်ပုံချိတ်ရအောင်ပဲ သင်ပေးတာပါ

**ခင်သူဇာမြင့်**

ဖြူးမြို့ဒက္ခိဏာရုံ စာသင်တိုက်တွင် စာသင်သား ကျောင်းသားကိုရင် ဦးပဥ္စင်းတို့သည် နိုင်ငံတော်မှ ကျင်းပနေသော အဘိဓမ္မာစာမေးပွဲ ဋီကာကျော်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာမေးပွဲ ဓမ္မာစရိယ စာမေးပွဲတို့ကို ဝင်ရောက်ဖြေဆိုနိုင်ကြစေရန်အတွက် မိမိတို့ အတန်းလိုက် စာဖတ် စာအံ၊ စာပြန်အလုပ်ဟူသော ပရိယတ္တိအလုပ်ကို လုပ်နေကြရသည်။

ပထမလတ်တန်းတွင် ပညာသင်နေသော ကိုရင်ဘာသိတသည် သတ်မှတ်ထားသော သဂြိုဟ်၊ သဒ္ဒါ၊ ဝိနည်းတို့ကို အစအဆုံးမကျက်၊ စာမေးပွဲအတွက် စာမေးပွဲမေးနိုင်လောက်မည်ကိုသာ ကွက်၍ ကွက်၍ ကျက်သည်။ ပရိယတ္တိပညာရေးဟူသော ဘုန်းကြီးကျောင်းပညာရေး၌ ထိုသို့ ကျက်၍မရ သတ်မှတ်ထားသော ပြဋ္ဌာန်းကျမ်းစာအုပ်ကို အစအဆုံး ၏-သည်-မလွဲ ကျက်မှတ်ရသော ဓလေ့ရှိသည်။

ထိုကျက်မှတ်ထားသော အပိုင်းလိုက်စာများကို ဥပုသ်နေ့ သို့မဟုတ် အဖိတ်နေ့တို့တွင် သက်ဆိုင်ရာ စာချဆရာတော်ထံတွင် အလွတ်ပြန်ဆိုပြရသည်။ စာချဆရာတော်က (၂)ကြိမ်ထောက်ပေးသည်။ (၃)ကြိမ်ထောက်ရပါက စာမရ အကျဟု ဆိုကာ သဲဒဏ်၊ ရေဒဏ် ထမ်းရတော့သည်။

ဤသို့လျှင် စာကိုကွက်၍ကျက်သော ရှင်ဘာသိတသည် စာပြန်ဆိုရာ၌ အစ အဆုံး မရ၍ ခဏခဏ ဒဏ်ထမ်းရသည်။ သို့သော် အစမ်းစာမေးပွဲများကျင်းပက အမှတ်ကောင်းကောင်း နှင့် အောင်မြင်သလို အဘိဓမ္မာနိကာယ ကျမ်းစာများ စာမေးပွဲ ပထမငယ်စာမေးပွဲတို့၌ အကျမရှိ နှစ်စဉ် ဆက်တိုက်အောင်မြင်ခဲ့သဖြင့် စာမကျက်ဟူ၍ အပြစ်ပြောစရာလည်း မရှိဖြစ်နေသည်။

ကိုရင်ဘာသိတစာမရ၍ ဥပုသ်နေ့တိုင်း ဒဏ်ထမ်းရသည်ကို ကြားသိသွားသော ဆရာတော်ကြီးသည် မိမိစာဝါချစဉ် ပါလာသော ရှင်ဘာသိတကို

'ကိုရင် မင်းစာကိုရအောင် မကျက်ဘူး ခဏခဏ ဒဏ်ထမ်းနေရတယ်၊ မင်း စာသင်နေတာ ဘာအတွက်သင်နေတာလဲ' ဟုမေးသောအခါ ကိုရင်ဘာသိတက ခဏမျှ စဉ်းစားပြီး

'စာမေးပွဲအောင်၊ အောင် သင်နေတာပါဘုရား' ဟု လျှောက်ထားလိုက်သည်။

အင်း ဘာသိတတို့ကတော့ကွာ ဖြူးဈေးထဲကမောင်ကျင်စိန်ပြောသလို ခါတ်ပုံချိတ်ရအောင်လောက်ဘဲ သင်တာပါ' ပြော သလို ဖြစ်နေပြီကိုးကွဲ့ဟု မိန့်ကြားသည်။

'မောင်ကျင်စိန် အကြောင်းကလေး အပြည့်အစုံ မိန့်ကြားပေးပါဦးဘုရား'

'အေး ဖြူးဈေးထဲမှာ ကိုယ်တို့ ဒါယကာ မောင်ကျင်အောင်နှင့် မကျင်မြဆိုတဲ့ လင်မယားမှာ သားကလေး မောင်ကျင်စိန်ဆိုတာရှိသကွဲ့။ သူတို့က သူတို့သားကို ပညာတတ်ဖြစ်စေချင်လွန်းလို့ ပညာကို အထူးဂရုစိုက်သင်စေသတဲ့ ကျောင်းစာမေးပွဲတွေမှာလဲ အဆင့်တစ် အဆင့်နှစ် စသည်ရအောင် ကြိုးစားစေသတဲ့။ ဒါပေမယ့် မောင်ကျင်စိန်ကတော့ ပုံမှန်ပဲ အောင်၊ အောင်စာကို ကျက်မှတ်သတဲ့။

ဒါနဲ့ ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်ပို့ပြီး စာကို ဆက်လက်သင်စေသတဲ့။ မောင်ကျင်စိန်ကလဲ တက္ကသိုလ်သွားရောက်တက်ပြီး ပုံမှန်ပဲ လုပ်သတဲ့။ မိဘနှစ်ပါးကတော့ ထူးချွန်တဲ့ ပညာတတ် ပါရဂူကြီးဖြစ်စေချင်တဲ့ ဆန္ဒနှင့် ခဏခဏ ပြောဆိုဆုံးမသတဲ့။

ဒါပေမယ့် မောင်ကျင်စိန်က ပုံမှန်ပဲ စာလုပ်ပြီး သူစိတ်ဝင်စားတဲ့ အလုပ်ပဲ လုပ်သတဲ့။ စာမကြိုးစား ဟိုလုပ် ဒီလုပ် ဟိုလေ့လာ ဒီလေ့လာ လုပ်နေတော့ အဲဒီခေတ်က တက္ကသိုလ်ကျောင်းသားတွေက နိုင်ငံရေးကလဲ တစ်ဘက်ကလုပ်နေကြတော့ သူတို့သား စာမလုပ်ဘဲ နိုင်ငံရေးလုပ်ပြီးတော့ ထောင်ကျမှာစိုးရိမ်လှတဲ့ မိဘနှစ်ပါးက ရန်ကုန်တက္ကသိုလ်ကနေ နွေရာသီကျောင်းပိတ်လို့ ပြန်လာတဲ့ သားကို ပညာရေးကြိုးစားဖို့ လိမ္မာဖို့ နိုင်ငံရေးတွေထဲ မပါဖို့ စသည်ကို ဆုံးမတော့ သားက

'အဖေကလဲဗျာ ပူပန်ပါရန်ကော'

လို့ ပြောတော့ အဖေကိုကျင်မောင်က အနည်းငယ် စိတ်ဆိုးသွားပြီး

'နေပါဦး ငါ့သား မင်းက ဘာရည်ရွယ်ချက်တွေနှင့် ပညာတွေသင်နေတာတုန်း' လို့ မေးလိုက်သတဲ့။

အဲဒီအခါမှာ မောင်ကျင်စိန်က အဖေ ကျွန်တော်က အဖေ့လို စီးပွားရေးလုပ်မှာဗျ၊ အခု စာသင်နေတာက အိမ်မှာဘွဲ့ဝတ်စုံနှင့် ခါတ်ပုံချိတ်ရအောင်လို့ သင်ယူနေတာပါလို့ ပြောသတဲ့ကွဲ့၊ ယခုလဲ မောင်ဘာသိတက သူ့အဖေ လို သာသနာဘောင်က လူထွက်ပြီး သူ့အဖေ လယ်လုပ်သလို လုပ်ပြီး သူ့နောက်က ပထမကြီး ဓမ္မာစရိယဆိုတဲ့ ဘွဲ့လေးရအောင် ရည်ရွယ်ချက် နှင့် စာသင်သလို ဖြစ်နေတာပေါ့လေ' ဟု မိန့်ကြားရာ စာလိုက်သံဃာတော်များမှာ ကိုရင်ဘာသိတကို ကြည့်ပြီး တသောသော ရယ်မောကြလေတော့ သတည်း။


ခင်သူဇာမြင့်

---

## ဓမ္မနှင့်ရေ

အချိန်မရွေး သောက်သုံးပါ
ရေအသက်သည် တစ်မနက်ပါ
ဗုဒ္ဓဟောကြား မြတ်တရား၊
ထာဝရဆိုတာ မြဲမှတ်သား။ ။
နေရာဒေသ၊ မရွေးပါ
ရေဆိုတာကို သုံးစွဲကာ
ကမ္ဘာအနှံ့ ဘယ်သွားမလဲ
နေရာတိုင်းမှာ ဓမ္မရှိမြဲ။ ။
အေးချမ်းသည့်ရေ အမြဲတမ်းလေ
လူတိုင်းနေ့စဉ် သုံးစွဲနေ
ဗုဒ္ဓမိန့်ထား မြတ်တရား
လူသားတိုင်းကို အေးစေသား။ ။
ရေ၏အသက် တစ်မနက်
အကျိုးပေးမှာ ဒီတစ်သက်
ဗုဒ္ဓတရား ရင်မှာထား
အေးငြိမ်းစေမှာ ထာဝရတရား။ ။

ဗိုလ်သောင်း (ဒေဒင်)



# ကျေးဇူးတော်ရှင်
# ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဓမ္မပူဇာ ကဗျာများ

## ကြည်လွင်

(၁)

**များလှ အကျိုးတွေ**

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာ၍
သစ္စာလေးအင်၊ ရှစ်မဂ္ဂင်နှင့်
သုံးအင်လက္ခဏာ၊ သင်္ခတာ သင်္ခတ
မြတ်ဓမ္မကို နက်လှဉာဏ်တော်
ဟောထုတ်ဖော်၍၊ သူတော်အများ
သိရငြား၊ များလှအကျိုးတွေ။

(၂)

**ကြိုးစားကြပါစို့**

လူနတ်ပြဟ္မာ၊ သတ္တဝါတို့
များစွာကျိုးရ၊ ချမ်းသာလှသည့်
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်
ကြာရှည်တည်တံ့၊ ရှည်ခိုင်ခန့်၍
ပျံ့နှံ့တိုးပွား၊ ကျင့်သူများလျက်
ရငြားချမ်းသာ၊ ချမ်းမြေ့သာအောင်
ညီညာတို့များ၊ တာဝန်ထား
ကြိုးစားကြပါစို့။

(၃)

**ကြေးမုံပြင်တွင် တင်၍စစ်ဆေးပါ**

သန့်ရှင်းကြည်လင်၊ ကြေးမုံပြင်ဝယ်
သင့်သွင်ရုပ၊ လှမလှကို
နေ့ညမရွေး၊ ကြည့်စစ်ဆေး၍
ယင်ချေးမှဲ့ပြောက်၊ ဝက်ခြံပေါက်နှင့်
ညှင်းပြောက်တင်းတိတ်၊ ဖုအကျိတ်ကို
ဆေးသိပ်ပယ်ရှား၊ ပမာလားသို့
မြတ်ဖျားဗုဒ္ဓ၊ ဟောညွှန်ပြသည့်
ဓမ္မကြည်လင်၊ ကြေးမုံပြင်ဝယ်
သင့်သွင်မန၊ စိတ်အလှကို
နေ့ညမရွေး၊ တင်စစ်ဆေးလော့
ညစ်ကြေးကိလေ၊ တွေ့ခဲ့ပေသော်
ခြောက်ထွေနည်းဖြင့်၊ ပျောက်စေလွင့်မှ
မလင့်မကြာ၊ သင့်ခန္ဓာသည်
ချမ်းသာဖုံးလိမ့်၊ မှန်စွာတည်း။

(အံ-၃၊ ၃၂၉ သစိတ္တသုတ်ကို မှီးသည်။)

(၄)

**စိတ်မဲများကို ဖြူစင်စေသည့်နည်း**

**(၆) နည်း**

မဲသည့်စိတ်ကို၊ ဖြူစေလိုသော်
ထိုထိုအာရုံ၊ ညစ်မျိုးစုံနှင့်
မကြုံတွေ့စေ၊ မမွေ့စေဘဲ
ပြောင်းလေဖုံဖုံ၊ ကောင်းအာရုံတည့်
နုလုံပမို့၊ ဉာဏ်ချိန်ညှိလော့
ပို့ဘိမေတ္တာ၊ သမထာနှင့်
ပွားရာဝိပဿ်၊ နည်းခြောက်ရပ်တွင်
သင့်မြတ်ရာသုံး၊ ဖြူစင်ဖုံးသည်
သက်လုံးချမ်းသာလိမ့်မည်တည်း။

(၅)

**အချိန်ရွေးမနေနှင့်**

အိုဘယ့်လူသား၊ ငမိုက်သား
သင်ကား အဝိဇ္ဇာ၊ ပိတ်ဖုံးကာ၍
ငါးဖြာအာရုံ၊ ဒုက္ခပုံကို
အကုန်မမြင်၊ အကောင်းထင်ကာ
ခင်မင်တပ်မက်၊ တွယ်တာဖက်လျက်
အောက်ထက်သံသာ၊ စုန်ဆန်ကာဖြင့်
တဏှာလက်သယ်(သည်)၊ ထင်တိုင်းခြယ်၍
အေးတယ်မရှိ၊ ဆင်းရဲဖိသည်
ဝဋ်၏သားကောင်လုံးလုံးတည်း။
ဝဋ်၏သားကောင်၊ ဒုက္ခဘောင်မှ
လွတ်အောင်ရုန်း၍၊ ချမ်းသာတွေ့ဖို့
မမေ့ရုပ်နာမ်၊ ဖြစ်ပျက်ဟန်ကို
အမှန်ဉာဏ်ညှိ၊ ဖြစ်တိုင်းသိလော့
ဝီရိနှစ်တန်၊ ရှို့မြိုက်တံဖြင့်
ဆယ်တန်ကိလေ၊ လောင်ကျွမ်းကြေအောင်
မသေမနာ၊ မအိုပါခင်
တက်သုတ်နှင်လျက်၊ ဆောလျင်မြန်စွာ
ရှို့မြိုက်ပါလော့၊ နောင်ခါကာလ
ချိန်လွန်ရဟု၊ နောင်တ တကြီး
သင်မညည်းလင့်၊ လင်သားအိမ်ယာ
အဖြာဖြာကို၊ ငဲ့ကာဖင့်နွှေး
အချိန်ရွေးက
သေဘေးသင့်ကို ဦးလိမ်တည်း။

(၆)

**ကောင်းမှု**

ဘဝပေါင်းစု၊ သောင်းအထုတွင်
ကောင်းပြုကောင်းပြော၊ ကောင်းသဘောနှင့်
ကောင်းသောနှလုံး၊ တဖြောင့်သုံး၍
သက်လုံးစင်ဖြူ၊ ထိုသည့်သူကား
"ငါမူကောင်းမှု၊ အစုစုကို
ဆည်းပြုခဲ့မိ၊ ရတော်ဘိ" ဟု
မိမိပြုမူ၊ သန့်စင်ဖြူ၍
ပြစ်မြူမနှော၊ ဤသဘောကို
တွေးတောမိတိုင်း၊ ပီတိလှိုင်းဖြင့်
ယှက်သိုင်းရစ်လည်၊ ချမ်းမြေ့ကြည်လျက်
ဤသည်ဘဝ၊ နောင်ဘဝနှင့်
ဘဝဆက်ဆက်၊ သံသာစက်တွင်
စိတ်လက်ကြည်သာ၊ ရုပ်လန်းဖြာ၍
ချမ်းသာကောင်းကျိုး၊ ဒီရေတိုးသို့
ဖွံ့ဖြိုးကြီးကျယ်၊ ပွင့်လန်းကြွယ်သည်
ထက်ဝယ် နတ်ထံ စံဖို့တည်း။

(၇)

**မကောင်းမှု**

ဘဝစုစု၊ သံသာထုတွင်
အပြုအပြော၊ သဘောမဖြူ
ထိုသည့်သူကား "ငါမူမကောင်း
မှုအပေါင်းကို၊ ရင့်ညောင်းကြာရှည်
ပြုမိသည်မှာ၊ မှားခဲ့စွာ" ဟု
ကိုယ်ဟာကိုယ်ပြု၊ ပြစ်သောင်းထု၏
ညစ်ကျူဖြစ်တုံ၊ အိုးမလုံက
အအုံပွင့်ရာ၊ ဆိုပမာသို့
မသာနှလုံး၊ မရွှင်ပြုံးနိုင်
သောကလှိုင်လျက်၊ သည်းဆိုင်ကြေမွှ
ညှိုးတွေလျ၍၊ စိတ်ကမလန်း
ရုပ်ညှိုးနွမ်းလျက်၊ ပင်ပန်းရှိရှား
အောက်လမ်းသွားသည်
လေးပါးအပါယ်ဖြောင့်ဖြောင့်တည်း။

(၈)

**တရားအသိ မရှိသူ**

တရားအသိ၊ ဉာဏ်မရှိ၍
မပြည့်ဝရှာ၊ ထိုသူမှာကား
အိုနာသေရေး၊ ကုန်ပျက်ဘေးနှင့်
မပြေးရှောင်သာ၊ ကြုံတွေ့လာသော်
"ငါသာမက၊ များသတ္တလည်း
ဒုက္ခဤနည်း၊ တွေ့သည်ချည်းရှင့်
ငါတည်းပူဆွေး၊ ရှိုက်ငိုကြွေးက
မအေးရင်ထဲ၊ ပူလောင်ကဲ၍
အိပ်လဲမပျော်၊ စားသော်မဝင်
ရုပ်သွင်ညှိုးလျက်၊ လုပ်ခွင်ပျက်၍
နှစ်သက်သသူ၊ စိတ်ညှိုးပူလျက်

မုန်းသူဝမ်းသာ၊ ဖြစ်လိမ့်မှာ" ဟု
ပညာနှင့်ယှဉ်၊ မဆင်ခြင်ဘဲ
ပူပင်ပြင်းပြ၊ ညှိုးချုံးကျလျက်
သောကဆိပ်လူး၊ မြားဝင်စူးသည်
လိမ့်လူးပူလောင် ပြင်းပြင်းတည်း။
(အံ-၂၊ ၄၇-၅၅)

(၉)

**တရားအသိရှိသူ**

တရားအသိ၊ ဉာဏ်မြင်ရှိ၍
စုံပြည့်လေရာ၊ ထိုသူမှာကား
အိုနာသေရေး၊ ကုန်ပျက်ဘေးနှင့်
မပြေးရှောင်သာ၊ ကြုံတွေ့လာသော်
"ငါသာမက၊ များသတ္တလည်း
ဒုက္ခဉ်နည်း၊ တွေ့သည်ချည်းရှင့်
ငါတည်းပူဆွေး၊ ရှိုက်ငိုကြွေးက
မအေးရင်ထဲ ပူလောင်ကဲ၍
အိပ်လဲမပျော်၊ စားသော်မဝင်
ရုပ်သွင်ညှိုးလျက်၊ လုပ်ခွင်ပျက်၍
နှစ်သက်သသူ၊ စိတ်ညှိုးပူလျက်
မုန်းသူဝမ်းသာ၊ ဖြစ်လိမ့်မှာ" ဟု
ပညာနှင့်ယှဉ်၊ ရှုဆင်ခြင်၍
ပူပင်လုံးဝ ကင်းစင်ပလျက်
သောကဆိပ်လူး၊ မြားမစူးသည်
ရွှင်မြူးချမ်းငြိမ့်အေးအေးတည်း။
(အံ-၂၊ ၄၇-၅၅)

(၁၀)

**ရှင်ရာဟုလာကိုပေးတဲ့ ဩဝါဒ**

**အပြု (ကာယကံ)**

ပြုမည်ကြံလဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိ သူတစ်ပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ
မမှား ရှောင်ကြဉ်ပါ။
ပြုဆဲမှာလဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အပြုများ
မမှားရှောင်ကြဉ်ပါ။
ပြုပြီးပြန်လဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အပြုများ
မမှားရှောင်ကြဉ်ပါ။

**အပြော (ဝစီကံ)**

ပြောမည်ကြံလဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြောများ
မမှား ရှောင်ကြဉ်ပါ။
ပြောဆဲမှာလဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိသလဲ။
ထိခိုက်နိုင်ငြား၊ အပြောများ
မမှားရှောင်ကြဉ်ပါ။
ပြောပြီးပြန်လဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊ အပြောများ
မမှားရှောင်ကြဉ်ပါ။

**မနောကံ**

တွေးမည်ကြံလဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အတွေးများ
မမှားရှောင်ကြဉ်ပါ။
တွေးဆဲမှာလဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိသလဲ၊
ထိခိုက်နိုင်ငြား၊ အတွေးများ
မမှားရှောင်ကြဉ်ပါ။
တွေးပြီးပြန်လဲ၊ သင့်စိတ်ထဲ
အမြဲဆင်ခြင်ပါ။
မိမိသူတပါး၊ နှစ်ဦးသား
ဘယ်သူ့များ ထိပြီလဲ။
ထိခိုက်နိုင်ငြား၊အတွေးများ
မမှားရှောင်ကြဉ်ပါ။

**ကြည်လွင်**

---

**စာမျက်နှာ ၂၇ မှ**

မဟောပြောလျှင် စာအုပ်ထဲဝပ်နေမည်၊ ဗီရိုကြီးတွေထဲအောင်းနေမည်၊ ကိုးကွယ်ဆည်းကပ်သူတွေ၏ နားထဲ၊ မျက်လုံး ထဲ၊ လက်ထဲ၊ စိတ်နှလုံးထဲ ရောက်အောင် သံဃာတော်တွေက ဟောပြသမှု ကျေးဇူးပြုနေပေသည်။ ရတနာ သုံးပါးတွေလျှင် လက်အုပ်ချီခြင်း၊ ဒူးတုပ်ခြင်း၊ အရိုသေ ပေးခြင်း ဟူသော (သက္ကစ္စဂါရဝ) ကုသိုလ်ဖြစ်အောင် သံဃာတော်တွေက ဟောပြောပေးကြသည်။ ထိုကုသိုလ် ကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ အမျိုးမြတ်ခြင်း၊ ဆွေကြီး မျိုးကြီး၌ ဖြစ်ရခြင်း၊ မင်းမျိုး၊ သူဌေးသူကြွယ်မျိုး၌ ဖြစ်ရခြင်း ဟူသော အကျိုးတရားများ ရရှိနိုင်ကြောင်းကို လည်း သံဃာတော်တွေက ဟောပြောပေးကြသည်။ ထို့ပြင် ရှေးသူတော်ကောင်းကြီးတွေ လက်အုပ်ချီသကဲ့သို့ လက်အုပ်ချီတတ်အောင်၊ ရှေးသူတော် ကောင်းကြီးတွေလို လှူဒါန်းတတ်အောင်၊ သူတော်ကောင်းတရားတွေ ကျင့်တတ်အောင် သံဃာတော် တွေက ဟောပြောပြသ ပေးနေသည်။ ဒို့မကျင့်နိုင်တဲ့အကျင့်တွေကို သံဃာ တော်တွေ ကျင့်နေကြ သည်ဟုလည်း သံဃာရတနာ အပေါ်မှာ ယုံကြည်နေလျှင် သဒ္ဓါဒါနဖြစ်ပေတော့သည်။ "လှူဒါန်းဖော် တောင် မရဘူး၊ ပစ္စည်းရှိရက်နဲ့ နှမြောနေတာ၊ ဆွမ်းလောင်းဖော်တောင်မရဘူး " စသည်ဖြင့် သူတစ်ပါး ကဲ့ရဲ့ခံရမှာကြောက်၍ လှူခြင်းမျိုးကား သဒ္ဓါဒါနမဟုတ်၊ ဘယဒါနဟုခေါ်ပေသည်။ ( ဘယ- ကြောက်၍၊ ဒါန- ပေးလှူခြင်း) "လှူဒါန်းလိုက်တာ၊ သိပ်တော်တာပဲ၊ သူတော်ကောင်းပဲ" စသည်ဖြင့် ချီးမွမ်း ခံချင်၍ လှူခြင်းမျိုးလည်းရှိတတ်သေး၏၊ ထိုသူမျိုးကား မဂ်ဖိုလ်နိဗ္ဗာန်လည်းမမှန်း၊ ကောင်းသောအလုပ်၊ သူတော်ကောင်းကြီးတွေ ပြုလုပ်သောအလုပ်ဟုလည်း နားမလည်၊ သူတစ်ပါးချီးမွမ်းခံချင်ရုံသက်သက်နှင့် မဏ္ဍပ်ထိုးပြီး လှူခြင်းမျိုးတည်း။ သူတစ်ပါးချီးမွမ်း ခံချင်မှုကား လောဘအကုသိုလ်တည်း။ သူတစ်ပါးကဲ့ရဲ့ ခံရမှာကြောက်ခြင်းကား ဒေါသအကုသိုလ်တည်း၊ ထိုလောဘ ဒေါသတို့သည် ကြည်လင်သော တရား မဟုတ်၊ အမည်းဓာတ် အညစ်ဓာတ်၊ အပေဓာတ်တရား တို့သာတည်း။ သဒ္ဓါဒါန၏ သဘောကား သူတစ်ပါးက ကဲ့ရဲ့သည်ဖြစ်စေ၊ ချီးမွမ်းသည်ဖြစ်စေ အဓိကမထား၊ လုပ်သင့်သောအလုပ်၊ သူတော်ကောင်းကြီးတွေ လုပ်သော အလုပ်၊ ဤအကျင့်မျိုးကိုကျင့်ပြီး သူတော်ကောင်းကြီးတို့သည် လူ့ရွာ နတ်ထံချမ်းသာ စံလျက် မဂ်ဖိုလ်နိဗ္ဗာန် စခန်းကို တက်လှမ်းတော်မူသွားကြသည်။ ဒါနဟူသည် လုပ်သင့်သောတရား၊ လုပ်ထိုက်သောတရားဟု ယုံကြည်ချက်အပြည့်အဝဖြင့် လှူခြင်းမျိုးတည်း။

(ဆက်လက်ဖော်ပြပါမည်။)

အရှင်သီလာစာရ(ဖားကန့်)

# အသိပညာမဲ့သောအခါ

**ဇော်နောင်**



* ရှေးသရောအခါ ပြည်ဗာရာ၊
ဗြဟ္မဒတ်မင်း မင်းပြုခါ၊
ဗုဒ္ဓလောင်းလျာ ဖြစ်တည်ငြား၊
ပညာရှိ ယောကျ်ား။

* တစ်နေ့သား၌ ပြည်ဗာရာ၊
နက္ခတ်ပွဲသဘင် ဆင်နွှဲကာ၊
ဝင်ရောက်ပါဝင် ပျော်မဆုံး၊
ဗာရာမြို့အလုံး။

* အုန်းအုန်းကျွက်ကျွက်ညံလေလျှင်၊
ဥယျာဉ်မှူးလည်း ဆင်နွှဲချင်၊
သည်အခါတွင် အကြံရ၊
မျောက်ကြီးမှူးကိုစော်သမဗျ။

* လာပါဦးဟ ငါ့ကောင်ရာ၊
နက္ခတ်ပွဲသဘင် ငါသွားမှာ၊
သည်အခါ မင်းစောင့်ကြပ်၊
ဥယျာဉ်ကြီးကိုအပ်။

* ယုံမှတ်ပြီးတော့ ထိုသူမှာ၊
ရေပုန်းရေအိုး အကုန်အပ်ကာ၊
စိတ်ချစွာ မြို့ကိုသွား၊
နက္ခတ်သဘင်ကစား။

* မျောက်ငယ်သားများ စိုက်ခင်းတွင်၊
ရေလောင်းကြဖို့အသင့်ပြင်၊
သည်အခါတွင် မျောက်ကြီးက
မိန့်ခွန်းချွေကာသ။

* ရေလောင်းကြတဲ့အခါမှာ၊
ရေကိုမဖြုန်းရာ၊
လိုသလောက်သာ မျောက်အပေါင်း
ရေကိုချွေတာလောင်း။

* သို့အကြောင်းကြောင့်သူမိန့်မှာ၊
မင်းတို့ရေလောင်းကြတဲ့အခါ၊
နှုတ်ကြည့်ပါ သူ့အမြစ်၊
ရှည်-တို ထိုအဖြစ်။

* အမြစ်ရှည်တဲ့ထိုအပင်၊
ရေကိုများများ လောင်းစေချင်၊
အမြစ်တိုတဲ့ အပင်ကျ၊
ရေနည်းနည်းလောင်းဟ။

* ဆုံးမညွှန်ကြား ထိုမျောက်အို၊
မျောက်ငယ်တွေက လုပ်သကို၊
အမြစ်ရှည်တို နှုတ်ကာကြည့်၊
ပြီးမှ ရေလောင်း၏။

* အခင်းဖြစ်သည့် ထိုနေရာ၊
ပညာရှိတစ်ယောက် ရောက်လို့လာ၊
ဘာဖြစ်ပါလိမ့် အမြင်ဆန်း၊
မျောက်တွေကိုစုံစမ်း။

* မေးမြန်းကြည့်မှဖြစ်ကုန်စင်၊
ပညာရှိကြီးသိရလျှင်၊
ဤသို့လျှင် ပြောတကား၊
ဆိုဆုံးမစကား။

* ပညာမဲ့ငြား ထိုသူလျှင်၊
အကျိုးစီးပွားပြုရာတွင်၊
အကျိုးမထင် အချည်းနှီး၊
အကျိုးမဲ့အကြောင်းတည်း။

**အတိတ်၏ ပုံရိပ်**

ယခုတင်ဆက်တဲ့ 'အာရာမဒူသက' ဇာတ်ကို မြတ်စွာဘုရားရှင်သည် ကောသလ မည်သော ရွာငယ်တစ်ခု၌ သီတင်းသုံးစဉ် ဥယျာဉ်ကို ဖျက်ဆီးသော လူငယ်တစ်ဦးကို အကြောင်းပြု၍ဟောကြားတော်မူခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ကောသလတိုင်း၌ ခရီးလှည့်လည်ကြွချီတော်မူစဉ် ရွာငယ်တစ်ခုသို့ ရောက်ရှိသည်။ ထိုရွာမှာ 'ကောသလ' မည်သော ရွာဖြစ်ပါသည်။ ထိုအခါ ထိုရွာရှိ သူကြွယ်တစ်ယောက်သည် မြတ်စွာဘုရားကို ဖိတ်ကြား၍ မိမိ၏ ဥယျာဉ်နေရာ၌ သီတင်းသုံးစေပါသည်။ ဘုရားနှင့်တကွသော ရဟန်းသံဃာတော်အပေါင်းကို အလှူပေးသည့်အပြင် "အရှင်ဘုရားတို့ ဤဥယျာဉ်၌ အလိုရှိသလောက် သီတင်းသုံးတော်မူပါဟု လျှောက်ထားသည်။

ထို့ကြောင့် ရဟန်းတို့သည် ဥယျာဉ်မှူးတို့ကိုခေါ်ကာ ဥယျာဉ်ကို လှည့်ပတ်ကြည့်ရှုကြ၏။ ဤတွင် ကွက်လပ်တစ်ခုဖြစ်နေသော မြေပြင်ကို မြင်၍ ဥယျာဉ်မှူးကိုမေး၏။

"ဤဥယျာဉ်၌ နေရာအသီးသီးတွင် ကွက်လပ်မရှိ အပင်ကြီး အပင်ငယ်တို့ဖြင့် ပြည့်၏။ ယခု ဤနေရာကား ဘာကြောင့်ထူးထူးခြားခြား အပင်ကြီးအပင်ငယ်တစ်ပင်မျှ မရှိဖြစ်နေရသနည်း" ထိုအခါ ရဟန်းတို့ကို ဥယျာဉ်မှူးက ယခုကဲ့သို့ ပြန်လည်၍ လျှောက်ထားပါသည်။

"အရှင်ဘုရာတို့ ယခုဥယျာဉ်ကို စတင်ပြုစုပျိုးထောင်သော ကာလက ရွာသားလူငယ်တစ်ယောက်ကို ဤနေရာရှိ အပင်ငယ်တို့ကို ရေလောင်းခိုင်းပါသည်။ ထိုလူငယ်သည် ရေလောင်းသည့်အခါတိုင်း အပင်တို့ကို နှုတ်ယူကာ အမြစ်တို့၏ အရှည်အတိုကိုကြည့်၍ ရေလောင်းခြင်းပြုခဲ့သည်။ ထို့ကြောင့် ယခု ကွက်လပ်ရှိအပင်တို့သည် ညှိုးခြုံးကာ အားလုံးပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် ယခုမြင်ရသော မြေအပြင်သည် အပင်ကြီးလည်းမရှိ၊ အပင်ငယ်လည်းကင်း၊ မြေတလင်းသက်သက်ဖြစ်၍နေရကြောင်းပါ အရှင်ဘုရား"

ထိုအခါ ရဟန်းတို့က ဤအကြောင်းကို မြတ်စွာဘုရားရှင်အား ပြန်လည်လျှောက်ကြားပါသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတို့၏ လျှောက်ထားချက်ကို နားထောင်တော်မူပြီးသောအခါ ရဟန်းတို့ ဖျက်ဆီးသည်မဟုတ်။ ရှေးကလည်း ထိုသို့ပြုခဲ့ဖူးသည်သာဖြစ်သည်ဟု မိန့်ကြားကာ အတိတ်ကိုဆောင်သောအားဖြင့် ယခုတင်ဆက်သော 'အာရာမဒူသက' ဇာတ်ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

**ဇော်နောင်**

**ကျမ်းကိုး**

**'အာရာမဒူသက' ဇာတ်၊**
**ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်**
**ညောင်ကန်ဆရာတော်ဘုရား။**

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

ဓမ္မဝီရဂျာနယ်

DhammaVira Journal

ဓမ္မဝီရ
ရသအမှန်၊ တရားမှန်သာ
အားခွန်ပြည့်ဖ၊ နှလုံးလှ၍
ဘဝအနေ၊ အလှဝေလျက်
အနေလည်းတတ်
အသေမြတ်အောင်
မစွတ်ဆောက်ပံ့၊ ကူညီအံ့။
ဖော်နှောင်

International Religious network media NEWS

The Truth is Unbelievable

# A Momemtous Meeting gives Reel Life to Extraordinary Monk

# ထူးခြားဆန်းကြယ်သော ရဟန်းတော်တစ်ပါး၏ ဘဝနက်ရှိုင်းမှုကို ထင်ဟပ် ဖော်ပြခြင်း။

**By Kumudini Hettiarachchi, Sunday Times (Sri Lanka), May 3, 2009**

**TRANSLATED Into Myanmar language**
**By Dhamma Vira Thandar, ITBM University, Yangon.**

ဓမ္မဝီရ- သန္တာ ပြန်ဆိုတင်ပြသည်။

**An encounter between an artist and Venerable Bhikkhu Sumedha gives rise to a film 'The Truth is Un believable'.**

အနုပညာရှင်တစ်ယောက်နှင့် ရဟန်းတော် ဘိက္ခုသုမေဓာ အရှင်မြတ်တို့ အမှတ်မထင်ဆုံတွေ့ခဲ့ကြရာမှ "ထူးထွေဆန်းပြား အံ့သြဖွယ်ရာ သစ္စာတရား" အမည်ရှိ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားကို တင်ဆက်ပြသနိုင်ခဲ့လေသည်။


**Colombo, Sri Lanka**- Their paths were not meant to cross until 20 days before his passing away, although many were the times she attempted to contact him.

**ကိုလန်ဘိုမြို့ သီရိလင်္ကာနိုင်ငံ**- ဘိက္ခုသုမေဓာအရှင်မြတ်နှင့် သူ၏ ဆုံစည်းမှုလမ်းကြောင်းမှာ ရဟန်းတော်သုမေဓာပျံလွန်တော်မမူမီ ရက် ၂၀ တိတိ နိုင်ငံအနှံ့ဖြတ်သန်းခဲ့ပြီးသည့်အချိန်ပိုင်းအတွင်းတွင် လုံးဝမျှော်လင့်ထင်မှတ်မထားဘဲ ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။ ထိုသည့်နောက်ရက်များတွင်လည်း သူမသည် ဘိက္ခုသုမေဓာအား ထပ်မံဆုံတွေ့နိုင်ခွင့်ရရန် အချိန်အတော်ကြာကြာ ကြိုးပမ်းခဲ့ရှာသေးသည်။

The one and only meeting that did take place "at the right time" in a bare and humble cave up in the hills of Getambe in 2006, lasted from dawn to dusk, though he was very feeble and frail having had no solids for three weeks and no water for 10 days because "he had a problem with his throat and lungs and found it difficult to swallow"

စတင်ဆုံစည်းတွေ့ရှိခဲ့ကြစဉ်က တစ်ယောက်ချင်း အချိန်ကိုက်တွေ့ဆုံကြရပြီး၊ ရဟန်းတော်မှာ ကိုယ်ရုံသင်္ကန်းကို ခြုံလွှမ်းတော်မမူပဲ လွတ်လပ်ပေါ့ပါးစွာဖြင့် လက်ခံတွေ့ဆုံတော်မူသည်။ ဤသို့တွေ့ဆုံကြသောနေရာဌာနမှာ လူသူအရောက်အပေါက်နည်းပါးသည့် ဂက်တင်ဘီတောင်တန်းပေါ်ရှိ လိုဏ်ဂူငယ်တစ်လုံးတွင် ၂၀၀၆ ခုနှစ်က တွေ့ဆုံခဲ့ကြရခြင်းဖြစ်၏။

ထိုသို့တွေ့ဆုံခွင့်ရရှိကြသော်လည်း ထိုစဉ်က ရဟန်းတော်မှာ အားနည်းလွန်းပြီး အသားအရေဖြူဖတ်ဖြူရော်ဖြင့် အားအင်ကုန်ခမ်းချိနဲ့နေသည့် အဖြစ်နှင့် တွေ့ဆုံကြရခြင်းဖြစ်သည်။ ဆွမ်းစသည်ကဲ့သို့ အမာအစာ အဟာရများ မဘုဉ်းပေးမသုံးဆောင်နိုင်သည်မှာ ရက်သတ္တပတ် ၃ ပတ်ရှိပြီး၊ ရေကိုပင် မသောက်နိုင်သည်မှာ ၁၀ ရက်ခန့်ရှိပြီဆိုသည်။



အဘယ်ကြောင့် ဤကဲ့သို့ အစာရေစာ မစားနိုင်မသောက်နိုင်လောက်အောင် ဖြစ်နေရပါသနည်းဆိုသော်၊ ၎င်းရဟန်းတော်ကြီး၏ လည်ချောင်းနှင့် အဆုတ်တို့တွင် အစာရေစာကို လက်ခံမျိုမချနိုင်အောင် ရောဂါဖြစ်နေသောကြောင့်ဟု ဆိုလေသည်။

That single defining moment has yielded not noly a very moving exhibition but also a meaningful film for posterity.

အလွန်တိုတောင်းသည့် အချိန်ကာလခဏတာအတွင်းတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝအဖြစ်သနစ်ကို ထင်ဟတ်တင်ပြကြရာ၌၊ အကျိုးအမြတ်ရလဒ်များထွက်ပေါ်ရရှိနိုင်မည်မဟုတ်သော်လည်း၊ နောင်အနာဂတ်သားစဉ်မြေးဆက်လူသားမျိုးနွယ်ဆက်များအတွက် လွန်စွာ အဓိပ္ပာယ်လေးနက်မှုများဖြင့် တင်းကြမ်းပြည့်နှက်လျက်ရှိသော မော်ကွန်းတင် ရုပ်ရှင်ကားကြီးတစ်ကားအဖြစ် တင်ဆက်ပြသနိုင်မည်ဖြစ်သည်။

As Sri Lanka celebrates the thrice-blessed day of the birth, attainment of enlightenment and passing away of Lord Buddha, audiences here will be able to witness not only the life and times of a man who cast aside worldly pleasures to follow in the footsteps of the Master but also messages and links between Buddhism and the modern world.

● စာမျက်နှာ ၂၃ သို့